# ကော်သူးလေ အစိုးရသစ်တောအက်ဥပဒေ
# နှင့် နည်းဥပဒေပြဋ္ဌာန်းချက်

ဗဟိုသစ်တောဌာန
ကရင်အမျိုးသားအစည်းအရုံး
၂၀၁၂ ခုနှစ်

# ကေအဲန်ယူ(ဗဟို)၊ သစ်တောဌာနတာဝန်ခံ၏ နိဒါန်းစကား

ဤကော်သူးလေအစိုးရသစ်တောအက်ဥပဒေနှင့် နည်းဥပဒေကို(၁၉၇၄)ခုနှစ်၊ ကေအဲန်ယူ–ကရင်အမျိုးသားအစည်းအရုံးကွန်ကရက်တွင် မူကြမ်းအဖြစ်အတည်ပြု ပြဌာန်းထားရာမှ ယနေ့အထိ အဆိုပါပြဌာန်းထားသည့် အက်ဥပဒေနှင့် နည်းဥပဒေများအတိုင်း(၃၇)နှစ်တိုင် ကော်သူးလေသစ်တောဌာနမှလိုက်နာကျင့်သုံး ဆောင်ရွက်နေလျက်ရှိသည်။

ထိုသို့ လိုက်နာကျင့်သုံးဆောင်ရွက်လာရာ၌ မိမိတို့၏လူထုအခြေအနေ၊ နယ်မြေအခြေအနေနှင့် တော်လှန်ရေးအခြေအနေအရပ်ရပ် ပြောင်းလဲဖြစ်ပေါ်လာနေမှုကြောင့် (၂၀၁၀)ခုနှစ်၊ စက်တင်ဘာလ(၁)ရက်မှ (၉)ရက်နေ့အထိ ကေအဲန်ယူဗဟိုသစ်တောဌာနနှင့် ခရိုင်သစ်တောဌာနမှူးများ ပါဝင်သောအစည်းအဝေးတစ်ရပ်တွင် ကော်သူးလေအစိုးရသစ်တောအက်ဥပဒေနှင့်နည်းဥပဒေပြဌာန်းချက်များကို အပြန်အလှန်ပြန်လည် သုံးသပ်ဆွေးနွေးပြီးဖြစ်ပေါ် ပြောင်းလဲလာသည့်အခြေအနေများနှင့်လိုက်လျောညီထွေမှုရှိစေရန် အတည်ပြုပြဌာန်းချက်ပါ အက်ဥပဒေနှင့် နည်းဥပဒေများကို ပြင်ဆင်ဖြည့်စွက်ခြင်းများ ပြုလုပ်ဆောင်ရွက်ခဲ့ပါသည်။

ဤပြင်ဆင်ဖြည့်စွက်ပြီးစီးသည့် ကော်သူးလေသစ်တောအက်ဥပဒေနှင့် နည်းဥပဒေများအတိုင်း ကျင့်သုံးလိုက်နာဆောင်ရွက်ကြမည်ဆိုပါက မလိုလားအပ်သောသစ်တောဆုံးရှုံးပြုန်းတီးမှုများ၊သစ်တောပြစ်မှုများကို ကာကွယ်ထိန်းသိမ်းနိုင်မည်ဖြစ်ပြီး၊ ပြည်သူလူထုတစ်ရပ်လုံးမှလည်း ဥပဒေများကိုလေးစား လိုက်နာကာ တာဝန်ရှိသစ်တောဌာနအမှုထမ်းများမှလည်း တာဝန်သိစွာဖြင့်ပေးအပ်ထားသောတာဝန်ဝတ္တရား များကို ကျေပွန်စွာထမ်းဆောင်ရန် အထူးလိုအပ်ပါသည်။

(စောအားတိုး)
သစ်တောဌာနတာဝန်ခံ
ဗဟိုဌာနချုပ်
ကေအဲန်ယူ–ကရင်အမျိုးသားအစည်းအရုံး

# မာတိကာ

**အကြောင်းအရာ** **စာမျက်နှာ**


□ နိဒါန်း ........................................................................................ ၁

**အခန်း (၁) အက်ဥပဒေ၊ အာဏာသက်ရောက်သည့်ဒေသ၊ စတင်သည့်နေ့** ............................ ၁၁

– အဓိပ္ပါယ်ဖော်ပြချက်များ ........................................................................ ၁၁

**အခန်း (၂) သစ်တောကြိုးဝိုင်း** (RESERVED FOREST) ...................................................... ၁၃

– သစ်တောကြိုးဝိုင်းကို သတ်မှတ်ရန် လုပ်ဆောင်ချက်များ။ ........................ ၁၃

– သစ်တောကြိုးဝိုင်းအဖြစ် သတ်မှတ်ရန်အဆိုကိုနယ်မြေအစိုးရက ထုတ်ပြန်ကြေငြာခြင်း။ .......................................................................... ၁၃

– သစ်တောနေရာချထားခြင်း အရာရှိ၏ ထုတ်ဖော်ကြေငြာချက်။ .................... ၁၃

– ကြေငြာချက်ထုတ်ပြန်ပြီးနောက် တားမြစ်ချက်များ။ ................................ ၁၄

– သစ်တောနေရာချထားရေး အရာရှိ၏ စုံစမ်းစစ်ဆေးခြင်း။ ........................ ၁၄

– သစ်တောကြိုးဝိုင်းအဖြစ် သတ်မှတ်ခြင်းမပြုမီ အခွင့်အရေးများကို နေရာချထားပေးခြင်း။ .................................................................... ၁၄

– သစ်တောနေရာချထားရေး အရာရှိ၏အာဏာ။ .................................. ၁၅

– ရွှေ့ပြောင်းစိုက်ပျိုးရေးနှင့် ပတ်သက်သော တောင်းဆိုချက်များကို ကိုင်တွယ်ဆောင်ရွက်ခြင်း။ ............................................................ ၁၅

– ဖြတ်သန်းသွားလာခွင့်၊ ရေစီးလမ်းကြောင်း (သို့) သစ်တောထွက် ပစ္စည်း ရယူခွင့်ကိစ္စ။ ................................................................ ၁၆

– တောစားကျက်ပြုခွင့် ၊သစ်တောထွက်ပစ္စည်းရယူခွင့် ပေးခြင်းကိစ္စ။ .................. ၁၆

– အခြားတောင်းဆိုချက်များနှင့် ပတ်သက်သည့်အမိန့်။ ................................ ၁၇

– အယူခံဝင်ခြင်း။ ..................................................................... ၁၇

– အယူခံတင်ခြင်းနှင့် ကြားနာစစ်ဆေးခြင်း။........................................... ၁၈

– နယ်မြေအရာရှိ၏ ပြန်လည်စီစစ်လေ့လာခြင်း။ ........................................ ၁၈

– သစ်တောကြိုးဝိုင်းအဖြစ် အဆိုတင်သွင်းချက်ကို ရပ်ဆိုင်းပယ်ဖျက်ခြင်း။............. ၁၈

– သစ်တောကြိုးဝိုင်းဖြစ်ခြင်း၏ အာဏာလုပ်ပိုင်ခွင့်များနှင့် တာဝန်များ။................ ၁၈

– တောင်းဆိုခြင်းမရှိသည့် အခွင့်အရေးများ ဆုံးရှုံးရပ်ဆိုင်းခြင်း။....................... ၁၈

– အမိန့်ထုတ်ပြန်ကြေငြာချက်ကို ယင်းသစ်တောအနီးအနားပတ်ဝန်းကျင်၌ ထုတ်ပြန်ကြေငြာခြင်း။................................................................ ၁၉

– သစ်တောနေရာချထားရေး အရာရှိ၏ စီစဉ်လုပ်ဆောင်ချက်တို့ကို ပြန်လည်ဆန်းစစ်ရန် နယ်မြေအစိုးရ၏ အာဏာ။ .................................... ၁၉

– ရွှေ့ပြောင်းစိုက်ပျိုးခွင့်ကို ပယ်ဖျက်ခြင်း။ .............................................. ၁၉
– သစ်တောကြိုးဝိုင်းနှင့်ပတ်သက်သည့် အခွင့်အရေးရယူခြင်း။ ........................ ၂၀
– သစ်တောထွက်ပစ္စည်းနှင့် တိရစ္ဆာန်စားကျက် ပြုလုပ်ခြင်း အခွင့်အရေးနှင့်
ပတ်သက်သည့် စည်းကမ်းကန့်သတ်ချက်။ ......................................... ၂၀
– သစ်တောကြိုးဝိုင်းအတွင်းဖြတ်သန်းခွင့်၊ ရေလမ်းများပြုလုပ်
ခွင့်တို့ကို တားဆီးပိတ်ပင်နိုင်သည့်အာဏာ။ ...................................... ၂၀
– သစ်တောကြိုးဝိုင်းအတွင်း ၊တားမြစ်ထားသည့်လုပ်ရပ်များ။ ...................... ၂၀
– သစ်တောကြိုးဝိုင်းအနီး မီးရှို့ခြင်းအမှုကို အရေးယူခြင်း။ .......................... ၂၁
– ပုဒ်မ ၂၅၊၂၆၊၅၂ နှင့် ၅၃ တို့မှ ကင်းလွတ်စေသည့် လုပ်ရပ်များ။ .................. ၂၁
– သစ်တောတစ်ခုကို သစ်တောကြိုးဝိုင်းအဖြစ်မှ ရပ်စဲကြောင်း
ကြေငြာသည့်အာဏာ။ ........................................................................ ၂၂
– သစ်တောကြိုးဝိုင်းအဖြစ် ရပ်စဲခြင်း။................................................. ၂၂

**အခန်း (၃) အစိုးရပိုင်သစ်ပင်များ။** ........................................................................ ၂၂
– သစ်တောများနှင့် သစ်တောထွက်ပစ္စည်းများအတွက် အထွေထွေ
စောင့်ရှောက်ထိန်းသိမ်းခြင်း။........................................................ ၂၂
– အစိုးရပိုင်သစ်ပင်များ ထိန်းသိမ်းကာကွယ်ခြင်း။ .................................. ၂၂
– သစ်တောထွက်ပစ္စည်းများအတွက် အခွန်ပေးဆောင်ခြင်း။ ....................... ၂၂
– ကြိုးပြင်တော ထိန်းသိမ်းကာကွယ်ရန်အတွက် စည်းမျဉ်းများ
ရေးဆွဲရန်အာဏာ။ ............................................................................ ၂၃
– ပြစ်ဒဏ်ကို စည်းမျဉ်းနှင့်တွဲလျက် ပေးနိုင်သည့်အာဏာ။ ......................... ၂၃
– ဤအခန်းတွင်ပါရှိသောပုဒ်မများ၊ အချို့သောလုပ်ဆောင်ချက်
များကိုတားဆီးပိတ်ပင်ခြင်း။ ............................................................ ၂၃

**အခန်း (၄) သစ်တောထွက်ပစ္စည်းများအတွက်အခွန်သတ်မှတ်ရန်အာဏာ၏**.......................... ၂၄
– သစ်တောထွက်ပစ္စည်းများအပေါ် အခွန်များ။........................................ ၂၄
– အတ္တရံမြစ်အတွင်း မျှောဆင်းလာသော သစ်အချို့အတွက် အခွန်။................ ၂၄
– သစ်တောထွက်စ္စည်းကို အခွန်ကောက်ခံခြင်းမှ ကင်းလွတ်ခြင်း အာဏာ။ ........ ၂၄

**အခန်း (၅) သစ်တောထွက်ပစ္စည်းသယ်ယူရေးလုပ်ငန်းအတွက် စည်းမျဉ်း**
**လုပ်ပိုင်ခွင့်အာဏာ။** ................................................................ ၂၅
– သစ်တောထွက်ပစ္စည်းကိုသယ်ယူရေးအတွက် အထွေထွေထိန်းသိမ်းခြင်း။........ ၂၆
– စည်းမျဉ်းနှင့်တွဲဖက်သော ပြစ်ဒဏ်ပေးနိုင်သည့်အာဏာ။ ........................ ၂၆
– ခိုင်လုံသော အထောက်အထားမရှိသည့် အချို့သော သစ်များကို
အစိုးရပိုင်ပစ္စည်းအဖြစ် မှတ်ယူခြင်း။ ............................................... ၂၆
– မျှောသစ်များ၊ သောင်တင်သစ်များနှင့် အခြားသစ်များကို စုဆောင်းခြင်း။ ........ ၂၆

– ပုဒ်မ–၃၈–အရ၊ စုဆောင်းထားသည့်သစ်များကို တောင်းဆိုရန်
ထုတ်ပြန်ကြေငြာခြင်း။........................................................... ၂၇
– တောင်းဆိုထားသည့် သစ်များအတွက် လုပ်ဆောင်ချက်များ။..................... ၂၇
– တောင်းဆိုခြင်းမရှိသော သစ်များအတွက် အစီအစဉ်။ .......................... ၂၈
– သစ်များကို ပြန်လည်ပေးအပ်ခြင်းမပြုမီ တောင်းဆိုသူများပေးရန် ရှိသည့်ကိစ္စ။... ၂၈
– သစ်များဆယ်တင်ခြင်း စသည့်လုပ်ငန်းများအတွက် စည်းမျဉ်းများ
ပြုလုပ်နိုင်သည့်အာဏာ။ ...................................................... ၂၈
– စည်းမျဉ်းနှင့်တွက်ဖက်သော ပြစ်ဒဏ် ပေးခြင်းအာဏာ။ ........................ ၂၉

**အခန်း (၆) ပြစ်ဒဏ်များနှင့် အရေးယူပုံ** ............................................................... ၂၉

**ပြည်စောင့်ရဲ(ပၢႉကီႈ-KNPT) ၏အာဏာများနှင့်ပစ္စည်း**
**များကို ကာကွယ်ထိန်းသိမ်းခြင်းနှင့်ဖမ်းဆီးခြင်း၏**....................................... ၂၉
– ဝရမ်းမပါဘဲ ဖမ်းဆီးနိုင်သည့်အာဏာ။................................................ ၂၉
– အစိုးပိုင်ပစ္စည်းအဖြစ် ပစ္စည်းများကိုသိမ်းယူခြင်း။.................................. ၃၀
– သစ်တောကြိုးဝိုင်းအတွင်း ကျူးလွန်ရောက်ရှိနေသော ကျွဲနွား
တိရစ္ဆာန်များကို ဖမ်းဆီးနိုင်သည့်အာဏာ။........................................ ၃၀
– အကြောင်းကြားခြင်း ၊တိုင်ကြားခြင်းနှင့် ကူညီခြင်းအတွက်၊ ဆောင်ရွက်ရန်
တာဝန်ရှိသူများ။.................................................................. ၃၀
– အခွန်အကောက်ရုံးတွင်ဖြစ်ပေါ်လာသော မတော်တဆဖြစ်ရပ် များအတွက်
ကူညီရမည့်သူများ။.............................................................. ၃၁
– အစိုးရနှင့်ဆိုင်သော သစ်တောထွက်ပစ္စည်းများအဖြစ် ဦးစား
ပေးယူဆမည်ဖြစ်ကြောင်း။........................................................ ၃၁
– သက်သေအထောက်အထားနှင့် သက်ဆိုင်သည့် အထူးစည်းမျဉ်း များ။ .......... ၃၁
– ရာဇဝတ်မှုအဖြစ် လက်ခံအရေးယူနိုင်သည့် သစ်တောအရာရှိ၏
မှတ်တမ်းတင်ထားသော သက်သေအထောက်အထား။ ........................ ၃၁
**ပြစ်ဒဏ်များ** ...................................................................... ၃၁
– သစ်တောကြိုးဝိုင်းအတွင်း ၊ ကျူးလွန်ခြင်း (သို့) ဖျက်ဆီးခြင်းများ
အတွက်အပြစ်ဒဏ်။ .............................................................. ၃၁
– သစ်တောကြိုးဝိုင်းအတွင်း အခြားပြစ်မှုများအတွက် အပြစ်ဒဏ် ပေးခြင်း။ ....... ၃၂
– သစ်တောကြိုးဝိုင်းအတွင်း၊ အခွင့်အရေးရရှိထားသူအား၊ ကျူးလွန်
သောပြစ်မှုများအတွက် ထပ်ဆင့်ပြစ်ဒဏ်။........................................ ၃၃
– ကျွဲနွားတိရစ္ဆာန်ကျူးကျော်သည့် အက်ဥပဒေအရ သတ်မှတ်ထားသည့်
ဒဏ်ငွေကို ပြောင်းလဲနိုင်သည့်အာဏာ။.......................................... ၃၃
– အစိုးရပိုင်သစ်ပင်များကို ပျက်စီးစေသောပြစ်မှုအတွက် အပြစ် ဒဏ်။............ ၃၃
– အက်ဥပဒေလက်အောက်ရှိအချို့သောစည်းမျဉ်းကိုချိုးဖောက်သောအပြစ်ဒဏ်။.. ၃၄

– မှားယွင်းဖမ်းဆီးမှုအတွက် အပြစ်ဒဏ်။........................................ ၃၄
– တုပခြင်း၊ဖျက်ဆီးခြင်း(သို့)သစ်နှင့်သစ်ပင်များ မှတ်သားရန်အတွက်တုပထား
မည့် အမှတ်တံဆိပ်ကို ပိုင်ဆိုင်ထားခြင်းနှင့်နယ်နိမိတ်အမှတ်အသားများကို
ပြောင်းခဲ့ခြင်း။........................................................................ ၃၅
– သစ်တောပြစ်မှုများအတွက် ပေါင်းစပ်အပ်နှင်းပေးသည့် အာဏာ။ .............. ၃၅
– ပေါင်းစပ်စေခြင်းနှင့် လျော်ကြေးပေးစေခြင်းအတွက် သစ်တောပြစ် မှုများ။ ....... ၃၅
– သစ်တောပြစ်မှုကျူးလွန်ရာမှဖြစ်ပေါ်သည့်အပျက်အစီးများအတွက်လျော်ကြေး။.. ၃၅
– သစ်တောထွက်ပစ္စည်းများ ကိရိယာများ အစရှိသည်တို့ကို၊ အစိုးရပိုင်
အဖြစ်သိမ်းယူခြင်း။............................................................... ၃၆
– ဖမ်းယူသိမ်းဆီးထားသည့်ပစ္စည်းကို စီမံခန့်ခွဲခြင်း။................................ ၃၆
– ကျူးလွန်သော သစ်တောပြစ်မှုအတွက် အမှုစီရင်ပြီးနောက်ယင်းနှင့်ပတ်
သက်သော သစ်တောထွက်ပစ္စည်းများကို စီမံခန့် ခွဲခြင်း။........................ ၃၆
– ပြစ်မှုကျူးလွန်သူကိုမသိ(သို့)ရှာမတွေ့သောအခါဆောင်ရွက်ရမည့်လုပ်
ဆောင်ချက်။............................................................................ ၃၆
– ပုဒ်မ–၄၆အရ၊ဖမ်းယူသိမ်းဆည်းထားသောပျက်စီးနိုင်သည့်ပစ္စည်းနှင့်
ပတ်သက် သည့်လုပ်ဆောင်ရမည့် လုပ်ဆောင်ချက်။............................ ၃၇
– ပုဒ်မ–၆၄၊ ၆၅ (သို့) ၆၆ အရ၊ ဖြစ်ပေါ်လာသောအမိန့်တို့မှ အယူခံတင်ခြင်း။... ၃၇
– အစိုးရပိုင်အဖြစ်သိမ်းယူထားသောပစ္စည်းကိုအစိုးရလက်ထဲသို့အပ်နှင်းခြင်း။..... ၃၇
– သိမ်းယူဖမ်းဆီးထားသော ပစ္စည်းကိုသိမ်းရန်အာဏာ။........................... ၃၇
– အက်ဥပဒေအရ၊ ရရှိရန်ရှိသည့်ငွေများကို ရယူခြင်း။............................. ၃၈
– သစ်တောထွက်ပစ္စည်း ပိုင်ဆိုင်ခွင့်အတွက် အစိုးရထံပေးရန်ရှိ သည့်ငွေများ။..... ၃၈
– အာဏာအချို့ကို သစ်တောမှူးများထံသို့ အပ်နှင်းခြင်း။......................... ၃၈
– သစ်တောအရာရှိသည် ပြည်သူ့ဝန်ထမ်းဖြစ်သည်။................................ ၃၉
– သစ်တောအရာရှိ ကုန်သွယ်ခြင်း အလျဉ်းမပြုရ။................................. ၃၉
– နည်းဥပဒေများကို ပြုလုပ်ရန် တိုးချဲ့အာဏာ။.................................... ၃၉
– နည်းဥပဒေများကို၊ ထုတ်ပြန်ခြင်းနှင့် ၄င်းတို့၏ သက်ရောက်မှုများ။.............. ၄၀
– ရိုးသားစွာ ဆောင်ရွက်သောကိစ္စအတွက် အာမခံချက်။.......................... ၄၀
– အစိုးရနှင့် ၄င်းအရာရှိများအပေါ်၊ တာဝန်မရှိသည့် သစ်တောပစ္စည်းအချို့၏
ပျောက်ဆုံးခြင်း (သို့)ပျက်စီးခြင်း။............................................. ၄၀
– လယ်ယာမြေကို သိမ်းယူခြင်း။...................................................... ၄၀

**အပိုင်း (၂) အခန်း(၁)အဓိပ္ပါယ်ဖော်ပြချက်များ**.................................................. ၄၁

**နည်းဥပဒေဝေါဟာရများ ရှင်းလင်းချက်** ............................................ ၄၁
– ကြက်ပေါင်စေး.......................................................................... ၄၁
– စုပေါင်းခြင်းက၊ခ၊ဂ .................................................................. ၄၁
– တိုင်းသစ်တောတာဝန်ခံ (CONSERVATOR) ........................................ ၄၁
– လက်ထောက်တိုင်းသစ်တောတာဝန်ခံ (DEPUTY) .................................. ၄၁

– ခရိုင်သစ်တောတာဝန်ခံ (DFO) ............................................ ၄၁
– သစ်မျှောဆိပ် ............................................ ၄၁
– ထင်း ............................................ ၄၁
– ပြဌာန်းထားသော ပုံစံ ............................................ ၄၁
– သစ်လုံး (LOG) ............................................ ၄၁
– ပို (POLE) ............................................ ၄၁
– တိုင် (POST) ............................................ ၄၂
– ဖောင် ............................................ ၄၂
– ဖောင်ဆိပ် ............................................ ၄၂
– တားမြစ်ထားသော သစ်ပင် ............................................ ၄၂
– အခွန်အကောက် ............................................ ၄၂
– လွှစင် ............................................ ၄၂
– သစ်စက် ............................................ ၄၂
– တန် ............................................ ၄၂
– တားမြစ်ခြင်းမရှိသော သစ်ပင် ............................................ ၄၂

**အပိုင်း (၂) အခန်း (၂) သစ်တောကြိုးဝိုင်းအတွက်နည်းဥပဒေများ။** ............................................ ၄၂

**(က) အမဲလိုက်ခြင်း ၊သေနတ်ပစ်ခြင်း ၊ငါးဖမ်းခြင်း။** ............................................ ၄၂

– သစ်တောကြိုးဝိုင်းအတွင်း အမဲလိုက်ခြင်း၊သေနတ်ပစ်ခြင်း ငါးဖမ်းခြင်း စသည်တို့ကို တားမြစ်ခြင်း။ ............................................ ၄၂
– သားရဲတိရစ္ဆာန်များနှင့် ကျေးငှက်များအတွက် ပိတ်ပင်ထားသော အချိန်ကာလ အပိုင်းအခြား။ ............................................ ၄၃
– ကြိုးဝိုင်းအတွင်း ငှက်နှင့်သားရဲတိရစ္ဆာန်များ ပစ်ခတ်ခြင်းမှ တား မြစ်ခြင်း။ ...... ၄၄
– ငါးဖမ်းခြင်းအတွက် ကန့်သတ်ချက်။ ............................................ ၄၄
– သစ်တောပြစ်မှု ကျူးလွန်ခြင်းအတွက် လိုင်စင်ကိုရုပ်သိမ်းခြင်း။ .................. ၄၄

**(ခ) မီးဘေးမှ ကာကွယ်ခြင်း။** ............................................ ၄၄

– သစ်တောကြိုးဝိုင်းမှ (၂)မိုင်အတွင်းမီးရှို့ခြင်းများအတွက်ကန့်သတ်ချက်။ ........ ၄၄
– သစ်တောကြိုးဝိုင်းအတွင်း မီးများတားမြစ်ခြင်း။ ............................................ ၄၅

**(ဂ) အချို့သစ်တောလုပ်ငန်းများအတွက်ခွင့်ပြုရန်သစ်တောဌာနမှူး များ၏အာဏာ။** ............................................ ၄၅

– ခရိုင်နှင့် သစ်တောဌာနမှူးများ၏ အာဏာများ။ ............................................ ၄၅

**အပိုင်း (၂) အခန်း (၃) သစ်တောကြိုးဝိုင်းအတွင်း၌ မပါဝင်သောကြိုးပြင်ရှိ မြေယာများအတွက်နည်းဥပဒေများ။** ............................................ ၄၆

**(က) ရွှေ့ပြောင်းစိုက်ပျိုးရေးအတွက်နည်းဥပဒေများနှင့်မီးဘေး ကာကွယ်ခြင်း။** ............................................ ၄၆

– စိုက်ပျိုးပင်များ မီးရှို့ခြင်းမှ တားမြစ်ခြင်း။........................................ ၄၆
– ကြိုးပြင်တောရှိ ကျွန်းသစ်များ ပေါက်လျက်ရှိသော နေရာများတွင်
ပြောင်းရွှေ့စိုက်ပျိုးခြင်းပြုလုပ်ရာ၌ ကန့်သတ်ချက်။................................ ၄၆
– ရွှေ့ပြောင်းစိုက်ပျိုးရေးအတွက်သစ်ပင်များခုတ်လှဲခြင်းမှတားမြစ်ခြင်း။ ............ ၄၇
**(ခ) ကျွန်းသစ်နှင့် တားမြစ်ရာပါ အခြားအပင်များ။**.................................... ၄၇
– အချို့သောအပင်များကို ပိတ်ပင်တားမြစ်ထားခြင်း။ ............................. ၄၇
– ကျွန်းသစ်များ၊ တားမြစ်ရာပါသစ်ပင်များ၊ခုတ်လှဲခြင်းမှ တားမြစ် ခြင်း။ ........... ၄၇
– ကျွန်းပင်နှင့် အခြားအပင်များ သတ်မှတ်ထားသည့် ဧရိယာအတွင်း
ခုတ်လှဲခြင်း၊သင်းသတ်ခြင်းစသည်တို့ မပြုလုပ်ရန်တားမြစ်ခြင်း။ .................. ၄၇
– ခြွင်းချက်များ။ .................................................................. ၄၇
– ခွင့်ပြုလိုင်စင်ကို ထုတ်ပေးနိုင်သည့် သစ်တောဌာနမှူးများ။........................ ၄၈
**(ဂ) တားမြစ်ရာပါ မဟုတ်သောအပင်များ (ကြိုးပြင်)။** ................................ ၄၈
– တားမြစ်ရာပါမဟုတ်သောသစ်ပင်များကြိုးပြင်တောတွင်ခုတ်လှဲခြင်းမှ
တားမြစ်ခြင်း။ ................................................................... ၄၈
– ခြွင်းချက်များ။ .................................................................. ၄၈
**(င) လမ်းများ၊ မြစ်များနှင့် အင်းအိုင်များ အနီးပတ်ဝန်းကျင် ရှိသစ်ပင်များ
ကိုကာကွယ်ခြင်း။**................................................................. ၄၉
– ကြိုးပြင်တောရှိလမ်းများ၊မြစ်များနှင့်အင်းအိုင်များအနီးပတ်ဝန်းကျင်ရှိ
သစ်ပင်များကိုခုတ်လှဲခြင်းမှ တားမြစ်ခြင်း။ ........................................ ၄၉
**(စ) ကြိုးပြင်အတွင်းရှိသတ်မှတ်ထားသောနေရာများတွင်သစ်ပင်များ
ကိုကာကွယ်ခြင်း**.................................................................. ၄၉
– ကြိုးပြင်တောအတွင်း သစ်ပင်များကို ကာကွယ်ခြင်း။............................ ၄၉
**(ဆ) ထင်းများနှင့်မီးသွေးများ**........................................................ ၄၉
– သစ်ပင်များကိုထင်းများနှင့်ထင်းမီးသွေးများအဖြစ်ပြုလုပ်ခြင်းမှတားမြစ်ခြင်း။...... ၄၉
– ကြိုးပြင်တောရှိတားမြစ်ရာပါမဟုတ်သောသစ်များကိုထင်း(သို့)ထင်းမီး
သွေးအဖြစ် ပြုလုပ်ရန်ခုတ်လှဲခြင်း။................................................ ၄၉
– ထင်းနှင့်မီးသွေးအတွက် အခွန်အကောက်။........................................ ၅၀
**(ဇ) အခြားသစ်တောထွက်ပစ္စည်းများ။**.............................................. ၅၀
– တွင်းထွက်ပစ္စည်းများနှင့်တွင်းထွက်ဆီများစုဆောင်းခြင်းမှတားမြစ်ခြင်း။ .. ၅၀
–သစ်ပင်မှထွက်သောပစ္စည်းများစုဆောင်းခြင်းမှတားမြစ်ခြင်း။ ............... ၅၀
(က)တိရိစ္ဆာန်များမှရရှိသော ပစ္စည်းများစုဆောင်းခြင်းကိုတားမြစ်ခြင်း။................... ၅၀
(ခ) ကြိုးပြင်တောအတွင်းတောဆင်များ၏အစွယ်များကို
ထုတ်ယူခြင်းအားတားမြစ်ခြင်း။ ................................................... ၅၁
– လင်းနို့ချေးများနှင့် စားသုံးသောငှက်သိုက်များ စုဆောင်းခြင်းမှ တားမြစ်ခြင်း။.... ၅၁
(က) ရှားစေးထုတ်ခြင်းမှ တားမြစ်ခြင်း။................................................. ၅၁
(ခ) ရှားစေးကိုရောစပ်ခြင်းမှ တားမြစ်ခြင်း။............................................ ၅၁
– ချိတ်များ၊ ကြက်ပေါင်စေးများ စုဆောင်းခြင်းကို တားမြစ်ခြင်း။ .................... ၅၂

**(ဈ) သစ်တောထွက်ပစ္စည်းများ အခွန်တော်လွတ်ထုတ်ခွင့်ပြုခြင်း။ .............. ၅၂**
– အိမ်သုံးနှင့် ငါးဖမ်းခြင်းအတွက် အခမဲ့လိုင်စင်။ .................................. ၅၂
– သစ်တောကြိုးဝိုင်း၏ (၁၀)မိုင်ပတ်လည် အပြင်စည်းဝိုင်းတွင်၊
သစ်များခုတ်လှဲခြင်းအတွက် အခမဲ့လိုင်စင်။ .................................. ၅၂
– အခမဲ့လိုင်စင်ကို ထုတ်ပေးရန်အတွက်ချုပ်ချယ်ထားသောအရာများ။ ............ ၅၃
**(ည) သစ်တောထွက်ပစ္စည်းအတွက်ပေးရမည့်အခွန်တော်များအခွန်နှုန်းထား။ ........ ၅၃**
– တင်ဒါဖြင့်လည်းကောင်း၊ လေလံတင်ခြင်းဖြင့်လည်းကောင်း၊
သစ်တောအသုံးပြုရန်ခွင့်ပြုခြင်း။ .................................................. ၅၃

**အပိုင်း (၂) အခန်း(၄) သစ်တောထွက်ပစ္စည်းများကို သယ်ယူရေးအတွက်**
**လိုက်နာရမည့်နည်းဥပဒေများ ..................................................... ၅၄**
– ကြက်ပေါင်းစေးနှင့် အခြားသော သစ်တောထွက်ပစ္စည်းများကို ထုတ်ယူ
သယ်ဆောင်ခြင်းအတွက် တားမြစ်ခြင်း။ ........................................... ၅၄
(က) တောရိုင်းတိရစ္ဆာန်များကိုထုတ်ယူသယ်ဆောင်ခြင်းအတွက်တားမြစ်ခြင်း။ ......... ၅၄
– သစ်များသယ်ဆောင်ရာတွင် လိုက်နာရမည့်စည်းမျဉ်း။ ............................. ၅၄
– တွံတေးတူးမြောင်းနှင့်သံလွင်မြစ်အတွင်း သစ်များမျှောချရန်အတွက်
တားမြစ်ချက်များ။ ................................................................... ၅၅
– သယ်ယူပို့ဆောင်ခြင်း၏ အဓိပ္ပါယ်။ ................................................ ၅၅
– သယ်ယူပို့ဆောင်ခြင်းကို ရပ်ဆိုင်းထားနိုင်ခြင်း။ .................................. ၅၅
– အခွန်အကောက်ဌာနများ။ ........................................................... ၅၅
– အကောက်ဌာနတွင် ရွှေ့ပြောင်းခြင်းကို တားမြစ်ခြင်း။ ............................ ၅၅
– သတ်မှတ်နှုန်းထား။ ................................................................. ၅၆
– အကောက်ဌာနများကို ကြီးကြပ်ခြင်း ။ ............................................. ၅၆
– သစ်တောထွက်ပစ္စည်းများ ရွှေ့ပြောင်းခြင်းမှတားမြစ်ခြင်း။ ........................ ၅၆
– မှတ်သားခြင်းမရှိသောသစ်များ(သို့)မှတ်ပုံတင်ခြင်းမရှိသော
သစ်များအတွက်လက်မှတ်ထုတ်ယူပေးခြင်းမပြုလုပ်ရန်။ ............................ ၅၇
– လက်မှတ်များအတွက် သတ်မှတ်နှုန်းထား။ .......................................... ၅၇
– လက်မှတ်များထုတ်ပေးရာတွင်ပါရှိရမည့်အချက်များ။.............................. ၅၈
– လက်မှတ်များ ပြန်လည်ပေးအပ်ခြင်း။ .............................................. ၅၈
– လက်မှတ်တောင်းခံ စစ်ဆေးနိုင်ခြင်းနှင့် သစ်များကိုထိန်းသိမ်းထားနိုင်ခြင်း။ ...... ၅၈
– အစိုးရသစ်များသယ်ဆောင်ခြင်း။ .................................................... ၅၈
– ထင်းနှင့် ထင်းမီးသွေးများသယ်ဆောင်ခြင်း။ ....................................... ၅၈
– ထင်းနှင့် ထင်းမီးသွေးများ အခွန်ကောက်ခံခြင်း။ ၏ ................................ ၅၉
– ပိုင်ရှင်ခွင့်ပြုချက်မပါဘဲ သစ်များကိုမျှောခြင်းမှ တားမြစ်ခြင်း။ ..................... ၅၉
– မြစ်များပိတ်ဆို့စေသည့် လုပ်ဆောင်ချက်များကိုတားမြစ်ခြင်း။ ...................... ၅၉
– ရေကြောင်းပိတ်ဆို့ခြင်းကိုကာကွယ်ခြင်းနှင့်ကုန်ကျစရိတ်ကို ပြန်လည်ရယူခြင်း။.. ၅၉
– လွှစင်နှင့် သစ်စက်များတည်ဆောက်ခြင်းကိုတားမြစ်ခြင်း။ .......................... ၆၀

– အစိုးရသို့ ပေးရန်ရှိသောငွေ။ ........................................................ ၆၀

အပိုင်း (၂) အခန်း (၅) မျှောသစ်များအတွက်နည်းဥပဒေ ........................................ ၆၁
– သယ်ဆောင်ခြင်းအတွက် တားမြစ်ခြင်း။ ........................................ ၆၁
– သစ်များကို သယ်နိုင်သောနေရာများ။ ........................................ ၆၁
– ဆယ်သစ်များကို အပ်နှံခြင်း။ ........................................ ၆၁
– လိုင်စင်ခွင့်ပြုချက်မဟုတ်သော သစ်ဆယ်ခြင်းကိုတားမြစ်ခြင်း။ .................... ၆၁
– ဆယ်သစ်များကို မျှောဆိပ်သို့သယ်ယူခြင်း။ ........................................ ၆၂
– ပင်လယ်နှင့် ဒီရေအတက်အကျရှိ နေရာများ၌ သစ်ဆယ်ကြေး။ .................... ၆၂
– မြစ်များအတွင်း သစ်များဆယ်ကြေး။ ........................................ ၆၃
– ဖောင်များ စောင့်ရှောက်ကြေး။ ........................................ ၆၃
– ဆယ်သစ်များ စုဆောင်းကြေး။ ........................................ ၆၃
– ဆယ်သစ်များ တောင်းခံရန်နို့တစ်စာ။ ........................................ ၆၄
– သစ်များစုဆောင်းခြင်း၊ သယ်ခြင်းတို့ကို တောင်းခံရန်အတွက်ကျသင့်ငွေ။ ....... ၆၄
– တောင်းခံပြီးသော သစ်များကို မျှောဆိပ်တွင်သိုလှောင်ကြေး။ .................... ၆၄
– မျှောဆိပ်ရှိ သစ်များပျောက်ဆုံးမှု။ ........................................ ၆၅

အပိုင်း (၂) အခန်း (၆) ကိုယ်ပိုင်တံဆိပ်တုံးများနှင့် သစ်များမှတ်သားရန်
တံဆိပ်တုံးမှတ်ပုံတင်ရန် နည်းဥပဒေများ.......................................... ၆၅
– တံဆိပ်တုံးများ သယ်ယူခြင်းအတွက် တားမြစ်ခြင်း။.................................. ၆၅
– သစ်များကို မထုတ်မီ မှတ်သားမှုများ ပြုလုပ်ခြင်း။.................................. ၆၅
– သစ်များကို သယ်ဆောင်ပြောင်းရွှေ့ခြင်းအတွက်တားမြစ်ခြင်း။ .................... ၆၆
– သစ်အမှတ်အသား။ ........................................ ၆၆
– သစ်အမှတ်အသားကို မှတ်ပုံတင်ခြင်း။ ........................................ ၆၆
– ကိုယ်ပိုင်တံဆိပ်တုံး အမှတ်အသားများ၏ မှတ်ပုံတင်ခြင်းကို
ဖျက်သိမ်းရန်အာဏာ။ ........................................ ၆၈

အခန်း (၇) အထွေထွေအာဏာများချီးမြှင့်ခြင်း၊အာမခံချုပ်ဆိုခြင်း၊ပုံစံများ
ပြောင်းလဲခြင်း၊လိုင်စင်များပြန်လည်အပ်နှံခြင်းနှင့်စပ်လျဉ်း
သည့်နည်းဥပဒေများ........................................ ၆၈
– ဌာနမှူးများ၏အာဏာ။ ........................................ ၆၈
– ဌာနမှူးများကိုပစ္စည်းများထိန်းသိမ်းရန်အပ်နှံခြင်း။ ................................ ၆၈
– ချီးမြှင့်ခြင်း။ ........................................ ၆၈
– ပုံစံအတွင်းရှိစာပိုဒ်များပြောင်းလဲနိုင်သည့်အာဏာ။ ................................ ၆၉
– သဘောတူခံဝန်ချက်ပြုလုပ်ရန်အာဏာ။ ........................................ ၆၉
– လိုင်စင်ကိုပြန်လည်အပ်နှံခြင်း။ ........................................ ၇၀
– ထုတ်လုပ်သည့် သစ်တောထွက်ပစ္စည်း။ ........................................ ၇၀
– သစ်တောထွက်ပစ္စည်းများအတွက်ပေးဆောင်ရမည့်တာဝန်ဝတ္တရား။ ........... ၇၀

**အခန်း (၈) ပြစ်ဒဏ်များ** .................................................... ၇၀

–သစ်တောဥပဒေအရ၊နည်းဥပဒေစည်းမျဉ်းများချိုးဖောက်ခြင်းအတွက်ပြစ်ဒဏ်များ။ ၇၀

**အခန်း (၉) ကဒိုးသစ်ဆိပ်အတွက် လိုအပ်သောနည်းဥပဒေများ** ........................ ၇၁

– ဤအခန်း၏ အကျုံးဝင်မှု။ ........................................ ၇၁

– နည်းဥပဒေ အဓိပ္ပါယ်ဖော်ပြချက်။ ................................. ၇၁

– ဂိုးတံတားများကို နံပါတ်စဉ်တပ်ပြီး ခွဲခြားထားခြင်း။ ...................... ၇၁

– သစ်ဆိပ်ရှိမြေကွက်များ ပိုင်ဆိုင်ခြင်းကိုတားမြစ်ခြင်း။ ..................... ၇၁

– ပုဂ္ဂလိကဂိုးတံတားအတွက် လိုင်စင်ထုတ်ပေးခြင်း။ ........................ ၇၂

– ဂိုးတံတားတွင်လိုင်စင်မရှိဘဲ သစ်များထားခြင်းမှတားမြစ်ခြင်း။ .............. ၇၂

– ပုဂ္ဂလိကဂိုးတံတား။ ................................................ ၇၂

**အများသုံး ဂိုးတံတား** ................................................ ၇၃

– အများသုံး ဂိုးတံတားအတွက်အခွန်။ ..................................... ၇၃

– အများသုံးဂိုးတံတားတွင်၊ သစ်များထားရှိခြင်းနှင့်စောင့်ကြပ်သူ။ .............. ၇၃

**သွင်းလာသောသစ်များအတွက်လုပ်နည်းလုပ်ဟန်** ............................ ၇၃

– သစ်ဝင်အတွက် မှတ်ပုံတင်ခြင်း။ ....................................... ၇၃

– ဂိုးတံတားသို့ ရောက်ရှိလာမည့်သစ်။ .................................... ၇၄

– သစ်ခိုးစသည်တို့ စစ်ဆေးရန်အတွက်လုပ်ဆောင်နည်း။ ....................... ၇၄

– ဂိုးတံတားသို့သစ်ရောက်ရှိကြောင်း(၇)ရက်အတွင်းသတင်းပို့ရန်။ ............... ၇၄

– သစ်များရောက်ရှိကြောင်း သတင်းပို့သည့်အကြောင်းအရာကိုမှတ်ပုံတင်ခြင်း။ ... ၇၅

– သစ်တင်သွင်းသူအတွက် တိုင်စာထုတ်ပေးခြင်း။ ............................ ၇၅

– အခွန်ပေးဆောင်ပြီး တိုင်စာကို ပြန်လည်ရုပ်သိမ်းခြင်း။ ..................... ၇၆

– ရိုးရိုးသစ်များအတွက်ကျင့်ထုံး။ ........................................ ၇၆

– အတားအဆီးပြုလုပ်ခြင်းအတွက်တားမြစ်ခြင်း။ .............................. ၇၆

– ကဒိုးသစ်ဆိပ်မှ ညအချိန်သစ်များရွှေ့ပြောင်းခြင်းမှတားမြစ်ခြင်း။ .............. ၇၇

– ကိုယ်စားလှယ်အတွက်မှတ်ပုံတင်ခြင်း။ .................................... ၇၇

**နောက်ဆက်တွဲ (၁)** (REVERVED TREES )တားမြစ်ရာပါသစ်ပင်များ ........................ ၇၇

**နောက်ဆက်တွဲ (၂)** နည်းဥပဒေပုဒ်မ(၃၂)အရ ကြိုးပြင်တွင်ထုတ်လုပ်သည့်
သစ်တောထွက်ပစ္စည်းများ၏နှုန်းထားများ။ ...................................... ၇၈

**နောက်ဆက်တွဲ (၃)** သစ်တောနည်းဥပဒေပုဒ်မ(၃၉)အရ၊သစ်တောအခွန်အကောက်ဌာနများ။ ....... ၇၉

# ကော်သူးလေ အစိုးရသစ်တောအက်ဥပဒေ

(၁၉၇၄) ခုနှစ်၊ကေအဲန်ယူကရင်အမျိုးသားအစည်းအရုံး ကွန်ကရက်ကမူကြမ်းအဖြစ် အတည်ပြုပြ ဌာန်းသည်။

## အခန်း (၁)

### "ပုဒ်မ – ၁"

### အက်ဥပဒေအမည်၊ အာဏာသက်ရောက်သည့် ဒေသနှင့်စတင်သည့်နေ့ရက်

(၁) ဤအက်ဥပဒေကို ကော်သူးလေသစ်တောအက်ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤအက်ဥပဒေသည် ကော်သူးလေပြည်အတွင်း အာဏာတည်စေရမည်။

(၃) အတည်ပြုသည့်နေ့မှ အစပြုပြီး ဤအက်ဥပဒေသည် တရားဝင်အာဏာ သက်ရောက်စေရမည်။

### "ပုဒ်မ – ၂"

### အဓိပ္ပါယ်ဖော်ပြချက်များ

ဤအက်ဥပဒေတွင် အခြားအကြောင်းအရာတစုစုနှင့် ဗီလာဆန့်ကျင်မှုမရှိပါက–

(၁) ကျွဲနွားတိရစ္ဆာန် –ကျွဲနွားတိရစ္ဆာန်ဆိုသည်မှာ ဆင်၊ ကျွဲ၊ နွား၊ မြင်းအမျိုး၊ ဝက်၊ ဆိတ်၊ သိုးများပါဝင်သည်။

(၂) ခွဲခြားသတ်မှတ်သည့်အမှတ်အသား–ခွဲခြားသတ်မှတ်သည့် အမှတ်အသားဆိုသည် မှာသစ်များအပေါ်မှတ်သားထားသည့်အမှတ်ဖြစ်ပြီး ယင်းသည်သစ်၏ မူလအကြောင်းအရာ(သို့)ယင်းသစ်ကို စတင်ကိုင်တွယ်သောနေရာဌာနကို ဖော်ပြသည်။

(၃) သစ်တောပြစ်မှု–သစ်တောပြစ်မှုဆိုသည်မှာဤအက်ဥပဒေအရအရေးယူအပြစ်ပေးစီရင်နိုင်သောပြစ်မှုဖြစ်သည်။

(၄) သစ်တောအရာရှိ – သစ်တောအရာရှိဆိုသည်မှာ ကော်သူးလေအစိုးရမှ ရွေးချယ်ခန့်ထားသည့် မြို့နယ်၊ ခရိုင်နှင့် ဗဟိုသစ်တောဌာနမှ အရာရှိဝန်ထမ်းများ ဖြစ်သည်။

(၅) သစ်တောထွက်ပစ္စည်း – သစ်တောထွက်ပစ္စည်းများ ဆိုသည်မှာ အောက်ပါတို့ပါဝင်သည်။

(က)သစ်တောကြိုးဝိုင်း(သို့)သစ်တောကြိုးပြင်မှတွေ့ရှိ (သို့) ရရှိသောပစ္စည်းများမှာ အောက်ပါတို့ဖြစ်သည်။

(၁) သစ်ပင်များနှင့်သစ်ရွက်များ၊ ပန်းများ၊သစ်သီးများနှင့် အခြားသောအစိတ်အပိုင်း (သို့) သစ်ပင်များမှရရှိသော အခြားပစ္စည်းများ။

(၂) သစ်ပင်မဟုတ်သောအပင်များ(မြက်ပင်၊ပေါင်းပင်များ၊ နွယ်ပင်နှင့်ရေညှိပင်များ)နှင့် ယင်းအပင်များနှင့်သက်ဆိုင်သော အစိတ်အပိုင်းနှင့် ယင်းအပင်များမှရရှိသော သစ်တောထွက်ပစ္စည်းများ။

(၃) တောရိုင်းတိရစ္ဆာန်များနှင့် ၄င်းတို့၏သားရေများ၊အစွယ်များ၊ ချိုများ၊ အရိုးများ၊ ပိုးများ၊ ပျားရည်များနှင့် ဖယောင်းများ၊ ပိုးအိမ်များ၊ ငှက်သိုက်နှင့်ဆိုင်သည့်ပစ္စည်းများ၊ လင်းဆွဲချေးများနှင့် ချေးမြေများ၊ တိရစ္ဆာန်များမှ ရရှိသော ပစ္စည်းများအားလုံးနှင့်–

(၄) သစ်ရွက်ဆွေးမြေ၊ မျက်နှာပြင်မြေဆီ၊ ကျောက်များ၊ ဓာတ်သတ္တုပစ္စည်းများ၊ (ဂဝံကျောက်၊ ဓါတ်သတ္တုဆီများနှင့် တွင်းထွက်ပစ္စည်း များအားလုံးပါဝင်သည်။)

(ခ) သစ်တောနယ်မြေဟုသတ်မှတ်သည်ဖြစ်စေ၊မဟုတ်သည်ဖြစ်စေ၊အောက်ပါတို့သည် သစ်တောထွက်ပစ္စည်းများဖြစ် သည်။ သစ်၊ မီးသွေး၊ ခေါက်ခြောက် သစ်ဆီသစ်စေး၊ သဘာဝအရောင်တင်ဆီ၊ သစ်ခေါက်များ၊ ချိတ်၊ မဟူရာပန်း များနှင့် ဖန်ခါးသီးများ ဖြစ်သည်။

(၆) အစိုးရအစီအစဉ်အရရှိသည့်မြေများ– အစိုးရအစီအစဉ်အရရှိသည့်မြေများဆိုသည်မှာ မည်သူတဦးတယောက်မှ အောက်ပါပိုင်ဆိုင်မှုနှင့် မသက်ဆိုင်သေးသောမြေများဖြစ်သည်။

(က) အမြဲတမ်းအမွေနှင့်လွဲပြောင်းအသုံးပြုခွင့်နှင့် ယခုလောလောဆယ် တရားဝင်တည်ရှိနေသည့် ဥပဒေအရ အသုံးပြုခြင်း (သို့)–

(ခ) ဂရမ်(သို့)ဝင်းချခြင်းမှရရှိသော အခွင့်အရေး၊(သို့)ဆက်လက်ရရှိခြင်း၊(သို့)အစိုးရကိုယ်စားရရှိသော အခွင့်အရေး။

(၇) တရားသူကြီး– တရားသူကြီးသစ်တောအက်ဥပဒေအရပြစ်မှုကျူးလွန်ခြင်းကို တရားစီရင်ပိုင် ခွင့်အာဏာရှိသည့် တရားသူကြီးအားလုံးကို ဆိုလိုသည်။

(၈) ပစ္စည်းအမှတ်အသား– မည်သည့်သစ်များမဆို အစိုးရထံမှဝယ်ယူပြီး (သို့) အခွန်ပေးဆောင်ပြီးနောက်ယင်းသစ်များပေါ်တွင် ပိုင်ရှင်ကရိုက်နှိပ်ထားသောမိမိ၏ပိုင်ဆိုင်ခွင့်ကို ဖေါ် ပြသည့်အမှတ်အသားဖြစ်သည်။

(၉) သစ်တောကြိုးပြင်– အစိုးရသတ်မှတ်ထားသော ကြိုးဝိုင်းအတွင်းမပါဝင်သော သစ်တောနယ်မြေများ ဖြစ်သည်။

(၁၀) သစ်တောကြိုးဝိုင်း – သစ်တောကြိုးဝိုင်းဆိုသည်မှာသစ်တောနှင့် ၄င်းအစိတ်အပိုင်းများဖြစ်သည်။

(က) "ပုဒ်မ–၉" အရ(သို့) ၄င်းနှင့်ဆီလျော်သည့်ပုဒ်မအရ ကော်သူးလေအတွင်းသစ်တောကြိုးဝိုင်းအဖြစ် ကြေငြာပြဋ္ဌာန်းထားသော သစ်တောများအားလုံး (သို့)–

(ခ) ကော်သူးလေ သစ်တောစည်းမျဉ်းဥပဒေအရ သစ်တောကြိုးဝိုင်းအဖြစ်ကြေငြာထားသောသစ်တောများ ယင်းတို့ကိုကြေငြာပြီးဖြစ်၍လက်ရှိအချိန်တွင် သစ်တောဥပဒေ "ပုဒ်မ–၂၉"အရ သစ်တောကြိုးဝိုင်းအဖြစ်မှ ရပ်စဲခြင်းမရှိသေးသည့် သစ်တောများအားလုံးဖြစ်သည်။

(၁၁) မြစ် – မြစ်ဆိုသည်မှာ ချောင်းမြောင်း၊ တူးမြောင်း (သဘာဝဖြစ်စေ၊ တူးယူသည်ဖြစ်စေ) စသည်တို့ပါဝင်သည်။

(၁၂) ရွှေ့ပြောင်းစိုက်ပျိုးခြင်း– ရွှေ့ပြောင်းစိုက်ပျိုးခြင်းများသည် တောင်ယာအပါအဝင်အစိုးရက ဤအက်ဥပဒေအရ ကြေငြာထားသည့် အခြားရွှေ့ပြောင်းစိုက်ပျိုးခြင်းများ ဖြစ်သည်။

(၁၃) သစ် – သစ်သည် ဖြတ်ပိုင်းအသုံးပြုသည်ဖြစ်စေ မဖြတ်ဘဲအသုံးမပြုရသေးသည်ဖြစ်စေ လှဲပြီးသောသစ်ပင်များနှင့်သစ်များ အားလုံးပါဝင်သည်။

(၁၄) သစ်ပင် – သစ်ပင်ဆိုသည်မှာ ထန်း၊အုန်း၊ ဓနိ၊ အပင်များအပါအဝင် သစ်ပင်၊ ဝါးပင်၊ သစ်ငုတ်ခြုံပင်များနှင့် ကြိမ်များ အားလုံးဖြစ်သည်။

# အခန်း(၂)

# သစ်တောကြိုးဝိုင်း (Reserved Forest )
# သစ်တောကြိုးဝိုင်းများကို သတ်မှတ်သည့်အာဏာ

## "ပုဒ်မ – ၃"

## သစ်တောကြိုးဝိုင်းများကို သတ်မှတ်သည့်အာဏာ

နယ်မြေအစိုးရက အစိုးရ၏သတ်မှတ်ထားချက်အရ မည်သည့်သစ်တောနယ်မြေကိုမဆိုသစ်တောကြိုးဝိုင်းအဖြစ် စီစဉ်သတ်မှတ်နိုင်သည်။

## "ပုဒ်မ – ၄"

## သစ်တောကြိုးဝိုင်းကို သတ်မှတ်ရန်လုပ်ဆောင်ချက်များ

(၁) မည်သည့်သစ်တောနယ်မြေကိုမဆို သစ်တောကြိုးဝိုင်းအဖြစ်သတ်မှတ်ရန် အဆိုသွင်းခြင်းရှိပါက နယ်မြေအစိုးရသည် အောက်ပါသတ်မှတ်ချက်များပါရှိသည့် ထုတ်ပြန်ချက်ကို ထုတ်ပြန်ကြေငြာရမည်။

## သစ်တောကြိုးဝိုင်းအဖြစ် သတ်မှတ်ရန်အဆိုကို နယ်မြေအစိုးရကထုတ်ပြန်ကြေငြာခြင်း။

(က) ယင်းနယ်မြေအခြေအနေနှင့် တည်နေရာအကန့်အသတ်ကို အနီးကပ်ဆုံးမှန်ကန်မှုကို သတ်မှတ်ခြင်း။

(ခ) ယင်းသစ်တောနယ်မြေကို သစ်တောကြိုးဝိုင်းအဖြစ်သတ်မှတ်ရန် အဆိုတင်သွင်းမှုရှိကြောင်းကြေငြာခြင်း။

(ဂ) ယင်းသစ်တောနယ်မြေနှင့်ပတ်သက်သည့် အကြောင်းအရာအပြည့်အစုံ လူပုဂ္ဂိုလ်တစ်ဦးဦးနှင့် ပတ်သက်လာသည့်ထိခိုက်နစ်နာမှုအခွင့်အရေးနှင့် ရွှေ့ပြောင်းစိုက်ပျိုးခြင်းနှင့် သက်ဆိုင်သည့်တောင်းဆိုချက်များနှင့် ကန့်သတ်နယ်မြေများထည့်သွင်းစဉ်းစားရန် အစရှိသောကိစ္စရပ်တို့ကို အသေးစိတ်စုံစမ်း သိရှိရေးအတွက် အရာရှိတစ်ဦးဦး (သစ်တောနေရာချထားရေးအရာရှိဟုခေါ်ဆိုရန်)ကို တာဝန်ပေးခန့်အပ်ခြင်းစသည်တို့ကို ပြုလုပ်ရမည်။

(၂) သစ်တောအရာရှိမဟုတ်သော ရိုးရိုးအရာရှိတဦးကို ယင်းကိစ္စစုံစမ်းစစ်ဆေးရန်အတွက်နယ်မြေအစိုးရက တာဝန်ပေး ခန့်ထားနိုင်သည်။သို့သော်ယင်းအရာရှိကိုကူညီရန် နယ်မြေအစိုးရက သစ်တောအရာရှိတဦးကို ခန့်ထားပေးရမည်။

## "ပုဒ်မ – ၅"

## သစ်တောနေရာချထားခြင်းအရာရှိ၏ ထုတ်ဖော်ကြေငြာချက်။

"ပုဒ်မ–၄"အရ နယ်မြေအစိုးရကထုတ်ပြန်ကြေငြာထားသည့်ကြေငြာချက်များကို ထုတ်ပြန်ကြေငြာပြီးနောက် သစ်တောနေရာချထားရေးအရာရှိသည် ယင်းနယ်မြေသုံးဘာသာစကားဖြင့် ကြေငြာထားပြီးဖြစ်သော

အကြောင်းအရာ အသေးစိတ်ကို ယင်းနယ်မြေအတွင်းရှိ မြို့တိုင်းရွာတိုင်းနှင့် အနီးအနားပတ်ဝန်းကျင်သို့ အသိပေးကြေငြာသွားရမည်။

ယင်းသို့ အသိပေးကြေငြာရာတွင် အောက်ပါအချက်အလက်များ ဖေါ်ပြပါရှိစေရမည်။

(က) သစ်တောကြိုးဝိုင်းအဖြစ်အဆိုတင်သွင်းထားသည့် နယ်မြေအခြေအနေနှင့် တည်နေရာအကန့်အသတ်ကိုအနီးကပ်ဆုံးမှန်ကန်မှုဖြင့် သတ်မှတ်ဖေါ်ပြသွားရန်။

(ခ) ''ပုဒ်မ–၇''အရ ဖေါ်ပြထားသည့်စီမံချက်များကို ရှင်းလင်းဖော်ပြသွားရန်။

(ဂ) နောက်နောင်တွင်ဖြစ်ပေါ်လာမည့်အကျိုးဆက်များ ယင်းနယ်မြေကိုသစ်တောကြိုးဝိုင်းအဖြစ်သတ်မှတ်ရခြင်းအတွက်ရရှိမည့် အကျိုးကျေးဇူးများကို ရှင်းလင်းဖေါ်ပြသွားရန်။

(ဃ) ဤကြေငြာချက်ကို ထုတ်ပြန်ပြီးနောက် သုံးလထက်မနည်းသောအချိန်ကိုသတ်မှတ်ကာ ယင်းအချိန်အတွင်း ''ပုဒ်မ–၄''တွင်ပါရှိသော အချက်အလက်များနှင့်အညီ ယင်းနယ်မြေကို သစ်တောကြိုးဝိုင်းအဖြစ် ပြုလုပ်ရာတွင် ထိခိုက်နစ်နာမှုတစ်စုံတစ်ရာရှိလာမည့် ပုဂ္ဂိုလ်တိုင်း ၄င်းတို့၏နစ်နာချက်အတွက် လိုအပ်သည့်အခွင့်အရေးများကို၊ ယင်းအရာရှိထံသို့ ကန့်သတ်သည့်အချိန်အတွင်း ယင်းပုဂ္ဂိုလ်သို့စာဖြင့်လည်းကောင်း လူကိုယ်တိုင်လာရောက်တွေ့ ဆုံခြင်းဖြင့်လည်းကောင်း၊ ပြုလုပ်ခြင်းဖြင့် တင်ပြတောင်းဆိုရန် ဖေါ်ပြသွားရမည်ဖြစ်သည်။

## ''ပုဒ်မ – ၆''

## ကြေငြာချက်ထုတ်ပြန်ပြီးနောက် တားမြစ်ချက်များ။

(၁) ''ပုဒ်မ–၅''အရသစ်တောကြိုးဝိုင်းကိုသတ်မှတ်ရန်အတွက်ထုတ်ပြန်ကြေငြာချက်တွင်ပါရှိသော ကန့်သတ်ထားသည့်အချိန်အတွင်းတွင် အစိုးရ(သို့)အာဏာလွှဲအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်မှတပါး ယင်းနယ်မြေတွင်း၌ အိမ်သစ်ဆောက်ခြင်း၊ စိုက်ပျိုးခင်းအသစ်များပြုလုပ်ခြင်းအတွက် သစ်တောများရှင်းလင်းခြင်းလုပ်ငန်းများအတွက် ခုတ်လှဲပိုင်းဖြတ်ခြင်းစသည့်အလုပ်များအပြင် ကော်သူးလေသစ်တောပေါ်လစီ အရတားမြစ်ပိတ်ပင်ချက်များ၊ ပြည်သူလူထုအစုအဖွဲ့ပိုင် သစ်တောများမှ တားမြစ်ပိတ်ပင်ချက်များကိုပြုလုပ်ခြင်းမှ လုံးဝတားမြစ်ထားသည်။

(၂) ဤပုဒ်မသည်၊ သစ်တောနေရာချထားရေးအရာရှိ၏ စာဖြင့်ရေးသားခွင့် ပြုလုပ်မည့်လုပ်ဆောင်ချက်များကိုမဆို (သို့မဟုတ်) ရွှေ့ပြောင်းစိုက်ပျိုးခြင်းများအတွက် တရားဝင်လုပ်ရိုးလုပ်စဉ် လုပ်ဆောင်ခွင့်များကိုတားမြစ်ခြင်းမရှိ။

## ''ပုဒ်မ – ၇''

## သစ်တောနေရာချထားရေး အရာရှိ၏ စုံစမ်းစစ်ဆေးခြင်း။

သစ်တောကြိုးဝိုင်းအဖြစ် သတ်မှတ်ခြင်းမပြုမီ အခွင့်အရေးများကိုနေရာချထားပေးခြင်း။

(၁) သစ်တောနေရာချထားရေးအရာရှိသည် ''ပုဒ်မ–၆''အရ ပါရှိသည့်အချက်အလက်များအားလုံးကို ရေးမှတ်ထားခြင်းနှင့် ယင်းပုဒ်မအရတောင်းဆိုခြင်းမရှိသော မည်သည့်အခွင့်အရေးများကိုမဆို စုံစမ်းစစ်ဆေးခြင်းမပြုလုပ်ရ။

(၂) သစ်တောနေရာချထားရေးအရာရှိသည် တစ်ချိန်တည်းမှာပင် ၎င်းအားကူညီရန်အတွက်“ပုဒ်မ–၄”အရ ခန့်ထားသည့် သစ်တောအရာရှိ၏အခွင့်အရေးတောင်းဆိုချက်နှင့် ပတ်သက်သည့်တောင်းဆိုချက်များကို တစ်ပါးတည်းမှတ်ကာ ထည့်သွင်းစဉ်းစားရမည်။

(၃) ရွှေ့ပြောင်းစိုက်ပျိုးခြင်းနှင့် ပတ်သက်သောတောင်းဆိုချက်ကို သစ်တောနေရာချထားရေး အရာရှိ၏ အကြောင်းအရာများအားသတ်မှတ်ထားပြီး တောင်းဆိုထားသည့်အခွင့်အရေး တစ်စိတ်တစ်ဒေသဖြစ်စေ(သို့) အပြည့်အစုံဖြစ်စေ၊ ခွင့်ပြုခြင်း(သို့) ငြင်းပယ်ခြင်းကို ဖော်ပြသည့်အမိန့်ကို ချမှတ်နိုင်သည်။

(၄) အခြားကျန်ရှိနေသေးသော တောင်းဆိုချက်နှင့်ပတ်သက်၍ သစ်တောနေရာချထားရေးအရာရှိသည် ယင်းတောင်းဆိုချက်အကြောင်းအရာများကို သတ်မှတ်ထားပြီး တောင်းဆိုထားသည့် အခွင့်အရေးတစ်စိတ်တစ်ဒေသဖြစ်စေ (သို့) အပြည့်အစုံဖြစ်စေ၊ (သို့) ခွင့်ပြုခြင်း(သို့) ငြင်းပယ်ခြင်းကိုဖော်ပြသည့်အမိန့်ကို ချမှတ်နိုင်သည်။

(၅) အပိုဒ်ငယ်(၃)နှင့်(၄)အရ မှတ်သားထားသော အကြောင်းအရာများသည် ဖြစ်ရပ်အမှန်နှင့် လိုအပ်သောခံစားခွင့်များ အပြည့်အစုံကိုဖော်ပြသည့် အကြောင်းအရာများဖြစ်ရမည်။

## “ပုဒ်မ – ၈”

## သစ်တောနေရာချထားရေးအရာရှိ အာဏာ။

(၁) ယင်းစုံစမ်းစစ်ဆေးရေးအတွက် သစ်တောနေရာချထားရေးအရာရှိသည် အောက်ပါအာဏာများကို ကိုင်တွယ်ကျင့် သုံးသွားမည်။

**(က) နယ်မြေသတ်မှတ်ရေးအရာရှိ၏ အာဏာနှင့် –**

**(ခ) ကေအဲန်ယူ– တရားစီရင်ရေးဥပဒေအရပေးအပ်ထားသည့် သက်သေများဆင့်ခေါ်ခြင်းနှင့်အထောက်အထားများ ထုတ်ဖော်ခြင်း အခွင့်အာဏာ။**

(၂) “ပုဒ်မ–၁၇”အရ အမိန့်ကြေငြာချက်ကို ထုတ်ပြန်ခြင်းမပြုမီ “ပုဒ်မ–၇၊၈၊၁၀၊၁၁ (သို့)၁၂”အရ ထုတ်ပြန်ထားသည့်ကြေငြာချက်ကိုထုတ်ပြန်ပြီး(၁)လအတွင်းသစ်တောနေရာချထားရေးအရာရှိသည် လုံလောက်သောအကြောင်းအရာရှိပါကထုတ်ပြန်ထားသည့် ကြေငြာချက်များအပေါ် ပြန်လည်စီစဉ်စုံစမ်းစစ်ဆေးခြင်းများကို ပြန်လည်ပြုလုပ်ပြီး နောက် လိုအပ်မည်ဟုထင်မြင်ယူဆပါက အမိန့်သစ်တစ်ရပ်ကို ထပ်မံထုတ်ပြန်နိုင်သည်။

သို့ရာတွင် “ပုဒ်မ–၁၀”အပိုဒ် (၁) အပိုဒ်ငယ်(ဂ) အရလည်းကောင်း (သို့) “ပုဒ်မ–၁၂”အပိုဒ် (၁) အပိုဒ်ငယ် (က) (သို့) (ဂ)အရလည်းကောင်း ရရှိထားပြီးဖြစ်သောကိစ္စများ ပါဝင်ခြင်းမရှိ။

## “ပုဒ်မ – ၉”

## ရွှေ့ပြောင်းစိုက်ပျိုးရေးနှင့်ပက်သက်သောတောင်းဆိုချက်များကိုကိုင်တွယ်ဆောင်ရွက်ခြင်း။

(၁) ရွှေ့ပြောင်းစိုက်ပျိုးရေးကို တစ်စိတ်တစ်ဒေသအားဖြင့်လည်းကောင်း၊ အပြည့်အဝအားဖြင့်လည်းကောင်း၊ “ပုဒ်မ၇”အပိုဒ်(၃)အရ၊ ခွင့်ပြုထားလျှင် သစ်တောနေရာချထားရေးအရာရှိသည် –

(က) တောင်းဆိုခြင်းခံရသော သင့်တော်သည့်မြေနေရာကိုချန်လှပ်ပြီး အဆိုအရကန့်သတ်ထားသည့် သစ်တောကြိုးဝိုင်းနယ်မြေဧရိယာအကျယ် အဝန်းကိုပြောင်းလဲသတ်မှတ်ရမည်။ (သို့)

(ခ) အဆိုပြုထားသည့် သစ်တောကြိုးဝိုင်းအစိတ်အပိုင်းအချို့ကို သီးသန့်သတ်မှတ်ထားစေပြီး တောင်းဆိုထားသည့် ရွှေ့ပြောင်းစိုက်ပျိုးရေးပြုလုပ်ရန်အတွက်ပြဌာန်းထားသည့် စည်းကမ်းချက်များနှင့်စည်းမျဉ်းများနှင့်အညီ ခွင့်ပြုရမည်။

(၂) ရွှေ့ပြောင်းစိုက်ပျိုးရေးအတွက်ပေးအပ်သည့်အခွင့်အရေးသည် နယ်မြေအစိုးရ၏ကွပ်ကဲအုပ်ချုပ်မှုနှင့် ကန့်သတ်မှုအ ရဆောင်ရွက်သွားရမည်ဖြစ်ပြီး နယ်မြေအစိုးရကလိုအပ်သလို ယင်းအခွင့်အရေးကို ဖျက်သိမ်းသွားနိုင်သည်။ ၎င်းပြင် "ပုဒ်မ–၁၇"အရ၊ သီးသန့်ဖော်ပြခွင့်ပြုခြင်း မရှိပါက၊ ယင်းစိုက်ပျိုး ခွင့်အတွက် ခွင့်ပြုထားသူသာလုပ်ကိုင်ခွင့်ရှိသည်။

## "ပုဒ်မ – ၁၀"

## ဖြတ်သန်းသွားလာခွင့် ရေစီးလမ်းကြောင်း (သို့) သစ်တောထွက်ပစ္စည်း ရယူခွင့်ကိစ္စ။

အောက်ပါတောင်းဆိုချက်များဖြစ်သည့်–

(က)ဖြတ်သန်းသွားလာခွင့်ပစ္စည်းများ။

(ခ) ရေစီးလမ်းကြောင်း (သို့) ရေရယူခွင့် (သို့) –

(ဂ) တောစားကျက်ထားခွင့်(သို့)သစ်တောထွက်ပစ္စည်းရယူခွင့် စသည်တို့အတွက် "ပုဒ်မ–၇"အပိုဒ်(၄)အရ၊ တစ်စိတ် တစ်ဒေသဖြစ်စေ၊ အပြည့်အဝဖြစ်စေ ခွင့်ပြုနိုင်ရေးအတွက်ယင်းနှင့် ပက်သက်သည့်မြေများ အဆောက်အဦးများ၊ ၎င်းတို့နှင့်စပ်လျဉ်းသည့် အကြောင်းအရာများဖြစ်သည့် နေရာဧရိယာအကျယ် အဝန်းနှင့်ပိုင်ဆိုင်ခွင့်တို့ကို သစ်တော နေရာချထားရေးအရာရှိတို့က စနစ်တစ်ကျ မှတ်တမ်းတင်ထားရမည်။

## "ပုဒ်မ – ၁၁"

## တောစားကျက်ပြုလုပ်ခွင့်နှင့် သစ်တောထွက်ပစ္စည်းရယူခွင့် ပေးခြင်းကိစ္စ။

(၁) သစ်တောနေရာချထားရေးအရာရှိသည်"ပုဒ်မ–၇နှင့်၁၀"အရ၊တစ်စိတ်တစ်ဒေသဖြစ်စေ၊ ခွင့်ပြုထားသည့် နေရာ စားကျက်ပြုလုပ်ရန်(သို့)သစ်တောထွက်ပစ္စည်းရယူရန်အခွင့်အရေးများကိုစနစ်တကျပြုစု မှတ်တမ်းတင် ထားပြီးနောက် ၎င်းသည် –

(က) ယင်းတောင်းဆိုချက်များအတိုင်း အသုံးချသွားနိုင်ခြင်းအတွက် ပတ်သက်နေသည့် မြေနေရာများကို ချန်လှပ်ပြီး အဆိုပြုထားသည့်သစ်တောကြိုးဝိုင်း၏ နယ်မြေဧရိယာကို အသင့်တော် အမှန်ကန်ဆုံး ပြန်လည်ပြောင်းလဲခြင်း

(ခ) တိရစ္ဆာန်စားကျက်ထားရှိရေး(သို့)သစ်တောထွက်စွည်းများကို ရယူရေးအတွက်နယ်မြေ အစိုးရချုပ်ထိန်းမှုဖြင့် ခွင့်ပြုစေပြီး စနစ်တကျ မှတ်တမ်းတင်ထားခြင်း။

(ဂ) နယ်မြေအစိုးရ၏ ခွင့်ပြုချက်နှင့်တောင်းဆိုသူတို့၏ သဘောတူညီချက်ဖြင့်လိုအပ်သော နစ်နာကြေးငွေများကို သင့်တော်သလို ထုတ်ပေးခြင်းများကို ပြုလုပ်သွားရမည်။

(၂) "ပုဒ်မ–၁"အပိုဒ်(၁)အခန်းငယ်(၁)အရ ခွင့်ပြုထားသည့်အမိန့်စာအရအောက်ပါတို့ကို စနစ်တကျမှတ် တမ်းတင်ရေး သားပြုစုရမည်။

(က) တိရစ္ဆာန်များ၏ တောစားကျက်အတွက် ခွင့်ပြုရာတွင် တောင်းဆိုတင်ပြထားသည့် တိရစ္ဆာန်အမျိုးအစားနှင့် အရေအတွက်နှင့် အကြောင်းအရာများမည်သည့်ရာသီဥတုနှင့် အချိန်အခါတွင်ခွင့်ပြုထားခြင်းအသုံးပြုရမည့် အခွင့်အရေးအကန့်အသတ်နှင့်အသုံးပြုပုံစည်းကမ်းများနှင့် အခြားလိုအပ်သည့်အကြောင်းအရာများနှင့်–

(ခ) သစ်တောထွက်ပစ္စည်းရယူခွင့်နှင့်ပက်သက်၍ ခွင့်ပြုထားသည့်ရယူလိုသောပစ္စည်းအမျိုးအမည် အကြောင်းအရာပမာဏနှင့်အရေအတွက်ရယူရမည့်နယ်မြေဒေသအကန့်အသတ်နှင့်အချိန်အခါ မည်ကဲ့သို့နည်းဖြင့်ရယူရန် စသည်တို့နှင့်အခြားကျန်ရှိသော လိုအပ်သည့်အကြောင်းအရာများဖြစ်သည်။

## "ပုဒ်မ – ၁၂"

## အခြားတောင်းဆိုချက်များနှင့် ပတ်သက်သည့်အမိန့်။

(၁)"ပုဒ်မ–၁၀"အရတောင်းဆိုထားသည့်အခွင့်အရေးများအပြင် ယင်းမြေနှင့်ပတ်သက်သည့်အခြား တောင်းဆိုချက်များကို"ပုဒ်မ–၇"(၄)အရတစ်စိတ်တစ်ဒေသဖြစ်စေ၊အပြည့်အစုံဖြစ်စေတောင်းဆိုလာပါက သစ်တောနေရာချထားရေးအရာရှိသည်–

(က)နယ်မြေအစိုးရ၏ ခွင့်ပြုချက်ရယူပြီး ယင်းတောင်းဆိုသူနှင့် သဘောတူညီမှုရယူခြင်း။

(ခ) တောင်းဆိုထားသည့် မြေယာကို သစ်တောကြိုးဝိုင်းနယ်မြေထဲမှ ထုတ်ပယ်သတ်မှတ်ခြင်း။

(ဂ) ထိုတောင်းဆိုထားသည့် မြေနေရာများကိုတရားဝင်စေရန် ဆောင်ရွက်ပေးခြင်းတို့ကို ပြုလုပ်ရမည်။

(၂) ယင်းတောင်းဆိုထားသည့်နယ်မြေများ တရားဝင်ဖြစ်လာရေးအတွက် ဆောင်ရွက်ရာတွင်–

(က)သစ်တောနေရာချထားရေးအရာရှိသည် နယ်မြေချထားရေးအရာရှိအဖြစ်ဆောင်ရွက်ခြင်း။

(ခ) တောင်းဆိုထားသူသည် နယ်မြေချထားရေးအရာရှိထံလာရောက်၍ တောင်းဆိုစေခြင်း။

(ဂ) နယ်မြေချထားရေးအရာရှိသည်တောင်းဆိုသူ၏ သဘောတူညီချက်နှင့် လျော်ကြေးအဖြစ်–

(ဃ)တောင်းဆိုထားသောမြေ၏ ပိုင်ဆိုင်ခွင့်ကိုအစိုးရကိုယ်စား ရယူခြင်းနှင့်ပေးအပ်ခြင်း၊ ပြောင်းလဲစေခြင်းတို့ကို တောင်းဆိုထားသူထံသို့ ခွင့်ပြုခြင်းမပြုလုပ်ရ။နယ်မြေအစိုးရ၏ ခွင့်ပြုချက်ရရှိမှသာလျှင် ယင်းနယ်မြေအစိုးရ၏ကိုယ်စား ပြုလုပ်သွားရမည်။

## "ပုဒ်မ – ၁၃"

## အယူခံဝင်ခြင်း။

"ပုဒ်မ–၇၊၉၊၁၀၊၁၁ (သို့) ၁၂" အရ၊လျှောက်ထားတောင်းဆိုချက်မှ ရရှိသောသစ်တောနေရာချထားရေး အရာ ရှိ၏ အမိန့်အတွက်အယူခံဝင်လိုပါက အမိန့်ထုတ်ပြန်သည့်နေ့မှအစပြုပြီး(၃)လအတွင်း ခရိုင်အဆင့် အခွန်တော်ဌာနသို့ အယူခံအတွက် လျှောက်ထားတင်သွင်းရမည်။

## "ပုဒ်မ – ၁၄"

## အယူခံတင်ခြင်းနှင့် ကြားနာစစ်ဆေးခြင်း ။

"ပုဒ်မ–၁၃" အရ အယူခံရန်အတွက်လျှောက်ထားသည့်လျှောက်လွှာတိုင်း သစ်တောနေရာချထားရေး

အရာရှိမှတစ်ဆင့် တင်သွင်းရမည်။ သစ်တောနေရာချထားရေးအရာရှိသည် သက်ဆိုင်ရာအယူခံကိစ္စကိုကြားနာစစ်ဆေးနိုင်သည့် အရာရှိထံသို့ ချက်ချင်းဆက်လက်တင်သွင်းရမည်။

## "ပုဒ်မ – ၁၅"

## နယ်မြေအရာရှိ၏ ပြန်လည်စီစစ်လေ့လာခြင်း ။

နယ်မြေအစိုးရသည် "ပုဒ်မ–၁၇"အရ၊ အမိန့်ထုတ်ပြန်ကြေငြာချက်ကို ထုတ်ပြန်ကြေငြာခြင်းမပြုမီ၊ သစ်တော နေရာချထားရေးအရာရှိ (သို့) အယူခံအရာရှိ (သို့) အယူခံအရာရှိတို့၏ ထုတ်ပြန်ထားသည့် အမိန့်များကို ပြန်လည် စီစစ်လေ့လာရမည်ဖြစ်ပြီး ဆက်လက်စုံစမ်းရေးနှင့် အခြားကျန်ရှိသောလုပ်ဆောင်မှု ကိစ္စတို့ကို လုပ်ရန်လိုအပ်မည်ဟု ယူဆပါက ၎င်းကိစ္စအတွက်ဆက်လက်စုံစမ်း ဆောင်ရွက်နိုင်သည်။

## "ပုဒ်မ – ၁၆"

## သစ်တောကြိုးဝိုင်းအဖြစ် အဆိုတင်သွင်းချက်ကို ရုပ်ဆိုင်းပယ်ဖျက်ခြင်း။

အဆိုတင်သွင်းချက်ကို ရုပ်ဆိုင်းနိုင်သည့်အာဏာ – နယ်မြေအစိုးရသည် "ပုဒ်မ–၁၇"အရ ထုတ်ပြန်ကြေငြာချက်ကိုမထုတ်ပြန်သေးမီ မည်သည့်အချိန်တွင်မဆို သစ်တောကြိုးဝိုင်းပြုလုပ်ရန်တင်သွင်းထားသောအဆိုကို ရုပ်သိမ်း နိုင်သည်။ ယင်းအဆိုကိုရုပ်သိမ်းကြောင်း ခရိုင်သစ်တောဌာနမှူးက၊ "ပုဒ်မ–၁၅"တွင်ပါရှိသည့် ဖော်ပြချက်အတိုင်း ထုတ်ပြန်ကြေငြာရမည်။ ယင်းထုတ်ပြန်ကြေငြာချက်ပေါ်ထွက်လာသည်နှင့်တစ်ချိန်တည်း "ပုဒ်မ–၆"တွင်ပါရှိသည့် အ ချက်အလက်အားလုံး တရားဝင်ပျက်ပြယ်သည်။

## "ပုဒ်မ – ၁၇"

## သစ်တောကြိုးဝိုင်းအဖြစ် အမိန့်ကြော်ငြာစာ ထုတ်ပြန်ခြင်း။

သစ်တောကြိုးဝိုင်းဖြစ်ခြင်း၏ အာဏာ၊ လုပ်ပိုင်ခွင့်များနှင့်တာဝန်များ။

(၁) အောက်ပါဖြစ်ရပ်များ ဆောင်ရွက်ပြီးစီးလျှင်–

(က)"ပုဒ်မ–၅" အရ၊ တောင်းဆိုချက်ကို သစ်တောနေရာချထားရေးအရာရှိက ပြေလည်အောင်ဆောင်ရွက်ခြင်း။

(ခ) "ပုဒ်မ–၁၃"အရ၊ ယင်းနှင့်ပတ်သက်သည့် အယူခံဝင်ခြင်းများ ပြီးပြတ်ပြေလည် ပြီးစီးခြင်းနှင့် –

(ဂ) သစ်တောကြိုးဝိုင်းအဖြစ် ထားရှိမည့်နေရာဒေသ၊ နယ်နမိတ်အကျယ်အဝန်း၏ ကန့်သတ်ချက်ကိုတိကျစွာ သစ်တောနေရာချထားရေးအရာရှိက ချမှတ်နိုင်ခြင်းစသည်တို့ကို ပြီးပြည့်စုံစွာဆောင်ရွက်ပြီးလျှင်၊ နယ်မြေအစိုးရက ကန့်သတ်ချက်ရှိသည့် နေရာဒေသကို သစ်တောကြိုးဝိုင်းအဖြစ် ထုတ်ပြန်ကြေငြာမည်ဖြစ်ပြီး ယင်းကို ကြေငြာခြင်းပြုသည့် အချိန်မှအစပြုပြီး သစ်တောကြိုးဝိုင်းအဖြစ် တရားဝင်တည်ရှိမည်။ ယင်းကြေငြာချက်တွင် အဆိုပါသစ်တောကြိုးဝိုင်းနှင့်ပက်သက်သည့် အခွင့်အရေးနှင့်လုပ်ပိုင်ခွင့်များကို တစ်ပါတည်းထုတ် ပြန်ကြေငြာသွားမည်။

(၂) ယင်းထုတ်ပြန်ကြေငြာသည့်ရက်စွဲမှအစပြုပြီး ယင်းသစ်တောသည် အစိုးရသစ်တောကြိုးဝိုင်းအဖြစ် တည်ရှိမည်ဖြစ်ပြီး ယင်းသစ်တောအတွင်းရှိသစ်တောထွက်ပစ္စည်းများ၊ သက်ရှိသတ္တဝါများ (တောတွင်းတိရစ္ဆာန်များ)

နှင့်ကျန်အားလုံးသောပစ္စည်းများသည်ထုတ်ပြန်ကြေငြာချက်နှင့်အညီအစိုးရကပိုင်ဆိုင်သောပစ္စည်းများဖြစ်သည်။

## "ပုဒ်မ – ၁၈"

## တောင်းဆိုခြင်းမရှိသည့် အခွင့်အရေးများ ဆုံးရှုံးရပ်ဆိုင်းခြင်း။

"ပုဒ်မ–၁၇"အရ၊အမိန့်ကြေငြာစာကိုထုတ်ပြန်ပြီးနောက်ပိုင်းတွင် "ပုဒ်မ –၅"အရတောင်းဆိုရန်ကိစ္စများနှင့် အခြားအခွင့်အရေးများတောင်းဆိုရန် ကျန်ကိစ္စမှန်သမျှသည် တရားဥပဒေနှင့်အညီ ခိုင်လုံသောအထောက်အထား ကို ကျေနပ်လောက်အောင် တင်ပြတောင်းဆိုနိုင်ခြင်းမရှိပါက ယင်းကိစ္စနှင့်စပ်လျဉ်း၍တရားဝင်တောင်းဆိုခြင်း အခွင့်အရေး များလုံးဝဆုံးရှုံးရပ်ဆိုင်းထားပြီးဖြစ်သည်။ သို့သော်ကျေနပ်လောက်သည့် အကြောင်းပြချက်ကို တရားဥပဒေနှင့်အညီ ပြဆိုနိုင်ခဲ့လျှင် သစ်တောနေရာချထားရေးအရာရှိသည် "ပုဒ်မ–၁၇"အရ အမိန့်ထုတ်ပြန် ကြေငြာခြင်းမပြုမီ အရေး ယူ ဆောင်ရွက်ရမည်။

## "ပုဒ်မ – ၁၉"

## အမိန့်ထုတ်ပြန်ကြေငြာချက်ကို ယင်း သစ်တောအနီးအနားပတ်ဝန်းကျင်၌ ထုတ်ပြန် ကြေငြာခြင်း။

ယင်းနယ်မြေနှင့်သက်ဆိုင်သော ခရိုင်သစ်တောဌာနမှူးက၊ ယင်းသစ်တောကြိုးဝိုင်းအဖြစ် သတ်မှတ်ကြောင်း ထုတ်ပြန်ကြေငြာမည့်ရက်စွဲမတိုင်မီ၊ ယင်းဒေသတွင်နေထိုင်ကြသူများ၏ နားလည်နိုင်သောဘာသာစကားဖြင့်ဘာသာပြန်ဆိုပြီး"ပုဒ်မ–၅"တွင်ဖေါ်ပြသည့်အတိုင်း ယင်းဒေသနှင့်သစ်တောကြိုးဝိုင်း အနီးအနားပတ်ဝန်းကျင်တို့ကို ထုတ်ပြန်ကြေငြာရမည်။

## "ပုဒ်မ – ၂၀"

## သစ်တောနေရာချထားရေးအရာရှိ၏စီစဉ်လုပ်ဆောင်ချက်တို့ကိုပြန်လည်ဆန်းစစ်ရန်နယ်မြေ အစိုးရ၏အာဏာ။

"ပုဒ်မ–၁၇"အရ၊ အမိန့်ကြေငြာစာကိုထုတ်ပြန်ပြီးနောက် (၅)နှစ်အတွင်းနယ်မြေအစိုးရသည် "ပုဒ်မ–၉၊၁၁၊(သို့)၁၄"အရ၊သစ်တောနေရာချထားရေးအရာရှိ၏ စီစဉ်ဆောင်ရွက်ချက်များကို ပြန်လည်လေ့လာဆန်းစစ်ပြီး ရပ်သိမ်းခြင်း(သို့) ပြင်ဆင်ခြင်းများပြုလုပ်နိုင်သည်။၎င်းပြင်လိုအပ်ပါက သစ်တောနေရာချထားရေးအရာရှိအား ဆက်လက်စုံစမ်းခြင်းပြုလုပ်ရန်ညွှန်ကြားခြင်း (သို့)သင့်တော်သောအခြားအရာရှိတစ်ဦးဦးအား ၎င်းအတိုင်း ဆက်လက်ဆောင်ရွက် စေခြင်းကို ပြုလုပ်နိုင်သည်။

## "ပုဒ်မ –၂၁"

## ရွှေ့ပြောင်းစိုက်ပျိုးခြင်းကို ပယ်ဖျက်ခြင်း။

"ပုဒ်မ–၉"(၁)၊ (ခ) အရ၊ ရွှေ့ပြောင်းစိုက်ပျိုးခွင့်ပေးခြင်းခံရသော ပုဂ္ဂိုလ်တစ်ဦးဦးသို့ ၎င်း၏ကိုယ်စားလှယ်သည် (၅)နှစ်ဆက်တိုက် ယင်းစိုက်ပျိုးခြင်းမျိုးကို ပြုလုပ်ခြင်းမရှိကြောင်း ကျေနပ်လောက်သည့် စုံစမ်းမှုများမှ (သိရှိရပါက နယ်မြေအစိုးရသည် လိုအပ်သလိုရွှေ့ပြောင်းစိုက်ပျိုးခွင့်ကို ပယ်ဖျက်ပြီး ရွှေ့ပြောင်းစိုက်ပျိုးခွင့် ပေးထား

သောနယ်မြေကို လျှော့ချပယ်ဖျက်ကာ၊ အသစ်ပြန်လည်သတ်မှတ်ရမည်။

## "ပုဒ်မ – ၂၂"

## သစ်တောကြိုးဝိုင်းနှင့် ပတ်သက်သည့် အခွင့်အရေးရယူခြင်း။

သစ်တောကြိုးဝိုင်းနှင့် ပတ်သက်ပြီး၊ အမွေရပိုင်ခွင့် (သို့) ရရှိထားပြီးဖြစ်သော စာဖြင့်ရေး သားထားသည့် နယ်မြေအစိုးရ၏ သဘောတူခွင့်ပြုချက်အခွင့်အရေး(သို့)အာဏာအပ်နှင်းခြင်းခံရသည့် ခွင့်ပြုချက်မှရရှိသော အခွင့်အရေးတို့မှတစ်ပါး၊ သစ်တောကြိုးဝိုင်းနှင့်ပတ်သက်သည့် မည်သည့်အခွင့်အရေးကိုမဆို ရယူနိုင်ခြင်းမရှိ။

## "ပုဒ်မ – ၂၃"

## သစ်တောထွက်ပစ္စည်းနှင့်တိရစ္ဆာန်စားကျက်ပြုလုပ်ခြင်းအခွင့်အရေးနှင့်ပတ်သက်သည့်စည်းကမ်းကန့်သတ်ချက်။

(၁) သစ်တောဌာနဆိုင်ရာတို့၏ခွင့်ပြုချက်မရရှိဘဲ သစ်တောကြိုးဝိုင်းနှင့်ပတ်သက်သည့် ပေးထားသော အခွင့်အရေးမျိုးကို ရောင်းစားခြင်းပေးအပ်ခြင်း၊ ပေါင်နှံခြင်းစသည်တို့ကို လွှဲပြောင်းပြုလုပ်ခွင့်လုံးဝမရှိပါ။

(၂) သစ်တောကြိုးဝိုင်းနှင့် ပတ်သက်သည့်ပေးထားသော အခွင့်အရေးများကို (၅)နှစ်ထက် ပိုလွန်သောအချိန်အတွင်း၊ ဆကတိုက်အသုံးပြုခြင်းမရှိပါက၊ နယ်မြေအစိုးရသည်လုံလောက်သော စုံစမ်းသိရှိချက်အရ၊လိုအပ်သလို ယင်းအခွင့်အရေးများကို ပယ်ဖျက်နိုင်သည်။

## "ပုဒ်မ – ၂၄"

## သစ်တောကြိုးဝိုင်းအတွင်း ဖြတ်သန်းခွင့်၊ ရေလမ်းများ ပြုလုပ်ခွင့်တို့ကို တားဆီးပိတ်ပင်နိုင်သည့်အာဏာ။

မည်သည့် သစ်တောအရာရှိမဆို၊ အချိန်ကာလအားလျော်စွာ နယ်မြေအစိုးရကိုယ်စား (သို့) ဤကိစ္စအတွက် ကိုယ်စားပြုနိုင်သော သစ်တောအရာရှိ၏ ကြိုတင်ခွင့်ပြုချက်ဖြင့် သစ်တောကြိုးဝိုင်းအတွင်းရှိ ပုဂ္ဂလိကလမ်း(သို့) ရေလမ်းရှိထားပြီး(သို့)လုပ်ပေးထားပြီးမှသာလျှင် အထက်ပါအာဏာကို အသုံးပြုနိုင်မည်။

## "ပုဒ်မ – ၂၅"

## သစ်တောကြိုးဝိုင်းအတွင်း တားမြစ်ထားသည့် လုပ်ရပ်များ ။

"ပုဒ်မ–၂၇"နှင့် အကျုံးဝင်မှုမရှိသောအောက်ပါလုပ်ရပ်များကို သစ်တောကြိုးဝိုင်းအတွင်းပြုလုပ်ခြင်းကို တရား ဝင်တားမြစ်သည်။

(က)ဖြတ်သန်းခြင်း(သို့)ကျွဲနွားတိရစ္ဆာန်စားကျက်ပြုလုပ်ခြင်း (သို့) ကျွဲနွားတိရစ္ဆာန်များကို ဖြတ်သန်းစေခြင်း (သို့)–

(ခ) မည်သည့်သစ်(သို့)သစ်ပင်များကိုမဆို ခုတ်လှဲခြင်း ဖြတ်ခြင်းသင်းသတ်ခြင်း၊ မှတ်သားခြင်း၊ အနာတရဖြစ်စေခြင်း (သို့)မီးလောင်စေခြင်း (သို့)–

(ဂ) သစ်ခုတ်လှဲရာ၌လည်းကောင်း၊ ဖြတ်တောက်ရာ၌လည်းကောင်း၊ ဆွဲယူခြင်းပြုလုပ်ရာ၌လည်းကောင်း၊ပေါ့လျော့မှုဖြင့် ပျက်စီးဆုံးရှုံးမှု ဖြစ်ပေါ်စေခြင်း (သို့)–

(ဃ) မီးများထွန်းညှိခြင်း၊မွေးခြင်း၊ယူဆောင်ခြင်းများကို အခါအားလျော်စွာအချိန်ကာလနှင့် လုပ်ပုံလုပ်နည်းအရခွင့်ပြုထားခြင်းမှအပ ကျန်အချိန်အခါများတွင် ပြုလုပ်ခြင်း(သို့)–

(င) ကျောက်တူးခြင်း၊ထုံးဖောက်ခြင်း၊မီးသွေးဖုတ်ခြင်း(သို့)ဝတ္ထုပစ္စည်းများစုဆောင်းခြင်း (သို့)သစ်တောထွက်ပစ္စည်းတစ် ခုခုကို ဖယ်ရှားခြင်း (သို့)–

(စ) မြေနေရာတခုခုကို စိုက်ပျိုးရန်အတွက် ခုတ်ထွင်ရှင်းလင်းခြင်း (သို့)–

(ဆ)ရေကိုအဆိပ်သင့်စေခြင်း (သို့)ဖောက်ခွဲခြင်း (သို့)–

(ဇ) ပိတ်ပင်ထားသော စည်းမျဉ်းများကို ချိုးဖောက်ပြီးအမဲလိုက်ခြင်း၊ သေနတ်ပစ်ခြင်း၊ မြုံးထောင်ခြင်း၊ ငါးဖမ်းခြင်း စသည်တို့ဖြစ်သည်။

## <u>"ပုဒ်မ – ၂၆"</u>

## သစ်တောကြိုးဝိုင်းအနီး မီးရှို့ခြင်းအမှုကို အရေးယူခြင်း။

"ပုဒ်မ–၂၇"နှင့် အကျုံးဝင်ခြင်းမရှိပါက လူတစ်ဦးတစ်ယောက်သည် နယ်မြေသစ်တောစည်းမျဉ်းတစ်ခုခုနှင့်ဆန့်ကျင်ပြီး သစ်တောကြိုးဝိုင်းအနီးတွင် သစ်တောကြိုးဝိုင်းကို မီးလောင်နိုင်သည့်အန္တရာယ်ပြုစေသည့် မီးဖိုခြင်း၊ မီးညှိခြင်း၊ ရှို့ခြင်း(သို့)ရှို့ ထားသောမီးကို ငြိမ်းသတ်ခြင်းမပြုဘဲထားခြင်း စသည်အမှုများကို ပြုလုပ်ပါကဥပဒေအရ တရား ဝင် အရေးယူနိုင်သည်။

## "ပုဒ်မ –၂၇၊၂၅၊ ၂၆၊ ၅၂ နှင့် ၅၃" တို့မှကင်းလွတ်စေသည့် လုပ်ရပ်များ ။

"ပုဒ်မ–၂၅၊ ၂၆၊ ၅၂ (သို့) ၅၃" အတွင်းရှိမည့် အချက်အလက်မှ အောက်ပါတို့ကိုတားမြစ်ခြင်းမရှိ။

(က) "ပုဒ်မ–၁၀"တွင်ပါရှိသည့် နယ်မြေအစိုးရ၏အမိန့်များအရ ဆောင်ရွက်သောအလုပ်များ။

(ခ) အာဏာအပ်နှင့်ခြင်းခံရသောသစ်တောအရာရှိ၏စာဖြင့်ရေးသားသော ခွင့်ပြုချက်ဖြင့်ဆောင် ရွက်သည့်လုပ်ရပ်များ။

(ဂ) "ပုဒ်မ–၉" ရွှေ့ပြောင်းစိုက်ပျိုးခွင့် ရရှိထားသည့်လုပ်ရပ်များ (သို့)–

(ဃ)"ပုဒ်မ–၂၂" အရ၊ သဘောတူစာချုပ်ဖြင့်ပေးအပ်ထားသောခွင့်ပြုချက်အရ ဆောင်ရွက်သည့်လုပ်ရပ်များ စသည်တို့ဖြစ်သည်။

## “ပုဒ်မ – ၂၈”

## သစ်တောတခုကို သစ်တောကြိုးဝိုင်းအဖြစ်မှ ရုပ်စဲကြောင်းကြေငြာသည့် အာဏာ။

သစ်တောကြိုးဝိုင်းအဖြစ် ရုပ်စဲခြင်း။

(၁) နယ်မြေအစိုးရသည် ဗဟိုအစိုးရ၏ခွင့်ပြုသဘောတူညီချက်ဖြင့် သစ်တောအက်ဥပဒေအရ သတ်မှတ်ထားသည့်သစ်တောကြိုးဝိုင်းတစ်ခု (သို့) ၎င်း၏အစိတ်အပိုင်းတစ်ချို့ကို သတ်မှတ်ထားသည့် နေ့ရက်မှအစပြုပြီးသစ်တောကြိုးဝိုင်းအဖြစ်မှ ရုပ်စဲလိုက်ကြောင်း အမိန့်ကြေငြာချက်ထုတ်ပြန်နိုင်သည်။

(၂) သတ်မှတ်ထားသည့်နေ့ရက်မှအစပြု၍ ယင်းကဲ့သို့ကြေငြာထားသော သစ်တော(သို့)၎င်း၏ အစိတ်အပိုင်းအချို့သည်သစ်တောကြိုးဝိုင်းအဖြစ်မှ ရုပ်စဲသွားမည်ဖြစ်သည်။သို့သော် ၎င်းနှင့်အတူပျက်ပြယ်သွားသောအခွင့်အရေးများသည် တစ်ဖန်ပြည်လည်ဖြစ်ထွန်းရယူနိုင်မည်မဟုတ်။

# အခန်း (၃)

# အစိုးရပိုင်သစ်ပင်များ

## “ပုဒ်မ – ၂၉”

## သစ်တောများနှင့်သစ်တောထွက်ပစ္စည်းများအတွက်အထွေထွေစောင့်ရှောက်ထိန်းသိမ်းခြင်း။

(၁) အစိုးရ၏သီးခြားပိုင်ဆိုင်ခွင့်ပေးထားခြင်းမရှိသေးသည့် မည်သည့်နေတွင်မဆိုပေါက်ရောက်တည်ရှိနေသောကျွန်းပင်များသည် အစိုးရပိုင်သစ်ပင်များဖြစ်သည်။

(၂) နယ်မြေအစိုးရသည် အစိုးရ၏အစီစဉ်အရသတ်မှတ်ထားသည့် အချိန်နေ့ရက်တွင်အမိန့်ကြေငြာချက်ဖြင့် မည်သည့်သတ်မှတ်ထားသည့် အခြားသစ်ပင်မျိုးကိုမဆို အစိုးရပိုင်သစ်ပင်များအဖြစ် ထုတ်ပြန်ကြေငြာမည်။

## “ပုဒ်မ – ၃၀”

## အစိုးရပိုင်သစ်ပင်များ ထိန်းသိမ်းကာကွယ်ခြင်း။

နယ်မြေအစိုးရ၏ခွင့်ပြုချက်နှင့် စည်းမျဉ်းအရမှတစ်ပါး (သို့) “ပုဒ်မ–၃၃”အရမှတစ်ပါး အစိုးရပိုင်သစ်ပင်များကို မည်သူမဆိုခုတ်လှဲခြင်း၊ ပိုင်းဖြတ်ခြင်း၊ သင်းသတ်ခြင်း၊ အနာတရဖြစ်စေခြင်း၊ မီးလောင်စေခြင်း (သို့) တစ်နည်းနည်းဖြင့် ထိခိုက်စေခြင်းများကို အလျဉ်းမပြုရ။

## “ပုဒ်မ – ၃၁”

## သစ်တောထွက်ပစ္စည်းများအတွက် အခွန်ပေးဆောင်ခြင်း။

သစ်တောထဲတွင် သစ်တောထွက်ပစ္စည်းများမှ ထုတ်လုပ်သည့်အရာဝတ္ထုများဖြစ်သည့် ရှားစေး၊ သစ်စေး၊ ချိတ်နှင့်အခြားသောသစ်တောထွက်ပစ္စည်းများကိုထုတ်လုပ်စုဆောင်းရာတွင် အစိုးရအား အခွန်ပေးဆောင်ရမည်။ ယင်းအတွက်နယ်မြေအစိုးရက “ပုဒ်မ–၂” (၅) (ခ) အရ၊ သတ်မှတ်ထားသည့် သစ်တောထွက်ပစ္စည်းများကို အစိုးရအစီအစဉ်အရ၊အမိန့်ကြေငြာချက်များထုတ်ပြန်သွားမည်။ယင်းထုတ်ပြန်ရာတွင် ထိုပစ္စည်းများကို

ထုတ်လုပ်သည့် နေရာ၊ရေိယာအကျယ်အဝန်းနှင့် အမျိုးအစားများကို ဖော်ပြသွားမည်။

## "ပုဒ်မ – ၃၂"

## ကြိုးပြင်တော ထိန်းသိမ်းကာကွယ်ရန်အတွက် စည်းမျဉ်းများရေးဆွဲရန်အာဏာ။

(၁) နယ်မြေအစိုးရကသော်လည်းကောင်း၊အခြားပြဌာန်းထားသည့်စည်းမျဉ်းအရသော်လည်းကောင်း၊တရားဝင်တားဆီးခြင်းမရှိပါက မည်သည့်ပုဂ္ဂိုလ်မဆို ချုပ်ချယ်ပိတ်ပင်မှုကင်းစွာဖြင့် အစိုးရပိုင်သစ်ပင်နှင့်သစ်များမှလွဲ၍ ကြိုးပြင် တောတွင်ရှိသော သစ်တောထွက်ပစ္စည်းများကို အသုံးပြုနိုင်သည်။

(၂) နယ်မြေအစိုးရသည် ကြိုးပြင်တောရှိ စည်းမျဉ်းဥပဒေအရ၊အောက်ပါတို့ကိုဆောင်ရွက်နိုင်သည်။

(က)တောမီးများပြန့်ပွားလောင်ကျွမ်းခြင်းမှ ကာကွယ်ရန်အတွက်မီးရှို့ခြင်း ညှိခြင်းကို တားမြစ်ပိတ်ပင်ခြင်း။

(ခ) သစ်ပင်များ(သို့)သစ်များခုတ်လှဲခြင်း၊ပိုင်းဖြတ်ခြင်း၊သင်းသတ်ခြင်း၊အမှတ်အသားပြုခြင်း၊ မီးဖြင့်အနာတရဖြစ်စေခြင်း(သို့)တနည်းနည်းဖြင့်အပျက်အစီးဖြစ်စေခြင်း၊ သစ်များကို လှွတိုက်ပြောင်းရွှေ့ခြင်း သစ်တောထွက်ပစ္စည်းဖယ်ရှားခြင်းစသောအမှုတို့ကို ပြုလုပ်ခြင်းတို့မှတားဆီးပိတ်ပင်ခြင်း။

(ဂ) ရှားစေးထုတ်လုပ်ခြင်း(သို့)မီးသွေးဖုတ်ခြင်းတို့ကို တားဆီးပိတ်ပင်ခြင်း။

(ဃ)ကျွဲနွားတိရစ္ဆာန်များအစာအတွက်မြက်များရိတ်ယူခြင်းနှင့်စားကျက်ပြုလုပ်ခြင်းတို့မှတားဆီးခြင်း၊ မြက်ရိတ်ခြင်းနှင့် တိရစ္ဆာန်စားကျက်အတွက် အခကြေးငွေပေးစေခြင်း။

(င) ရေကိုအဆိပ်သင့်စေခြင်း (သို့)ဖောက်ခွဲခြင်းမှတားဆီးခြင်း၊ တောလည်ခြင်း၊ သေနတ်ပစ်ခြင်း၊ ငါးရှာခြင်းနှင့် မြုံးနှင့်ထောင်ချောက်များထောင်ခြင်းတို့မှတားဆီးပိတ်ပင်ခြင်း။

(စ) သစ်တောထွက်ပစ္စည်းများကိုအခမဲ့ပေးခြင်း(သို့)ရောင်းခြင်းအတွက် ဆောင်ရွက်ခြင်းနှင့် –

(ဆ)သစ်တောထွက်ပစ္စည်းများအတွက်ပေးဆောင်ငွေများ၊အခွန်တော်များနှင့်အခြားငွေများ၏ ပေးဆောင်နှုန်းထားများနှင့် ပေးဆောင်နည်းများကို သင့်တော်သလိုသတ်မှတ်ပြဌာန်းခြင်း။

## ပြစ်ဒဏ်ကို စည်းမျဉ်းနှင့် တွဲလျက်ပေးနိုင်သည့်အာဏာ။

(၃) နယ်မြေအစိုးရသည်ဤပုဒ်မအရပြဌာန်းထားသည့် စည်းမျဉ်းကိုချိုးဖောက်ပါက (၆)လထက်မပိုသောထောင်ဒဏ် (သို့) (၅၀၀၀၀)ကျပ် ထက်မပိုသောဒဏ်ငွေ (သို့) နှစ်ရပ်လုံးကို ပြစ်ဒဏ်သတ်မှတ်စီရင်နိုင်သည်။

(၄) နယ်မြေအစိုးရသည် မည်သည့်ပုဂ္ဂိုလ်ကိုမဆို (သို့) မည်သည့်အတန်းအစားကိုမဆို (သို့) မည်သည့်နယ်မြေရေိယာတ ခုခုကိုမဆို ဤပုဒ်မအရရှိသော စည်းမျဉ်းများမှကင်းလွတ်ခွင့်ပေးနိုင်သည်။

## "ပုဒ်မ – ၃၃"

## ဤအခန်းတွင်ပါရှိသောပုဒ်မများသည်အချို့သောလုပ်ဆောင်ချက်များကိုတားဆီးပိတ်ပင်ခြင်း မဟုတ်သောကိစ္စများ။

အာဏာအပ်နှင်းခြင်းခံရသော သစ်တောအရာရှိ၏စာဖြင့်ရေးသားသော ခွင့်ပြုချက်ဖြင့်ဆောင်ရွက်သော လုပ်ဆောင်ချက်များသည် ဤအခန်းအတွင်းရှိ ပုဒ်မများကတားဆီးပိတ်ပင်ခြင်းမရှိ။

# အခန်း (၄)

# သစ်တောထွက်ပစ္စည်းများအတွက် အခွန်သတ်မှတ်ရန်အာဏာ

## “ပုဒ်မ – ၃၄”

## သစ်တောထွက်ပစ္စည်းများအပေါ်အခွန်များ။

(၁) နယ်မြေအစိုးရသည် မိမိပိုင်နယ်မြေအတွင်းအမိန့်ကြေငြာချက်အရ သတ်မှတ်ထားသည့်အခွန်နှုန်းထားအတိုင်း မိမိပိုင်နယ်မြေမှအခြားနယ်မြေသို့လည်းကောင်း၊မိမိပိုင်နယ်မြေအတွင်းတွင်လည်းကောင်း၊သစ်တောထွက်ပစ္စည်းများကို ယူဆောင်သွားခြင်းတို့အတွက် အခွန်များကို စည်းကြပ်ကောက်ခံသွားမည်။

မိမိပိုင်နယ်မြေအတွင်းမဟုတ်သော သစ်တောထွက်ပစ္စည်းများကို အခွန်စည်းကြပ်ကောက်ခံရန်အတွက် နယ်မြေအစိုးရသည် ဗဟိုအစိုးရ၏ သဘောတူခွင့်ပြုချက်ကိုရယူရမည်။

(၂) အခွန်ကိုပစ္စည်းတန်ဖိုးများအပေါ် အချိုးကျကောက်ခံရန် ညွှန်ကြားထားသည့်ကိစ္စရပ်များအတွက် နယ်မြေအစိုးရသည်အမိန့်ထုတ်ပြန်ကြေငြာရမည်ဖြစ်ပြီးယင်းထုတ်ပြန်ကြေငြာထားသည့်အတိုင်း မှန်ကန်စွာဆောင်ရွက်ခြင်းဖြင့် အခွန်မည်၍မည်မျှသင့်ကြောင်းကို ရယူရမည်။

## “ပုဒ်မ – ၃၅”

## အတ္တရံမြစ်အတွင်း မျှောဆင်းလာသော သစ်အချို့အတွက် အခွန်။

အတ္တရံမြစ်ပိုင်သစ်တောအတွင်းခုတ်ယူသော သစ်တောအားလုံးနှင့် ၎င်းမြစ်အတွင်း မျှောချသောယင်းသစ်များအတွက် အောက်ပါအခွန်နှုန်းထားအတိုင်း စည်းကြပ်ကောက်ခံသွားရမည်။

| | |
|---|---|
| လုံးပတ်– ၅ပေ အထက်ရှိသစ်တုံးတစ်တုံးအတွက် | – (၅၀၀) ကျပ် |
| လုံးပတ်– ၅ပေ အောက်ရှိသစ်တုံးတစ်တုံးအတွက် | – (၂၅၀) ကျပ် |
| ပင်စည်တုံးများတစ်တုံးလျှင် | – (၁၀၀) ကျပ် |
| ကွေးလိမ်တုံးများတစ်တုံးလျှင် | – (၁၀၀) ကျပ် |

ဤအခွန်နှုန်းထားသည် အစိုးရနှင့်ရရှိထားသော စာချုပ်အရအထူးနှုန်းထားဖြင့် ကောက်ခံရမည့်သစ်များနှင့်အခြားသောမိမိပိုင်နယ်မြေအတွင်းရှိမြစ်ချောင်းများမှသစ်များကိုမျှောချလာသော သစ်များ၏အခွန်ကို ကောက်ခံရာ၌ လုံးဝပတ်သက်ခြင်းမရှိ။

## “ပုဒ်မ – ၃၆”

## သစ်တောထွက်ပစ္စည်းကို အခွန်ကောက်ခြင်းမှ ကင်းလွတ်ခွင့်အာဏာ။

နယ်မြေအစိုးရသည် “ပုဒ်မ–၃၄နှင့် ၃၅” တို့နှင့်အကျုံးဝင်သော မည်သည့်သစ်တောထွက်ပစ္စည်းများကိုမဆို အခွန်ကောက်ခံခြင်းမှ ကင်းလွတ်ခွင့်ပေးနိုင်သည်။

# အခန်း (၅)

# သစ်တောထွက်ပစ္စည်း သယ်ယူရေးလုပ်ငန်းအတွက် စည်းမျဉ်းလုပ်ပိုင်ခွင့်အာဏာ။

## “ပုဒ်မ – ၃၇”

## သစ်တောထွက်ပစ္စည်းများကို သယ်ယူရေးအတွက် အထွေထွေထိန်းသိမ်းခြင်း။

(၁) သစ်ကိုမျှောချရန်အတွက် အသုံးပြုသည့်မြစ်အားလုံးနှင့် ၎င်းတို့၏ကမ်းပါးများကိုထိန်းသိမ်းခြင်းအပါအဝင် သစ်တောထွက်ပစ္စည်းများကိုရေလမ်း(သို့)ကုန်းလမ်းဖြင့် သယ်ယူရေးလုပ်ငန်းအတွက်ထိန်းသိမ်းရန်အာဏာ သည်နယ်မြေအစိုးရ၏လက်ထဲတွင်ရှိပြီးယင်းအစိုးရသည် သစ်တောထွက်ပစ္စည်းအားလုံး၏ သယ်ယူရေး လုပ်ငန်းအတွက် စည်းမျဉ်းများရေးဆွဲချမှတ်သွားမည်။

(၂) အထူးသဖြင့်အထက်ပါအာဏာ၏ သဘောကိုမထိခိုက်စေသည့် အောက်ပါစည်းမျဉ်းများဖြစ်သည်။

(က) ဤဥပဒေက ခွင့်ပြုထားနိုင်သည်အထိသစ်တောထွက်ပစ္စည်းများကို သွင်းစေခြင်း(သို့)ထုတ်စေခြင်း(သို့) နယ်မြေအတွင်းတနေရာမှတနေရာသို့ယူဆောင်ခြင်းတို့အတွက် တခုတည်းအဖြစ်အသုံးပြုနိုင်သောလမ်းများ၊

(ခ) သက်ဆိုင်ရာအာဏာအပ်နှင်းခြင်းခံရသော သစ်တောအရာရှိထံမှ ခွင့်ပြုလက်မှတ်မပါသည့် သစ်တောထွက် ပစ္စည်းများကိုထုတ်ခြင်း၊သွင်းခြင်းခွင့်ပြုလက်မှတ်မှပေးထားသည့် စည်းကမ်းချက်နှင့်ကိုက်ညီစွာ ဆောင်ရွက် ခြင်းမရှိသော သစ်တောပစ္စည်းများကိုတားမြစ်ခြင်း။

(ဂ) ယင်းလက်မှတ်များကို ထုတ်ပေးခြင်း၊ယင်းလက်မှတ်များမှ ထုတ်လုပ်မှုများ ဖြစ်ပေါ်စေခြင်းနှင့် ယင်းလက်မှတ်ကို ပြန်လည်သိမ်းဆည်းခြင်းအတွက် ဆောင်ရွက်ခြင်း။

(ဃ)ယင်းလက်မှတ်များအတွက်ပေးဆောင်ရမည့် အခကြေးငွေကိုသတ်မှတ်ခြင်း။

(င) ကမ်းနားတွင် ချည်နှောင်ထားသည့် ဖောင်ဖွဲ့ထားသောသစ်များကို အစိုးရကိုသော်လည်းကောင်း၊ ပိုင်ဆိုင်သူ တစ်ဦးတစ်ယောက်ကိုသော်လည်းကောင်း၊ကိုယ်စားပြုခြင်းမရှိဘဲ ဖြေလျှော့အောင်ပြုလုပ်ခြင်း မျှောသွား အောင်ပြုလုပ်ခြင်းတို့မှ တားမြစ်ရန်။

(စ) အစိုးရထံသို့ပေးဆောင်ရန်ငွေများရှိနေပြီး အမှတ်အသားများကို ရိုက်နှိပ်ရန်အတွက်သယ်ယူသည့် သစ်တော ထွက်ပစ္စည်းများအတွက်ရပ်နားစေခြင်း၊ အစီရင်ခံခြင်း၊ စစ်ဆေးခြင်းနှင့် အမှတ်တံဆိပ်များ ရိုက်နှိပ်ခြင်းအတွက် စီစဉ်ဆောင်ရွက်ခြင်း။

(ဆ)သစ်တောထွက်ပစ္စည်းများကိုစစ်ဆေးရန် ကျသင့်သောပေးဆောင်ရမည့်ငွေများကို ပေးဆောင်ရန်နှင့် လိုအပ်သ လို အမှတ်အသားတံဆိပ်များပြုလုပ်ရန်အတွက် အခွန်အကောက်ဌာနများကို တည်ဆောက်ခြင်း။

(ဇ) ယင်းအခွန်ကောက်ဌာနများကို ဦးစီးကွပ်ကဲကြပ်မတ်ဆောင်ရွက်သွားရန်အတွက်လုပ်သားများကို ခန့်အပ်တာ ဝန်ပေးခြင်း။

(ဈ) အစိုးရနှင့်ဆိုင်သည့်သစ်များကို သယ်ယူပို့ဆောင်ရန်အတွက် ခွင့်ပြုခြင်းနှင့်ယင်းသစ်များကို သယ်ယူပို့ဆောင် ရာတွင် အပျက်အစီးများအတွက် လျှော်ကြေးပေးရန်အတွက်ဆောင်ရွက်ခြင်း။

(ည)သစ်တောထွက်ပစ္စည်းများကိုသယ်ယူရန်အတွက် ရေကြောင်းအဖြစ်အသုံးပြုသည့်မြစ်များနှင့် ၎င်း၏ကမ်းပါးများ ကို ပိတ်ဆို့ခြင်း၊ တားဆီးခြင်းနှင့် သစ်တောထွက်ပစ္စည်းများ၊ မြက်များ၊ သစ်ကိုင်းသစ်ရွက်များ၊ ချုံများကို ယင်းမြစ်များအတွင်းသို့ပစ်ထည့်ခြင်းဖြင့် ရေကြောင်းအတွက်အတားအဆီးအနှောင့်အယှက် ဖြစ်စေခြင်းကို တားမြစ်ခြင်း။

(ဋ) ယင်းမြစ်များ၏ရေကြောင်းများ(သို့)ကမ်းပါးများတွင်ရှိသော အတားအဆီးများကိုကာကွယ်ခြင်းနှင့် ဖယ်ရှားခြင်းများအတွက်ဆောင်ရွက်ခြင်းနှင့် ယင်းကာကွယ်ခြင်း(သို့)ဖယ်ရှားခြင်းတို့အတွက် အတားအဆီးပြုလုပ်သည့်လုပ်ဆောင်သူပုဂ္ဂိုလ်ထံမှ ကုန်ကျငွေကိုရယူခြင်း။

(ဌ) သတ်မှတ်ထားသည့် နယ်မြေဧရိယာအတွင်းသစ်စက်၊လွှစင်များတည်ဆောက်ခြင်း၊ သစ်များကိုရွှေ့ပြောင်းခြင်း၊ ပိုင်းဖြတ်ခြင်း၊ မီးရှို့ခြင်း၊ သိုဂုက်ခြင်း၊ အမှတ်အသားပြုခြင်း၊ ပစ္စည်းအမှတ်အသားကိုပြောင်းလဲခြင်း(သို့) ဖျောက်ဖျက်ခြင်း(သို့)အမျိုးအစားခွဲခြားသည့်အမှတ်အသားကို ယင်းကဲ့သို့ပြုလုပ်ခြင်းနှင့်သစ်များကို မှတ်သားရန်အတွက်တံဆိပ်ရိုက်တူ(သို့)အခြားတန်ဆာပလာများ ပိုင်ဆိုင်ခွင့်တို့ကိုလုံးဝ(သို့)အခြေအနေအရ တစ်စိတ်တစ်ပိုင်းတားမြစ်ခြင်း။

(ဍ) အမှတ်အသားတံဆိပ်အသုံးပြုခြင်းကို ကြပ်မတ်ခြင်းနှင့် ယင်းအမှတ်အသားတို့ကိုမှတ်ပုံတင်ခြင်း၊ယင်းအမှတ်အသားတို့ကိုမှတ်ပုံတင်ရန်ခွင့်ပြုခြင်း(သို့) ငြင်းပယ်ခြင်း ယင်းမှတ်ပုံတင်ထားပြီးသော အမှတ်အသားတံဆိပ်၏ ခွင့်ပြုချက်အတိုင်းအတာကိုသတ်မှတ်ခြင်း ယင်းအမှတ်အသားတံဆိပ်တို့၏အရေအတွက်ကို ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်မှတ်ပုံတင်ခြင်းအတွက်ကန့်သတ်ပေးခြင်းနှင့် ယင်းတို့အတွက်မှတ်ပုံတင်ကြေးများကို စည်းကြပ်ပေးခြင်းများ ပြုလုပ်ခြင်းနှင့် –

(ဎ) တံဆိပ်အမှတ်အသားအဖြစ်သုံးသည့်တူကို ပိုင်ဆိုင်စေသည့်လိုင်စင်များထုတ်ပေးခြင်းနှင့် ယင်းလိုင်စင်တို့အတွက် အခွန်ကြေးစည်းကြပ်ကောက်ခံခြင်း စသည်တို့ဖြစ်သည်။

## စည်းမျဉ်းနှင့်တွဲဖက်သော ပြစ်ဒဏ်ပေးနိုင်သည့်အာဏာ။

(၃) နယ်မြေအစိုးရသည် ဤပုဒ်မအရ ချမှတ်ထားသည့် စည်းမျဉ်းများနှင့်အတူ ဤစည်းကမ်းများကို ချိုးဖောက်သည့်အခါ ထိုက်သင့်သောပြစ်ဒဏ်ကို အရေးယူအပြစ်ပေးနိုင်သောအာဏာရှိသည်။ ယင်းအပြစ်ဒဏ်ပေးနိုင်သောအာဏာသည် (၆) လထက်မပိုသောထောင်ဒဏ်(သို့) (၅၀၀၀၀)ကျပ်ထက်မပိုသောဒဏ်ငွေ(သို့) ပြစ်ဒဏ်နှစ်ရပ်စလုံး ဖြစ်သည်။

(၄) နယ်မြေအစိုးရသည် ဤပုဒ်မအရပြုလုပ်ထားသည့် မည်သည့်စည်းမျဉ်းတစ်ခုခုသည် သတ်မှတ်ထားသည့်သစ်တောထွက်ပစ္စည်းတစ်မျိုးမျိုးနှင့်လည်းကောင်း(သို့)သတ်မှတ်ထားသည့် ၎င်း၏ပိုင်နယ်မြေဧရိယာတစ်ခုခုနှင့်လည်းကောင်း၊ ပတ်သက်ခြင်းမရှိကြောင်း ညွှန်ကြားနိုင်သည်။

## "ပုဒ်မ – ၃၈"

## ခိုင်လုံသောအထောက်အထားမရှိသည့်အချို့သောသစ်များကိုအစိုးရပိုင်ပစ္စည်းအဖြစ်မှတ်ယူခြင်း။

## မျောသစ်များ၊ သောင်တင်သစ်များ နှင့် အခြားသစ်များကို စုဆောင်းခြင်း။

(၁) နယ်မြေအစိုးရသည်အမိန့်ကြေငြာချက်နှင့်သတ်မှတ်စေခြင်းဖြင့်လည်းကောင်း(သို့) သစ်တောအရာရှိတစ်ဦးဦး ကိုအာဏာပေးအပ်သတ်မှတ်စေခြင်းဖြင့်လည်းကောင်း မြစ်တစ်ခုအတွင်းရှိ မည်သည့်သစ်ဖောင်ဆိပ်အောက် သို့ဖောင်ဖွဲ့ခြင်းမရှိသောသစ်များမျှောချခြင်းကိုခွင့်မပြုဘဲတားမြစ်ခြင်းပြုလုပ်နိုင်သည်။

(၂) မြစ်အတွင်းသစ်ဆိပ်အောက်တွင် စနစ်တကျဖောင်ဖွဲ့ထားခြင်းမရှိဘဲ စုံဆင်းလာသောသစ်များကိုရေမျှောကမ်း တင်သစ်အဖြစ်ယူဆစေရမည်။

(၃) အောက်တွင်ဖော်ပြသည့် သစ်အမျိုးအစားများဖြစ်သည့်–

(က)မျှောလိုရာမျှောနေသည့်(သို့)သောင်တင်နေသည့် (သို့) နစ်မြုပ်နေသည့်သစ်များစနစ်တစ်ကျဖောင်ဖွဲ့ထားခြင်း မရှိသည့် သစ်များအပါအဝင်။

(ခ) ''ပုဒ်မ–၃၇''အရပြုလုပ်ထားသည့်စည်းမျဉ်းများနှင့်အညီ မှတ်ပုံတင်ထားခြင်းမရှိသောအမှတ် အသားပါသည့် သစ်များ။

(ဂ) လွန်ကဲစွာမှတ်သားထားသော(သို့)အမှတ်အသားများ ပျက်ပြီးဖြစ်သော(သို့)ပြောင်းလဲလာသော(သို့) ဖျက် ထားသောသစ်များနှင့်။

(ဃ)ညွှန်ကြားချက်ဖြင့်နယ်မြေအစိုးရက အမိန့်ထုတ်ပြန်ထားသည့်အချို့သောနယ်မြေတွင်းရှိ၊ အမှတ်အသားမရှိ သောသစ်များအစရှိသည်တို့သည် ဤအက်ဥပဒေအခန်းအရ မိမိ၏ပိုင်ဆိုင်ခွင့်ကို ခိုင်လုံသောအထောက်အ ထား မပြသနိုင်ပါကအစိုးရပိုင်သစ်အဖြစ် သိမ်းဆည်းထားခြင်းခံရမည်။

(၄) ယင်းသစ်များကို ''ပုဒ်မ–၄၃''အရပြုလုပ်ထားသည့် စည်းမျဉ်းနှင့်အညီအာဏာအပ်နှင်းခြင်းခံရသည့်သစ်တော အရာရှိတစ်ဦးဦးကလည်းကောင်း၊(သို့) ဤကိစ္စအတွက်အထူးအာဏာပေးထားသည့် သစ်တော အရာရှိ၏ အထူးအမိန့်အရလည်းကောင်း စုဆောင်းရမည်ဖြစ်ပြီး ၎င်းတို့ကိုအချိန်ကာလအားလျော်စွာ သစ်တောဌာနမှ သတ်မှတ်ထားသည့် နေရာဌာနသို့ယူဆောင်လာရမည်။

(၅) နယ်မြေအစိုးရသည် မည်သည့်သစ်မျိုးကိုမဆို အမိန့်ထုတ်ပြန်ကြေငြာချက်ဖြင့် ဤပုဒ်မမှကင်းလွတ်စေနိုင်သည်။

## ''ပုဒ်မ –၃၉–၃၈'' အရ စုဆောင်းထားသည့်သစ်များကို တောင်းဆိုရန် ထုတ်ပြန်ကြေငြာခြင်း။

(၁) ဤကိစ္စအတွက်အထူးအာဏာရရှိထားသည့် သစ်တောအရာရှိသည်အချိန်အခါအားလျော်စွာ''ပုဒ်မ– ၃၈''အရ စုဆောင်းထားသည့်သစ်များကို တောင်းဆိုရန်အတွက် အများပြည်သူသို့ ထုတ်ပြန်ကြေငြာရမည်။

(၂) ယင်းထုတ်ပြန်ကြေငြာချက်တွင်သစ်အမျိုးအစားနှင့်အကြောင်းအရာများနှင့်တကွ ယင်းသစ်များကိုတောင်း ဆိုသော ပုဂ္ဂိုလ်သည်ကြေငြာချက်ထုတ်ပြန်ပြီးနောက်တစ်လအတွင်း ယင်းအရာရှိထံသို့လာရောက်ပြီး တောင်း ဆိုချက်များကို စာဖြင့်ရေးသားတောင်းလျှောက်ရန် စသည့်အချက်များ ပါရှိရမည်။

## ''ပုဒ်မ – ၄၀''

## တောင်းဆိုထားသည့် သစ်များအတွက်လုပ်ဆောင်ချက်များ။

(၁) အထက်ပါပုဒ်မအရ စာဖြင့်ရေးသားတောင်းလျှောက်ထားသည့်သစ်များကို သစ်တောမှူးသည်လိုအပ်သလို

သင့်တော်သည့်စုံစမ်းစစ်ဆေးခြင်းများပြုလုပ်မည်ဖြစ်ပြီး ယင်းမှရရှိသောအကြောင်းအရာများကို ရေးသားမှတ်တမ်းတင်ပြီး တောင်းဆိုထားသည့်သစ်များကိုငြင်းပယ်ခြင်း(သို့)ထုတ်ပေးခြင်းများ ပြုလုပ်သွားမည်။

(၂) ယင်းသစ်များကို တောင်းဆိုသောပုဂ္ဂိုလ်တဦးထက်ပိုပါက သစ်တောမျုးသည်အထက်ပါအတိုင်း အမှန်ပိုင်ဆိုင်ခွင့်ရှိသည်ဟုယူဆသည့်သူတဦးဦးသို့ထုတ်ပေးခြင်း(သို့)တောင်းဆိုသူများကို ကေအဲန်ယူတရားခုံရုံးသို့အဆုံးအဖြတ်ခံယူရန်ပို့ဆောင်ခြင်းနှင့် သစ်များကိုကေအဲန်ယူတရားခုံရုံး၏အစီစဉ်အရပြုလုပ်သိမ်းဆည်းထားခြင်းများပြုလုပ်နိုင်သည်။

(၃) တောင်းဆိုမှု ငြင်းပယ်ခြင်းခံရသော မည်သည့်ပုဂ္ဂိုလ်မဆို ငြင်းပယ်ခြင်းခံရသောနေ့မှအစပြုပြီး (၆)လ အတွင်း ၎င်း၏ပိုင်ဆိုင်ခွင့်ကို ရရှိရန်အတွက် တရားစွဲဆိုခြင်းများ ပြုလုပ်နိုင်သည်။ သို့သော် မည်သူ တဦးတယောက်မျှ ယင်းကိစ္စဆောင်ရွက်ရာတွင်ကုန်ကျစရိတ်အတွက်လျော်ကြေးငွေကိုအစိုးရထံမှဖြစ်စေ၊ သစ်တောမျုးတစ်ဦးဦးထံမှဖြစ်စေ၊ ပြန်လည်ရရှိလိမ့်မည်မဟုတ်။

(၄) ဤသစ်များကို ကေအဲန်ယူတရားခုံရုံး၏ အဆုံးအဖြတ်အတွက်ပေးအပ်ခြင်း(သို့)တရားစွဲဆိုခြင်းမရှိပါက ကေအဲန်ယူ တရားခုံရုံးသည် ဤကိစ္စအတွက်ဝင်ရောက်စီရင်ဆုံးဖြတ်ပိုင်ခွင့်မရှိ။

## "ပုဒ်မ – ၄၁"

## တောင်းဆိုခြင်းမရှိသော သစ်များအတွက်အစီအစဉ်။

"ပုဒ်မ–၃၉"အရတောင်းဆိုထားခြင်းမရှိသည့်သစ်များ(သို့) "ပုဒ်မ–၃၉"အရ တောင်းဆိုထားသော်လည်း ငြင်းပယ်ခြင်းခံရပြီး "ပုဒ်မ–၄၀"အရပေးထားသောအချိန်အတွင်း တရားစွဲဆိုခြင်းမရှိသည့်သစ်များသည် အစိုးရသစ်များအဖြစ်အနှောင့်အယှက်အတားအဆီးမရှိသိမ်းပိုက်မည်(သို့) ယင်းသစ်များကို "ပုဒ်မ–၄၀"အရအခြားပုဂ္ဂိုလ်တစ်ဦးတစ်ယောက်သို့ ပေးအပ်ပါကအနှောင့်အယှက်အတားအဆီး မရှိစေရ။

## "ပုဒ်မ – ၄၂"

## သစ်များကို ပြန်လည်ပေးအပ်ခြင်းမပြုမီ တောင်းဆိုသူများ ပေးရန်ရှိသည့်ကိစ္စ။

ယင်းသစ်များကိုဆယ်တင်ခြင်း စုဆောင်းခြင်း၊ရွှေ့ပြောင်းခြင်း၊သိမ်းဆည်းခြင်းနှင့်ပေးအပ်ခြင်းတို့အတွက် ကုန်ကျစရိတ်ကိုပေးအပ်ခြင်းမပြုမီ မည်သူတစ်ဦးတစ်ယောက်မျှမိမိပိုင်သစ်များကို တရားဝင်ပြန်လည်ရရှိနိုင်လိမ့်မည်မဟုတ်။

## "ပုဒ်မ – ၄၃"

## သစ်များဆယ်တင်ခြင်းစသည့်လုပ်ငန်းများအတွက်စည်းမျဉ်းများပြုလုပ်နိုင်သည့်အာဏာ။

(၁) နယ်မြေအစိုးရသည် အောက်ပါကိစ္စရပ်များကို ဆောင်ရွက်ရန်အတွက်စည်းမျဉ်းများကို ရေးဆွဲချမှတ်နိုင်သည်။

(က) "ပုဒ်မ–၃၈"အရ ဖော်ပြသည့်သစ်များကိုဆယ်တင်ခြင်း၊ စုဆောင်ခြင်း၊ ပြန်လည်ပေးအပ်ခြင်းကိစ္စများ။

(ခ) သစ်များကို ဆယ်တင်ရန်နှင့်စုဆောင်းရန်အတွက် အသုံးပြုမည့်လှေများကိုသုံးခြင်းနှင့် မှတ်ပုံတင်ခြင်းကိစ္စ၊

(ဂ) သစ်များဆယ်တင်ခြင်း၊ စုဆောင်းခြင်း၊ ရွှေ့ပြောင်းခြင်း၊ သိမ်းဆည်းခြင်းနှင့် ပြန်လည်ပေးအပ်ခြင်းတို့အတွက် ပေးရန်ကုန်ကျစရိတ်များကိစ္စ၊

(ဃ)"ပုဒ်မ–၃၉"အရ အများပြည်သူတို့သို့ထုတ်ပြန်သည့် ထုတ်ပြန်ကြေငြာရန်ကိစ္စများ စသည်တို့ဖြစ်သည်။

**စည်းမျဉ်းနှင့်တွဲဘက်သောပြစ်ဒဏ်ပေးခြင်း။**

(၂) နယ်မြေအစိုးရသည် ဤပုဒ်မအရရှိသည့်နည်းဥပဒေများနှင့် အတူဤနည်းဥပဒေများကို ချိုးဖောက်သည့်အခါထိုက်သင့်အပြစ်ဒဏ်ကိုအရေးယူအပြစ်ပေးနိုင်သောအာဏာရှိသည်။ ယင်းအပြစ်ဒဏ်ပေးနိုင်သောအာဏာသည်(၆) လထက်မပိုသောထောင်ဒဏ်(သို့)(၅၀၀၀၀)ကျပ်ထက်မပိုသောဒဏ်ငွေ(သို့)ယင်းပြစ်ဒဏ်(၂)ရပ်စလုံးဖြစ်သည်။

# အခန်း (၆)

# ပြစ်ဒဏ်များနှင့်အရေးယူပုံ

## ပြည်စောင့်ရဲ (ပၢၤကီႈ – KNPT) ၏အာဏာများနှင့်ပစ္စည်းများကိုကာကွယ်ထိန်းသိမ်းခြင်းနှင့် ဖမ်းဆီးခြင်း။

## "ပုဒ်မ – ၄၄"

သစ်တောပြစ်မှုကျူးလွန်ခြင်းမှတားဆီးရန်အာဏာ–သစ်တောမှူးတိုင်းနှင့်ပြည်စောင့်ရဲ (ပၢၤကီႈ - KNPT)တိုင်း ဝင်ရောက်ဆောင်ရွက်ပိုင်ခွင့်ရှိသည်။

## "ပုဒ်မ –၄၅"

## ဝရမ်းမပါဘဲ ဖမ်းဆီးနိုင်သည့်အာဏာ

ထောင်ဒဏ်တစ်လ(သို့)တစ်လထက်ပိုသောပြစ်ဒဏ်ကို ချမှတ်နိုင်သောသစ်တောပြစ်မှုကျူးလွန်သူ (သို့) ယင်းကဲ့သို့သော ပြစ်မှုကျူးလွန်ရာတွင်ပါဝင်ပတ်သက်နေသည့်ဟု ခိုင်လုံသောအကြောင်းအချက်များအရ မသင်္ကာဖွယ် သိရှိရသော သူတစ်ဦးတစ်ယောက်ကို မည်သည့်သစ်တောမှူး(သို့) ပြည်စောင့်ရဲမှူးတစ်ဦးဦးက တရားသူကြီး၏အမိန့်(သို့)ဝရမ်းမပါဘဲဖမ်းဆီးနိုင်သည်။ ယင်းသို့ဖမ်းဆီးရာတွင် ယင်းပုဂ္ဂိုလ်သည် မိမိ၏နာမည်နှင့်နေရပ်ကို ပေးရန်ငြင်းဆန်ခြင်း (သို့) ၊လွဲမှားသောနာမည်နှင့် နေရပ်ကိုပေးကြောင်း ယုံကြည်စိတ်ချစွာသိရခြင်း(သို့) ၊ထွက်ပြေးတိမ်းရှောင်လိမ့်မည်ဟု ခိုင်လုံသောအကြောင်းရှိခြင်းစသည့် အချက်များရှိမှသာလျှင် ယင်းပုဂ္ဂိုလ်ကို ဖမ်းဆီးခြင်းပြုရမည်။

## “ပုဒ်မ – ၄၆”

## အစိုးရပိုင်ပစ္စည်းအဖြစ် ပစ္စည်းများကိုသိမ်းယူခြင်း။

(၁) ကျူးလွန်သည့်ပြစ်မှုသည် သစ်တောထွက်ပစ္စည်းများနှင့်ပတ်သက်နေကြောင်း ခိုင်လုံသောအကြောင်း အချက်ရှိနေပါက ယင်းသစ်တောထွက်ပစ္စည်းနှင့်အတူ ပြစ်မှုကျူးလွန်ရာတွင်အသုံးပြုသည့်ကိရိယာအားလုံး လှေများ၊လှည်း များ၊သစ်ဆွဲယာဉ်များနှင့် ကျွဲနွားများကို သစ်တောမှူး(သို့)ပြည်စောင့်ရဲမှူးတဦးဦးက ဖမ်းယူသိမ်းဆီးရမည်။

(၂) အပိုဒ်(၁)အရဖမ်းယူသိမ်းဆည်းထားသောပစ္စည်းများကို ယင်းအရာရှိသည်ပစ္စည်းတစ်ခုစီကို စနစ်တကျ ရေးမှတ်ပြီးမှတ်သားထားကာ သက်ဆိုင်ရာတရားသူကြီးထံသို့ ယင်းတို့နှင့်ပတ်သက်သည့် အကြောင်း အရာတို့ကို ချက်ချင်း အစီရင်ခံရမည်။

အကယ်၍ဤပုဒ်မနှင့်သက်ဆိုင်သည့်ပြစ်မှုနှင့်ပတ်သက်၍ သစ်တောထွက်ပစ္စည်းသည် အစိုးရပိုင်ဖြစ်ပြီး ပြစ်မှု ကျူးလွန်သူကိုမသိလျှင် ယင်းအရာရှိသည် မိမိနှင့်သက်ဆိုင်သည့်အရာရှိထံသို့ ချက်ချင်းအစီရင်ခံရမည်။

## “ပုဒ်မ – ၄၇”

## သစ်တောကြိုးဝိုင်းအတွင်း ကျူးကျော်ရောက်ရှိနေသော ဆင်ဆိတ်ကျွဲနွားတိရစ္ဆာန် များကိုဖမ်းဆီးနိုင်သည့်အာဏာ

သစ်တောကြိုးဝိုင်းအတွင်း ကျူးကျော်ရောက်ရှိနေသော ဆင်၊ ဆိတ်၊ ကျွဲ၊ နွားတိရစ္ဆာန်များ ကျူးကျော်သော အက်ဥပဒေ“ပုဒ်မ–၁၀”အရ၊ ပြည်သူ့စိုက်ပျိုးပင်များအား ဖျက်ဆီးနေကြောင်းယူဆရမည်ဖြစ်ပြီး ၄င်းတို့ကိုယင်း အက် ဥပဒေအရ အရေးယူဖမ်းဆီးရမည်။

## “ပုဒ်မ – ၄၈”

## အကြောင်းကြားခြင်း၊တိုင်ကြားခြင်းနှင့်ကူညီခြင်းအတွက်ဆောင်ရွက်ရန်တာဝန်ရှိသူများ။

သစ်တောကြိုးဝိုင်းအတွင်း အခွင့်အရေးတစ်စုံတစ်ရာရရှိထားသော ပုဂ္ဂိုလ်များ(သို့)ယင်းကြိုးဝိုင်းအတွင်း သစ် တောထွက်ပစ္စည်းများကို သယ်ယူခွင့်ရသူ(သို့)ကျွဲနွားတိရစ္ဆာန် စားကျက်ပြုလုပ်ခွင့်(သို့)ရွှေ့ပြောင်းစိုက်ပျိုးခွင့် ရရှိထား သူများနှင့် ယင်းသစ်တောအနီးအနားတစ်ဝိုက် နီးကပ်စွာနေထိုင်သော အစိုးရအမှုထမ်းအားလုံးတို့သည် ယင်းသစ် တောကြိုးဝိုင်းကို တစ်စုံတစ်ရာအန္တရာယ် ဖြစ်စေနိုင်သည့်အဖြစ်အပျက် (သို့)သစ်တောပြစ်မှုကျူးလွန်ခြင်း (သို့) သစ်တောပြစ်မှုကျူးလွန်ရန် ရည်ရွယ်ထားခြင်းတို့ကို သိရှိလျှင်သိရှိခြင်း (သို့) အချိန်ဆိုင်းတွခြင်းမရှိဘဲ အနီးဆုံးသစ်တောမှူး (သို့)ပြည်စောင့်ရဲမှူး (ပၢၤကီၢ်-KNPT) ထံသို့အကြောင်းကြားခြင်းကို ပြုလုပ်ရမည်ဖြစ်ပြီး မည်သည့်သစ်တောမှူး(သို့) ပြည် စောင့်ရဲမှူး (ပၢၤကီၢ်-KNPT) ကိုမဆို –

(က) ယင်းသစ်တောအတွင်း မီးလောင်ခြင်းကို ငြိမ်းသတ်ရန်အတွက်ကူညီခြင်းနှင့်။

(ခ) အနီးအနားပတ်ဝန်းကျင်တွင် မီးလောင်ရာ၌ယင်းသစ်တောသို့ပြန့်ပွားလောင်ကျွမ်းခြင်းမရှိရန် ကာကွယ်ခြင်း၊

(ဂ) ယင်းသစ်တောအတွင်းတွင် သစ်တောပြစ်မှုကျူးလွန်ခြင်းကို ကာကွယ်ခြင်း။

(ဃ)ကျူးလွန်သူများကို ဖမ်းဆီးရန်အတွက်သော်လည်းကောင်း၊ ရှာဖွေတွေ့ရှိရန်အတွက်သော်လည်းကောင်း ယင်းတို့အ တွက် သစ်တောမှူး(သို့) ပြည်စောင့်ရဲမှူး (ပၗကီၢ်-KNPT ) တဦးဦးကို အကူညီတောင်းခံခြင်းနှင့် ကူညီခြင်းပြုလုပ်ရမည်။

## "ပုဒ်မ – ၄၉"

## အခွန်အကောက်ရုံးတွင်ဖြစ်ပေါ်လာသောမတော်တဆဖြစ်ရပ်များအတွက်ကူညီရမည့်သူများ။

အခွန်အကောက်ရုံးတစ်ခုခုတွင်မတော်တဆဖြစ်ပွားမှုတစ်ခုခု(သို့) အရေးပေါ် ဖြစ်ရပ်တစ်ခုခုဖြစ်ပေါ်လာပြီး ယင်းဌာနတွင်ရှိသောပစ္စည်းများကို အန္တရာယ်ဖြစ်စေနိုင်ပါက မည်သည့်ပုဂ္ဂိုလ်မဆို အစိုးရလုပ်သားဖြစ်စေ ပုဂ္ဂလိက လုပ်ငန်းအတွက်ခန့်အပ်ထားသည့်ပုဂ္ဂိုလ်ဖြစ်စေ၊မည်သည့်ပုဂ္ဂိုလ်မဆို သစ်တောမှူး(သို့) ပြည်စောင့်ရဲ(ပၗကီၢ်-KNPT) အရာရှိတစ်ဦးဦးအားအကူညီပေးရန် တောင်းဆိုလာသော်၄င်းတို့သည် ယင်းအန္တရာယ်များကို နှိမ်နင်းရန်နှင့် ပစ္စည်းများ၏ဆုံးရှုံးပျက်စီးမှုမှ ကာကွယ်ပေးရန်အတွက်ကူညီပေးရမည်။

## "ပုဒ်မ – ၅၀"

## အစိုးရနှင့်သက်ဆိုင်သောသစ်တောထွက်ပစ္စည်းများအဖြစ်ဦးစားပေးယူဆမည်ဖြစ်ကြောင်း။

သက်သေအထောက်အထားနှင့် သက်ဆိုင်သည့် အထူးစည်းမျဉ်းများ။

ဤအက်ဥပဒေအရ အရေးယူရာတွင်(သို့) ဤအက်ဥပဒေအရ ဆောင်ရွက်ရာ၌ ဖြစ်ပေါ်လာသောအကျိုး ဆက်တစ်ခုတွင် သစ်တောထွက်ပစ္စည်းနှင့်ပတ်သက်ပြီး အစိုးရပိုင်ပစ္စည်းဟုတ်မဟုတ် စဉ်းစားရန်အချက်ပေါ်လာလျှင် အခြားတဖက်မှ ခိုင်လုံသောအထောက်အထားမရှိပါက ယင်းသစ်တောထွက်ပစ္စည်းမျိုးကို အစိုးရပိုင်ပစ္စည်းအဖြစ်ယူ ဆရမည်။

## "ပုဒ်မ – ၅၁"

## ရာဇဝတ်မှုအဖြစ်လက်ခံအရေးယူနိုင်သည့်သစ်တောအရာရှိ၏မှတ်တမ်းတင်ထားသောသက်သေအ ထောက်အထား။

"ပုဒ်မ–၇၁"အပိုဒ်ငယ်(ဃ)အရ သစ်တောအရာရှိတဦး၏ မှတ်တမ်းတင်ထားသော သက်သေအ ထောက်အထားကိုတရားသူကြီး(သို့) တရားခုံရုံးကနောက်ပိုင်းစုံစမ်းစစ်ဆေးရေး အတွက်အရေးယူနိုင်သည်။

အထက်ပါမှတ်တမ်းသည်အရေးယူခံရသည့်သူ၏ရှေ့မှောက်တွင် တရားဥပဒေစီရင်ထုံးနှင့်အညီစစ်ဆေး မေးမြန်း၍ရယူသော သက်သေအထောက်အထားကို ရေးမှတ်သည့်မှတ်တမ်းဖြစ်ရမည်။

# ပြစ်ဒဏ်များ

## "ပုဒ်မ – ၅၂"

## သစ်တောကြိုးဝိုင်းအတွင်း ကျူးကျော်ခြင်း (သို့) ဖျက်ဆီးခြင်းများအတွက်ပြစ်ဒဏ်။

"ပုဒ်မ–၂၇"အရ မည်သူတစ်ဦးတယောက်သည် သစ်တောကြိုးဝိုင်းအတွင်း –

(က)ကျူးကျော်ဝင်ရောက်ခြင်း (သို့) ဆင်၊ဆိတ်၊ကျွဲ၊နွားတိရစ္ဆာန်များအတွက်စားကျက်ဝင်ရောက်ပြုလုပ်ခြင်း(သို့) ဆင်၊ဆိတ်၊ကျွဲ၊ နွားတိရစ္ဆာန်များကို ဝင်ရောက်ကျူးကျော်စေခြင်း (သို့) –

(ခ) ပစ္စလက္ခပြုမူချက်အရသစ်ပင်များခုတ်လှဲခြင်း (သို့)ပိုင်းဖြတ်ခြင်း (သို့)သစ်များကိုတစ်နေရာမှတစ်နေရာ သို့ဆွဲယူရာမှအပျက်အစီးဖြစ်ပေါ်စေခြင်း (သို့)–

(ဂ) ရေကိုအဆိပ်သင့်စေခြင်း (သို့)ဖောက်ခွဲခြင်း(သို့)ဓါတ်တို့ခြင်း (သို့)–

(ဃ)နယ်မြေအစိုးရ၏ပြုလုပ်ထားသော စည်းမျဉ်းကိုဆန့်ကျင်ပြီးအမဲလိုက်ခြင်း သေနတ်ပစ်ခြင်း ငါးဖမ်းခြင်း(သို့) ထောင်ခြောက် (သို့) မြုံးများထောင်ခြင်း စသည်တို့ကိုပြုလုပ်လျှင် (၅၀၀၀)ကျပ်အထိ ငွေဒဏ်အပြစ်ပေးစီရင် ရမည်။သို့မဟုတ်၄င်းပုဂ္ဂိုလ်၏ ပြုလုပ်ခဲ့သော အပျက်အစီးသည်တန်ဖိုးအားဖြင့် (၂၅၀၀)ကျပ် ထက်ပိုလျှင် ယင်းတန်ဖိုး၏ နှစ်ဆဖြင့်ငွေဒဏ်ကို အပြစ်ပေးစီရင်ရမည်။

## “ပုဒ်မ – ၅၃”

## သစ်တောကြိုးဝိုင်းအတွင်း အခြားပြစ်မှုများအတွက် အပြစ်ဒဏ်ပေးခြင်း။

“ပုဒ်မ–၂၇”အရ မည်သူတစ်ဦးတစ်ယောက်သည်–

(က)လတ်ဆတ်သောခုတ်ထွင်ရှင်းလင်းခြင်း(သို့)“ပုဒ်မ–၆”နှင့်ဆန့်ကျင်သည့်အခြားလုပ်ဆောင်ချက်များကို ပြုလုပ်ခြင်း (သို့)–

(ခ) သစ်တောကြိုးဝိုင်းကိုမီးရှို့ခြင်း (သို့) နယ်မြေအစိုးရ၏စည်းမျဉ်းတစ်ခုခုကိုဆန့်ကျင်၍ ယင်းသစ်တောကို အန္တရာယ်ဖြစ်စေသောမီးညှိခြင်း ရှို့ခြင်းများ(သို့) လောင်နေသောမီးမငြိမ်းသတ်ဘဲထားခြင်း။

(ဂ) လုပ်ပိုင်ခွင့်အာဏာရှိသည့်သစ်တောအရာရှိ၏ ဤချိန်ကာလတစ်လျှောက်တရားဝင်လုပ်စေသော လုပ်ငန်းများ မဟုတ်သည့် မီးညှိခြင်း ရှို့ထားခြင်း(သို့) မီးကိုတစ်နေရာမှတစ်နေရာသို့ သယ်ယူခြင်း (သို့)–

(ဃ)သစ်နှင့်သစ်ပင်များကို ခုတ်လှဲခြင်း၊ပိုင်းဖြတ်ခြင်း၊သင်းသတ်ခြင်း၊အမှတ်အသားပြုခြင်း(သို့)မီးဖြင့် အနာတရဖြစ် စေခြင်း(သို့) အခြားတစ်နည်းနည်းဖြင့် ဖျက်လိုဖျက်ဆီးပြုလုပ်ခြင်း။

(င) ကျောက်တူးခြင်း၊ထုံးဖောက်ခြင်း၊မီးသွေးဖုတ်ခြင်း၊ သစ်တောထွက်ပစ္စည်းတစ်ခုခုကို စုဆောင်းခြင်း၊ထုတ်ယူခြင်း

(စ) စိုက်ပျိုးရန်အတွက်တောရှင်းခြင်း(သို့) အကြောင်းတစ်ခုခုအတွက်မြေများတူးခြင်း စသည်တို့ကိုပြုခြင်းထောင် ဒဏ် (၆)လထိ(သို့) ဒဏ်ငွေအဖြစ်ငွေ (၅၀၀၀၀)ကျပ်(သို့) ပြစ်ဒဏ်နှစ်ရပ်စလုံးကိုဖြစ်စေ စီရင်နိုင်သည်။

## “ပုဒ်မ – ၅၄”

## သစ်တောကြိုးဝိုင်းအတွင်းအခွင့်အရေးရရှိထားသူအားကျူးလွန်သောပြစ်မှုအတွက်ထပ်ဆင့်ပြစ်ဒဏ်။

သစ်တောကြိုးဝိုင်းတွင်း အခွင့်အရေးရရှိထားသူတစ်ဦးတယောက်၏ ပေါ့လျော့မှုကြောင့်လည်းကောင်း၊ တမင် တကာပြုမူမှုကြောင့်လည်းကောင်း၊ယင်းသစ်တောအတွင်းရွှေ့ပြောင်းစိုက်ပျိုးခွင့်ရရှိထားသူ(သို့) ယင်းပုဂ္ဂိုလ်၏ လုပ်သားတစ်ဦးဦးကြောင့်လည်းကောင်း ယင်းသစ်တောအတွင်းမီးလောင်စေသော်(သို့) ယင်းသစ်တောအတွင်းအခွင့်အရေးရရှိထားသူပုဂ္ဂိုလ်တစ်ဦးဦးက“ပုဒ်မ–၂၃”ပါ အကြောင်းအရာနှင့်ဆန့်ကျင်သော

လုပ်ဆောင်ချက်ကိုပြုလုပ်မိသော်နယ်မြေအစိုးရသည်ယင်းပုဂ္ဂိုလ်အား “ပုဒ်မ-၅၃” နှင့်အညီထိုက်သင့်သည့်အပြစ်ဒဏ်ကိုခံယူစေမည်သာမက ယင်းသစ်တောနှင့် ပတ်သက်ပြီးရရှိထားသော အခွင့်အရေးတို့ကို အချိန်ကာလအကန့်အသတ်ဖြင့်လည်းကောင်း(သို့)အပြီးအပိုင်အ ဖြစ်လည်းကောင်း ရုပ်သိမ်းသည့်အပြစ်ဒဏ်ကို ထပ်ဆင့်ကျခံစေရမည်။

## “ပုဒ်မ – ၅၅”

## ဆင်ဆိတ်ကျွဲနွားတိရစ္ဆာန်ကျူးကျော်သည့် အက်ဥပဒေအရသတ်မှတ်ထားသည့်ဒဏ်ငွေကိုပြောင်းလဲနိုင်သည့်အာဏာ

နယ်မြေအစိုးရသည် အမိန့်ထုတ်ပြန်ကြေငြာချက်ဖြင့် ဆင်၊ဆိတ်၊ကျွဲ၊ နွားတိရစ္ဆာန် ကျူးလွန်ကျော်ဖြတ်သည့်အက်ဥပဒေအရဒဏ်ငွေကို ချမှတ်စီရင်မည့်အစား၅၂အက်ဥပဒေ“ပုဒ်မ-၄၇”အရ အရေးယူပြီးယင်းတို့အတွက်ဒဏ်ငွေကို အောက်နှုန်းထားထက်မပိုသော ဒဏ်ငွေအဖြစ်ပြစ်ဒဏ်ချမှတ်နိုင်သည်။

| | |
|---|---|
| ဆင်တစ်ကောင်အတွက် | – ၁၀၀၀၀ ကျပ် |
| ကျွဲတစ်ကောင်အတွက် | – ၅၀၀၀ ကျပ် |
| နွားနှင့်မြင်းအမျိုးမျိုး | – ၂၅၀၀ ကျပ် |
| မြင်း၊ နွားကလေး၊ ဝက်၊ ဆိတ်၊ သိုးတစ်ကောင်အတွက် | – ၁၀၀၀ ကျပ် |

## “ပုဒ်မ – ၅၆”

## အစိုးရပိုင်သစ်ပင်များကို ပျက်စီးစေသောပြစ်မှုအတွက် အပြစ်ဒဏ်။

မည်သူမဆို “ပုဒ်မ-၃၃” တွင်ပါရှိသောအကြောင်းအရာနှင့်အညီ (သို့) နယ်မြေအစိုးရ၏ ကိုယ်စားစည်းမျဉ်း အတိုင်းဆောင်ရွက်ခြင်းမရှိဘဲ အစိုးရပိုင်သစ်ပင်နှင့်သစ်များအားခုတ်လှဲခြင်း၊ ပိုင်းဖြတ်ခြင်း၊ သင်းသတ်ခြင်း၊ အမှတ် အသားပြုခြင်းတို့ကိုကျူးလွန်မိပါက-

(က)အစိုးရအစီအစဉ်အရထားရှိသောနယ်မြေအတွင်းရှိကျွန်းသစ်၊အစိုးရပိုင်သစ်နှင့် သစ်ပင်များဖြစ်ပါက ပြစ်ဒဏ်အဖြစ် ထောင်ဒဏ်(၆)လအထိ (သို့)ဒဏ်ငွေကျပ်(၅၀၀၀၀) (သို့) ပြစ်ဒဏ်နှစ်ရပ်စလုံးကို ချမှတ်အပြစ်ပေးစီရင်နိုင်သည်။

(ခ) အစိုးရအစီစဉ်အရထားရှိခြင်းမရှိသောနယ်မြေအတွင်းရှိ ကျွန်းသစ်၊ ကျွန်းပင်များဖြစ်ပါကပြစ်ဒဏ်အဖြစ် ဒဏ်ငွေ(၂၀၀၀၀)ကျပ်အထိ(သို့) ကျူးလွန်မိသောအပျက်အစီး၏တန်ဖိုးသည် ကျပ်(၁၀၀၀၀) ထက်ပိုပါက ယင်းတန်ဖိုးနှင့် နှစ်ဆဖြင့် ဒဏ်ငွေဆောင်စေခြင်းဖြင့် အပြစ်ပေးစီရင်နိုင်သည်။

## “ပုဒ်မ – ၅၇”

## အက်ဥပဒေလက်အောက်ရှိ အချို့သောစည်းမျဉ်းကို ချိုးဖောက်သောအပြစ်ဒဏ်။

(က)“ပုဒ်မ-၃၃”အရ ခွင့်ပြုချက်မှတစ်ပါး၊ “ပုဒ်မ-၃၃”အရ နယ်မြေအစိုးရကပြဌာန်းထားသည့် မည်သည့်စည်းမျဉ်းကိုမဆို ချိုးဖောက်ကျူးလွန်မိလျှင် (သို့) –

(ခ) ‘‘ပုဒ်မ–၃၇’’အရနယ်မြေအစိုးရကပြဋ္ဌာန်းထားသည့်မည်သည့်စည်းမျဉ်းကိုမဆို ချိုးဖောက်ကျူးလွန်မိလျှင် (သို့)

(ဂ)‘‘ပုဒ်မ–၄၃’’အရနယ်မြေအစိုးရကပြဋ္ဌာန်းထားသည့် မည်သည့်စည်းမျဉ်းကိုမဆိုချိုးဖောက်ကျူးလွန်မိလျှင်(သို့)–

(ဃ)‘‘ပုဒ်မ–၇၅’’အရ နယ်မြေအစိုးရပြဋ္ဌာန်းထားသည့် မည်သည့်စည်းမျဉ်းကိုမဆိုချိုးဖောက်ကျူးလွန်မိလျှင် (သို့) ယင်းပုဂ္ဂိုလ်သည် ပြစ်ဒဏ်အသီးသီး၌ပါရှိသည့် သက်ဆိုင်ရာကျူးလွန်သည့်ပုဒ်မအရ အရေးယူအပြစ်ပေးခြင်းခံရမည်။

(၂) လူတစ်ဦးတစ်ယောက်သည်နေဝင်ပြီး နောက်တစ်နေ့နေမထွက်ခင်အချိန်ကြားတွင်လည်းကောင်း (သို့) တရားဥပဒေ အရဆောင်ရွက်ခြင်းကိုဆန့်ကျင်ရန်အတွက် ပြင်ဆင်မှုပြုလုပ်ပြီးနောက်လည်းကောင်း (သို့) အလားတူပြစ်မှုမျိုးကို ကျူးလွန်မိခဲ့ပြီး အရေးယူခံရဖူးသူဖြစ်လျှင် ၄င်းအပိုဒ် (၁) (ခ)အရ၊ ပြစ်မှုကျူးလွန်ပါက တရားစီရင်ရေးရုံးတော်သည် ယင်းပုဒ်မအရပြဋ္ဌာန်းထားသည့် အပြစ်ဒဏ်၏နှစ်ဆဖြင့် အရေးယူအပြစ်ပေးမည်။

## “ပုဒ်မ – ၅၈”

## မှားယွင်းဖမ်းဆီးမှုအတွက် အပြစ်ဒဏ်။

(၁) မည်သည့်သစ်တောအရာရှိမဆို(သို့) ပြည်စောင့်ရဲမှူး(ပၢႇကီၢ်-KNPT)မဆို၊တမင်သကာ(သို့)မလိုအပ်ဘဲ ဤအက်ဥပဒေ ပုဒ်မအရအစိုးရပိုင်ပစ္စည်းအဖြစ် သိမ်းရန်ဘမ်းပြုပြီးမတရားသိမ်းဆည်းယူပါက ယင်းပြစ်မှုအတွက်ပြစ်ဒဏ်ဖြင့် ထောင်ဒဏ် (၆ )လအထိ (သို့) ဒဏ်ငွေအဖြစ်အများဆုံး ကျပ် (၅၀၀၀၀ ) အထိ (သို့) ယင်းပြစ်ဒဏ်နှစ်ရပ်စလုံးကို ချမှတ်နိုင်သည်။

(၂) ဤပုဒ်မအပိုဒ်(၁)အရ အရေးယူချမှတ်သည့်ဒဏ်ငွေကို စီရင်ချမှတ်သည့် တရားရုံးတော်ကညွှန်ကြားပါက ယင်းမတရားဖမ်းယူသိမ်းဆည်းခြင်းအတွက် နစ်နာလျက်ရှိသည့် ပုဂ္ဂိုလ်ထံသို့လျော်ကြေးငွေအဖြစ်ပေးရမည်။

## “ပုဒ်မ – ၅၉”

## တုပခြင်းဖျက်ဆီးခြင်း(သို့)သစ်နှင့်သစ်ပင်များမှတ်သားရန်အတွက်တုပထားမည့်အမှတ်တံဆိပ်ကိုပိုင်ဆိုင်ထားခြင်းနှင့်နယ်နိမိတ်အမှတ်အသားများကို ပြောင်းလဲခြင်း။

မည်သူမဆို မည်သည့်ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကိုသော်လည်းကောင်း အများပြည်သူကိုသော်လည်းကောင်း၊ ထိခိုက်နစ်နာစေရန်ရည်ရွယ်လျက်(သို့)ရာဇဝတ်ကြီးပုဒ်မအရ အဓိပ္ပါယ်ဖွင့်ဆိုထားသည့် မတရားအကျိုးဖြစ်ထွန်း စေသည့်မျိုးဖြင့် –

(က) သစ်နှင့်သစ်ပင်များကို မှတ်သားရန်အတွက်တုပထားသည့် အမှတ်တံဆိပ်ကို တမင်သက်သက် ပိုင်ဆိုင်ခွင့် (သို့)

(ခ) တရားမဝင်ဘဲ(သို့)သစ်များပေါ်တွင်သစ်တောအရာရှိများအသုံးပြုသည့် အမှတ်တံဆိပ်များကိုရိုက်နှိပ်ခြင်း(သို့)–

(ဂ) သစ်တောအရာရှိ၏တာဝန်ပေးချက်ဖြင့်ရိုက်နှိပ်ထားသောသစ်နှင့်သစ်ပင်များပေါ်ရှိ အမှတ်အသားများကို ပြောင်း လဲခြင်း(သို့)ပုံပျက်ပြခြင်း ဖျက်ဆီးခြင်း (သို့)–

(ဃ)ဤဥပဒေအရသစ်တောနယ်နိမိတ်သတ်မှတ်ထားသည့် နယ်နိမိတ်အမှတ်အသားများကိုပြောင်းလဲခြင်း၊ ရွှေ့ပြောင်း ခြင်း၊ ဖျက်ဆီးခြင်းတို့အတွက်ထောင်ဒဏ်(၂)နှစ်အထိ(သို့)ဒဏ်ငွေ(သို့) ပြစ်ဒဏ်နှစ်ရပ်စလုံးဖြင့် အပြစ်ပေး အရေး ယူနိုင်သည်။

## "ပုဒ်မ – ၆၀"

## သစ်တောပြစ်မှုများအတွက် ပေါင်းစပ်အပ်နှင်းပေးသည့် အာဏာ။

ပေါင်းစပ်စေခြင်းနှင့် လျော်ကြေးပေးစေခြင်းအတွက် သစ်တောပြစ်မှုများ။

နယ်မြေအစိုးရသည် အမိန့်ကြေငြာစာဖြင့် မြို့နယ်အဆင့်ထက်မနိမ့်သော သစ်တောတာဝန်ခံအား အောက်ပါ အာဏာကို ပေါင်းစပ်အပ်နှင်းသည်။

(က)"ပုဒ်မ–၅၈ နှင့် ၅၉"တွင်ချမှတ်ထားသည့် ပြစ်မှုများမှလွဲ၍ကျန်ရှိသည့်သစ်တောပြစ်မှုကိုကျူးလွန်သည့် မည်သည့်ပုဂ္ဂိုလ်မဆိုကျူးလွန်မိသောပြစ်ဒဏ်အတွက် လျော်ကြေးငွေအဖြစ်ကျပ်(၅၀၀၀) ထက်မပို သောဒဏ်ငွေကို လက်ခံ ထားနိုင်သည့် အာဏာနှင့် –

(ခ) ပြစ်မှုအတွက်ပစ္စည်းများကို အစိုးရပိုင်အဖြစ်ဖမ်းယူသိမ်းဆည်းခံရပါကယင်းပစ္စည်းနှင့်ခန့်မှန်းတန်ဖိုးတူညီ သောငွေကိုပေးစေခြင်းဖြင့် ယင်းပစ္စည်းတို့ကိုပြန်လည်ပေးအပ်နိုင်သည့် အာဏာတို့ဖြစ်သည်။

(၂) ယင်းလျော်ကြေးငွေ(သို့)သိမ်းဆည်းထားသော ပစ္စည်းပြန်လည်ရရန်အတွက်ဒဏ်ငွေ (သို)နှစ်ရပ်စလုံးကို ယင်းအရာရှိထံပေးဆောင်ပြီးဖြစ်ပါက၊ ထိုအရေးယူခံရသောပုဂ္ဂိုလ်သည် အချုပ်ထဲတွင်ရှိနေပါက အချုပ်ထဲ မှလွှတ်ပေးရမည်ဖြစ်ပြီးဖမ်းဆည်းသိမ်းယူထားသောပစ္စည်းများကိုပြန်ပေးကာ ဆက်လက်၍ယင်းပုဂ္ဂိုလ် (သို့)ပစ္စည်းများအပေါ် တရားဥပဒေအရ အရေးယူဆောင်ရွက်ခြင်းမပြုရ။

## "ပုဒ်မ – ၆၁"

## သစ်တောပြစ်မှုကျူးလွန်ရာမှ ဖြစ်ပေါ်သည့် အပျက်အစီးများအတွက်လျော်ကြေး

(၁) မည်သည့်ပုဂ္ဂိုလ်မဆိုသစ်(သို့) သစ်ပင်များကိုပိုင်းဖြတ်ခြင်း၊ ခုတ်လှဲခြင်း၊သင်းသတ်ခြင်း၊ မှတ်သားခြင်း(သို့) မီးလောင်ခြင်းဖြင့်အနာတရဖြစ်စေခြင်း(သို့) အခြားတနည်းနည်းဖြင့်ဖျက်ဆီးခြင်းတို့ဖြင့် သစ်တောပြစ်မှုကို ကျူးလွန်ပါကတရားရုံးတော်သည် တရားဥပဒေအရအရေးယူအပြစ်ပေးမည့်အပြင် ယင်းပုဂ္ဂိုလ်အား ကျူးလွန်ထားသည့်အပျက်အစီးအတွက် သစ်ပင်တစ်ပင်(သို့) သစ်လုံးတစ်ခုအတွက်ကျပ်(၅၀၀၀)ထက်မပို သောအစိုးရအားပေးစေမည့် ဒဏ်ငွေကိုလိုအပ်သလိုပေးဆောင်ရန် အပြစ်ပေးချမှတ်နိုင်သည်။

(၂) ပြစ်မှုကျူးလွန်သူသည် အခြားပုဂ္ဂိုလ်တဦးတယောက်၏ကိုယ်စားလှယ်(သို့) လုပ်သားဖြစ်ပါကတရားစီရင်သည့် ရုံးတော်သည်အမှုကိုကြားနာစစ်ဆေးပြီးနောက် ယင်းပြစ်မှုအတွက်ကျူးလွန်သူသည် ယင်းအခြားပုဂ္ဂိုလ်၏ စေ့ဆော် ခြင်း(သို့)တာဝန်မကင်းမှုပါရှိခြင်းတို့မှ ကင်းရှင်းကြောင်းတွေ့ရှိပါက ယင်းပြစ်မှုကျူးလွန်သူကိုအပိုဒ် (၁) တွင်ပါရှိသည့် အတိုင်း လျော်ကြေးပေးစေခြင်းဖြင့် အပြစ်ပေးအရေးယူခြင်းခံရမည်။

(၃) အပိုဒ်(၁)နှင့်(၂)အရ၊ အရေးယူထားခြင်းအတွက်အယူခံဝင်နိုင်ရေးတွင် ယင်းအမှုကိုစီရင်ထားသောတရား ရုံးတော်အပေါ်တည်သည်။ ယင်းအမှုအတွက် အယူခံဝင်ရန်လိုသော တရားစီရင်ရေးအဆင့်ရှိသည့် ရုံးတော်ဖြစ်

ပါက အထက်ရုံးသို့အယူခံဝင်နိုင်မည်ဖြစ်ပြီး ယင်းကဲ့သို့အယူခံခြင်းမှရရှိသည့်အမိန့်စီရင်ချက်သည် နောက်ဆုံးစီရင်ချက်ဖြစ်သည်။

## "ပုဒ်မ – ၆၂"

## သစ်တောထွက်ပစ္စည်းများ ကရိယာများ အစရှိသည်တို့ကိုအစိုးရပိုင်အဖြစ်သိမ်းယူခြင်း။

ဖမ်းယူသိမ်းဆည်းထားသည့် ပစ္စည်းကိုစီမံခန့်ခွဲခြင်း ။

(၁) သစ်တောပြစ်မှုကျူးလွန်ခြင်းကြောင့် အရေးယူခံရသည့်မည်သည့်ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်မဆိုယင်းပြစ်မှုနှင့်ပတ် သက်လာသော အစိုးရပိုင်ပစ္စည်းမဟုတ်သည့်သစ်တောထွက်ပစ္စည်းများနှင့် ယင်းပြစ်မှုကိုကျူးလွန်ရာတွင် အသုံးပြုသော ကိရိယာများ၊လှေများ၊ လှည်းများ၊ သစ်ဆွဲယာဉ်များနှင့် ကျွဲနွား တိရစ္ဆာန်များသည် အမှုကိုစီရင်သော ရုံးတော်၏အမိန့်အရ အစိုးရပိုင်ပစ္စည်းအဖြစ် သိမ်းယူခြင်းခံရမည်။

(၂) ယင်းကဲ့သို့သိမ်းယူမှုမျိုးသည် ယင်းပြစ်မှုအတွက်စီရင်ချက်ချမှတ်သည့် အပြစ်ဒဏ်အပြင်ချမှတ်ထားသော ပြစ်ဒဏ်ဖြစ်သည်။

## "ပုဒ်မ – ၆၃"

## ကျူးလွန်သောသစ်တောပြစ်မှုအတွက်အမှုစီရင်ပြီးနောက်ယင်းနှင့်ပတ်သက်သောသစ်တောထွက်ပစ္စည်းများကို စီမံခန့်ခွဲခြင်း။

ကျူးလွန်သောသစ်တောပြစ်မှုအတွက် အမှုစီရင်ပြီးနောက် ယင်းပြစ်မှုနှင့်ပတ်သက်မည့် သစ်တောထွက်ပစ္စည်းသည် အစိုးရပိုင်ပစ္စည်း(သို့)အစိုးရပိုင်ပစ္စည်းအဖြစ်သိမ်းယူပြီးဖြစ်ပါက ယင်းပစ္စည်းကိုဤကိစ္စအတွက် အာဏာအပ်နှင်းထားသည့် သစ်တောအရာရှိ၏ပိုင်ဆိုင်ထိန်းသိမ်းမှုအောက်တွင်ထားရှိစေရမည့်(သို့) တရားစီရင်သည့် ရုံးတော်၏အမိန့်အတိုင်း စီမံခန့်ခွဲရမည်။

## "ပုဒ်မ – ၆၄"

## ပြစ်မှုကျူးလွန်သူကိုမသိ (သို့) ရှာမတွေ့သောအခါ ဆောင်ရွက်ရမည့် လုပ်ဆောင်ချက်။

(၁) ပြစ်မှုကျူးလွန်သူကိုမသိ(သို့) ရှာမတွေ့သောအခါတရားသူကြီးက ယင်းကိစ္စနှင့်ပတ်သက်ပြီးစုံစမ်းစစ်ဆေးပြီးနောက် ပြစ်မှုကျူးလွန်ခဲ့ကြောင်းတွေ့ရှိပါက တရားသူကြီးသည် ယင်းနှင့်ပတ်သက်သည့်ပစ္စည်းများကို အစိုးရပိုင်အဖြစ်သိမ်းယူရန်(သို့) သင့်တော်သောပုဂ္ဂိုလ်တစ်ဦးဦးထံအပ်နှင်းရန် တရားသူကြီးက အမိန့်ထုတ်ပြန်ရမည်။

ဤအမိန့်မျိုးကို ပစ္စည်းသိမ်းယူပြီး(တစ်လ)လွန်မြောက်ခြင်းမရှိမီ(သို့) ယင်းပစ္စည်းနှင့်ပတ်သက်သည့် အခွင့်အရေးရရန်ရှိသူတစ်ဦးဦး၏လျှောက်ထားတောင်းဆိုချက်ကို ကြားနာစစ်ဆေးခြင်းမပြုမီ ထုတ်ပြန်ခြင်းမပြုရ။

(၂) တရားသူကြီးသည် ယင်းသိမ်းဆည်းထားသော ပစ္စည်းများအတွက် အပိုဒ်(၁)တွင်ဖော်ပြထားသည့် ကိစ္စအတိုင်းဆောင်ရွက်ခြင်းမပြုမီဤပစ္စည်းများကိုအကျိုးခံစားရန် လျှောက်ထားတောင်းဆိုနိုင်ရန်အတွက်သင့်တော်သော အမိန့်ကြေငြာချက်ကိုထုတ်ပြန်သွားရမည်။

## “ပုဒ်မ – ၆၅”

## “ပုဒ်မ – ၄၆”

## အရဖမ်းယူသိမ်းဆည်းထားသောပျက်စီးနိုင်သည့်ပစ္စည်းနှင့်ပတ်သက်သည့် လုပ်ဆောင်ရမည့်လုပ်ဆောင်ချက်

ဤအက်ဥပဒေအတွင်းပါရှိသည့် မည်သည့်အချက်နှင့်မှ ပါဝင်ဆန့်ကျင်ခြင်းမရှိပါက “ပုဒ်မ–၄၆”အရ သိမ်းယူဖမ်းဆီးထားသောပစ္စည်းသည် သဘာဝအလျောက်ပုပ်ဆွေးလွယ်သည့် ပစ္စည်းများဖြစ်ပါကတရားသူကြီးသည် ယင်းပစ္စည်းတို့ကိုရောင်းချပစ်ရန်ညွှန်ကြားခြင်း(သို့)ရောင်းချခြင်းမပြုသေးပါက တစ်နည်းနည်းဖြင့် အရေးယူ ဆောင်ရွက်ခြင်းကို သင့်တော်သလို လုပ်ဆောင်စေရမည်။

## “ပုဒ်မ – ၆၆”

## “ပုဒ်မ –၆၄ ၊၆၅(သို့) ၆၆”အရ၊ ဖြစ်ပေါ်လာသောအမိန့်တို့မှ အယူခံတင်ခြင်း။

မည်သည့်ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်မဆို “ပုဒ်မ–၆၂(သို့) ၆၃(သို့)၆၄”အရ၊ အရေးယူစီရင်ဆုံးဖြတ်ထားသည့် ပြစ်မှုတွင် “ပုဒ်မ–၄၆”အရ သိမ်းယူဖမ်းဆီးထားသောပစ္စည်းအတွက် အကျိုးခံစားရန်ရှိပါက ယင်းပုဂ္ဂိုလ်သည်စီရင် ချက်ချမှတ်ပြီးတစ်လအတွင်း ယင်းအမှုအတွက်အယူခံဝင်ရန်လိုသော တရားစီရင်ရေးအဆင့်သာရှိသည့်တရားသူကြီးကအမိန့်ချမှတ်လျှင် အယူခံဝင်ရန်အတွက်အထက်ရုံးသို့ လျှောက်ထားနိုင်ပြီး ယင်းကဲ့သို့သောအယူခံခြင်းမှရရှိသည့် အမိန့်စီရင်ချက်သည် နောက်ဆုံးစီရင်ချက်ဖြစ်သည်။

## “ပုဒ်မ – ၆၇”

## အစိုးရပိုင်အဖြစ် သိမ်းယူထားသောပစ္စည်းကို အစိုးရလက်ထဲသို့ အပ်နှင်းခြင်း။

“ပုဒ်မ–၆၂(သို့)၆၄”အရ မည်သည့်ပစ္စည်းမျိုးမဆိုအစိုးရပိုင်အဖြစ်သိမ်းယူရန် စီရင်ချက်အမိန့်ကို ချမှတ်ပြီးဖြစ်၍“ပုဒ်မ–၆၆”အရ အယူခံတင်ရန်အတွက် အချိန်ကုန်ဆုံးသွားပြီး ယင်းအတွက်အယူခံဝင်ခြင်း မရှိပါက(သို့) ယင်းအတွက်အယူခံဝင်သော်လည်း အယူခံတရားရုံးတော်က အောက်ရုံးမှချမှတ်သည့်စီရင်ချက်ကိုသာ အတည်ပြုဆုံးဖြတ်လျှင် ယင်းနှင့်ပတ်သက်သည့် ပစ္စည်းအားလုံး(သို့)အချို့တို့ကို အစိုးရပိုင်အဖြစ် သိမ်းယူစေရန်ဖြစ်သော ယင်းပစ္စည်းတို့သည် အနှောင့်အယှက်အတားအဆီးမရှိသော် ချက်ချင်းအစိုးရပိုင်ပစ္စည်းဖြစ်စေရမည်။

## “ပုဒ်မ – ၆၈”

## သိမ်းယူဖမ်းဆီးထားသော ပစ္စည်းကိုသိမ်းရန် အာဏာ။

ဤအက်ဥပဒေအတွင်းပါရှိသည့် မည်သည့်အချက်နှင့်မျှ ပါဝင်ဆန့်ကျင်ခြင်းမရှိလျှင် ဤကိစ္စအတွက် နယ်မြေ အစိုးရက အာဏာအပ်နှင်းထားသည့် သစ်တောအရာရှိသည် “ပုဒ်မ –၄၆”အရ ဖမ်းယူသိမ်းဆည်းထားသော မည်သည့်ပစ္စည်းမျိုးကိုမဆို အစိုးရပိုင်ပစ္စည်း မဟုတ်ပါက ယင်းကိုသိမ်းယူခြင်းမှ အချိန်မရွေးရုပ်သိမ်းရန် ညွှန်ကြားနိုင်သည်။

## “ပုဒ်မ – ၆၉”

## အက်ဥပဒေအရ ရရှိရန်ရှိသည့် ငွေများကိုရယူခြင်း။

ဤအက်ဥပဒေအရ အစိုးရသို့ပေးရန်ရှိသည့်ဒဏ်ငွေမှလွဲ၍ ကျန်ငွေအားလုံး(သို့)သစ်တောထွက်ပစ္စည်း တစ်မျိုးမျိုးကိုရောင်းချရာ၌ ရရှိမည့်ငွေများ(သို့)သစ်တောထွက်ပစ္စည်းများနှင့်ပတ်သက်၍ ဤအက်ဥပဒေအရ ဆောင်ရွက်ရာ၌ ကုန်ကျသည့်စရိတ်များစသည်တို့ကိုပေးရန် အချိန်လွန်ပြီးမပေးဘဲရှိနေပါက အခွန်တော် ကြွေးမြီသဖွယ် လက်ရှိတရားဝင်တည်ရှိသော ဥပဒေအရ ပြန်လည်ရယူစေရမည်။

## “ပုဒ်မ – ၇၀”

## သစ်တောထွက်ပစ္စည်းပိုင်ဆိုင်ခွင့်အတွက် အစိုးရထံပေးရန်ရှိသည့် ငွေကိစ္စ။

(၁) အထက်ပါပုဒ်မအရ အစိုးရထံပေးရန်ရှိငွေများ(သို့)မည်သည့်သစ်တောထွက် ပစ္စည်းနှင့်မဆို ပိုင်ဆိုင်မှုအတွက် အစိုးရထံပေးရန်ငွေကိုမပေးဘဲရှိလျှင် အရေးယူသောအားဖြင့် ယင်းသစ်တောထွက်ပစ္စည်းများကို ဤကိစ္စအ တွက်အာဏာအပ်နှင်းထားသည့် သစ်တောအရာရှိတစ်ဦးဦးက ယင်းအတွက်ကျသင့်ငွေပေးဆောင်ခြင်း မပြုမ ချင်း သိမ်းပိုက်ထားရမည်။

(၂) အထက်ပါကျသင့်ငွေကိုပေးဆောင်ခြင်းမပြုဘဲ ပေးဆောင်ရန်အချိန်ကုန်လွန်သွားပြီးဖြစ်ပါကယင်း သစ်တောအ ရာရှိသည် ထိုသစ်တောထွက်ပစ္စည်းကို အများပြည်သူထံသို့ လေလံတင်ရောင်းချသွားမည်။

## သစ်တောမှုုးများ

## “ပုဒ်မ – ၇၁”

## အာဏာအချို့တို့ သစ်တောမှုုးများထံသို့အပ်နှင်းခြင်း။

ဤအက်ဥပဒေအရ လုပ်ငန်းများပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက်နယ်မြေအစိုးရသည် မည်သည့် သစ်တောမှုုးကိုမဆို အောက်ပါအာဏာအားလုံး(သို့) အချို့ကိုအပ်နှင်းနိုင်သည်။

(က)နယ်နိမိတ် သတ်မှတ်ရေးမှုုး အာဏာ။

(ခ) သက်သေများနှင့်အထောက်အထားစာရွက်စာတမ်းကိုဆင့်ဆိုဖော်ထုတ်နိုင်သည့် ကေအဲန်ယူ–တရားခံရုံး အာဏာ။

(ဂ) တရားဥပဒေကျင့်ထုံးအရ လူဖမ်းဝရမ်းထုတ်နိုင်သည့်အာဏာ။

(ဃ)သစ်တောပြစ်မှုအတွက်စုံစမ်းစစ်ဆေးရေးနှင့် ယင်းအတွက်သက်သေအထောက်အထားကိုရယူ မှတ်တမ်းတင် နိုင်သည့်အာဏာ။

(င) သစ်တောကြိုးဝိုင်းအတွင်း မီးလောင်မှုမဖြစ်ပွားစေရန် ကြိုတင်ဆောင်ရွက်မှု အာဏာ။

(စ) ရေမျှောကမ်းတင်သစ်များကို လက်ခံရန်အတွက် သစ်ဆိပ်များသို့အမိန့်ပေးသည့် အာဏာ။

(ဆ)“ပုဒ်မ–၃၈”အရစုဆောင်းထားသောသစ်များနှင့် ပတ်သက်၍အများပြည်သူတို့သိရှိရန်အတွက် အမိန့်ထုတ် ပြန်ကြေညာသည့် အာဏာ။

(ဇ) ဤအက်ဥပဒေအရ ပစ္စည်းများကိုထိန်းသိမ်းထားနိုင်သည့် အာဏာ။

(ဈ) တရားစွဲဆိုချက်ကို ရုပ်သိမ်းသည့်အာဏာ(သို့) ပစ္စည်းများကိုလွှတ်ပေးရန်ညွှန်ကြားနိုင်သည့် အာဏာ။

## "ပုဒ်မ – ၇၂"

## သစ်တောအရာရှိသည် ပြည်သူ့ဝန်ထမ်းဖြစ်သည်။

သစ်တောမှူးအားလုံးသည်တိုင်းပြည်ကိုအကျိုးပြုသည့် တရားဥပဒေ၏အဓိပ္ပါယ်ဖွင့်ဆိုချက်နှင့်အညီ ပြည်သူ့ဝန်ထမ်းဖြစ်သည်။

## "ပုဒ်မ – ၇၃"

## သစ်တောအရာရှိသည် ကုန်သွယ်ခြင်း အလျဦးမပြုရ။

သစ်တောအရာရှိသည် သစ်လုပ်ငန်းနှင့်ပတ်သက်၍ လုပ်ငန်းရှင်အဖြစ်လည်းကောင်း လုပ်ငန်းရှင် တစ်ဦးဦး၏ကိုယ်စားလှယ်အဖြစ်လည်းကောင်း သစ်တောထွက်ပစ္စည်းများကိုရောင်းဝယ်ဖောက်ကားခြင်း သစ်တောနှင့်ပတ်သက်သောမြေယာနှင့် သစ်တောထွက်ပစ္စည်းများကိုငှားရမ်းခြင်း ပေါင်နှံခြင်းနှင့်ပဋိဉာဉ်စာချုပ် ချုပ်ဆိုခြင်းတို့ကိုပြည်တွင်းတွင်ဖြစ်စေ ပြည်ပတွင်ဖြစ်စေ အလျဦးမပြုရ။

## နည်းဥပဒေများ

## "ပုဒ်မ – ၇၄"

## နည်းဥပဒေများကို ပြုလုပ်ရန်တိုးချဲ့အာဏာ။

(၁) ဤအက်ဥပဒေအတွင်း ပြီးခဲ့သည့်ပုဒ်မများတွင် အပ်နှင်းထားသည့်အာဏာအပြင် နယ်မြေအစိုးရသည် ဤအက်ဥပဒေ၏ လုပ်ငန်းနှင့်ရည်ရွယ်ချက်များကိုဆောင်ရွက်နိုင်ရန်အတွက် နည်းဥပဒေများကို ပြုလုပ်နိုင်သည်။

(၂) ယင်းနည်းဥပဒေများသည် သီးသန့်ဖြစ်ရပ်အနေဖြင့်ဖြစ်ပြီး ဤအက်ဥပဒေအတွင်းအပ်နှင်းခဲ့သည့် အာဏာကိုယေ ဘုယျအားဖြင့် ထိခိုက်နစ်နာမှုမရှိဘဲဖြစ်ရမည်။ ယင်းတို့မှာ–

**(က)သစ်တောမှူး၏ ဆောင်ရွက်ရန် အဆင့်ဆင့်အာဏာများနှင့် တာဝန်များ။**

**(ခ) သစ်တောနေရာချထားရေးမှူး၏ ဆောင်ရွက်ရမည့်လုပ်ငန်းများကို စီမံပေးခြင်း။**

**(ဂ) သစ်တောမှူးများ၊အခြားဝန်ထမ်းများနှင့်ပြည်သူ့အကျိုးပြုလုပ်အားချီးမြှင့်ခြင်းနှင့်ပတ်သက်သည့်လုပ်ငန်းနှင့်**

**(ဃ)ဤအက်ဥပဒေအရ ခွင့်ပြုသည့်လိုင်စင်များကိုထုတ်ပေးခြင်း ပြန်လည်သိမ်းယူခြင်းနှင့် ယင်းတို့အတွက်ကျသင့်သည့် ပေးဆောင်ရမည့်လိုင်စင်အတွက် ကောက်ရန်စသည်တို့အတွက်စီမံ ကွပ်ကဲခြင်းတို့ဖြစ်သည်။**

(၃) နယ်မြေအစိုးရသည်ဤပုဒ်မအရ ရေးဆွဲထားသည့်စည်းမျဉ်းများကို ချိုးဖောက်သည့်ပြစ်မှုများအတွက်ပြစ်ဒဏ်အဖြစ်ထောင်ဒဏ်(၆)လအထိ (သို့)ဒဏ်ငွေအဖြစ်ငွေကျပ်(၅၀၀၀၀)အထိ (သို့) ယင်းပြစ်ဒဏ်နှစ်ရပ်စလုံးကို ပြစ်ဒဏ်အဖြစ် ပူးတွဲပြဋ္ဌာန်းချမှတ်နိုင်သည်။

## “ပုဒ်မ – ၇၅”

## နည်းဥပဒေများကို ထုတ်ပြန်ခြင်းနှင့် ၄င်းတို့၏သက်ရောက်မှုများ။

နယ်မြေအစိုးရက ဤအက်ဥပဒေအရရေးဆွဲပြုလုပ်ထားသော နည်းဥပဒေအားလုံးတို့ကိုအစိုးရဂေဇက်ထဲတွင်ထုတ်ပြန်ကြေငြာမည်ဖြစ်ပြီး ၄င်းတို့သည်အက်ဥပဒေကို ပြဌာန်းရာတွင်သက်ရောက်မှုရှိသလို ၄င်းတွင်သက်ရောက်မှု ရှိစေရမည်။

## “ပုဒ်မ – ၇၆”

## ကျင့်ထုံးများအတွက်စည်းကမ်းသတ်မှတ်ခြင်း။

ရိုးသားစွာဆောင်ရွက်သောကိစ္စအတွက်အာမခံချက်။

ဤအက်ဥပဒေအရဆောင်ရွက်သော(သို့) ဤအက်ဥပဒေအရရိုးသားစွာဆောင်ရွက်သောလုပ်ငန်း တခုခုအတွက် မည်သည့်အစိုးရဝန်ထမ်းတဦးဦးကိုမဆို တရားဥပဒေအရအရေးယူခြင်း(သို့) တရားစွဲဆိုခြင်း မရှိစေရ။

## “ပုဒ်မ – ၇၇”

## အစိုးရနှင့်၄င်းအရာရှိများအပေါ်တာဝန်မရှိသည့်သစ်တောပစ္စည်းအချို့၏ပျောက်ဆုံးခြင်း (သို့) ပျက်စီးခြင်း။

“ပုဒ်မ–၃၈”အရ အခွန်ကောက်ရုံးတွင်ဖြစ်စေ တစ်နေရာရာတွင်ဖြစ်စေ သစ်တောထွက်ပစ္စည်းများကို ဤ အက်ဥပဒေအရအရေးယူဖမ်းဆီးထိန်းသိမ်းရာတွင် ဖြစ်ပေါ်လာသည့်အပျောက်အဆုံးများ(သို့)အပျက်အစီးများအတွက်အစိုးရ၌တာဝန်မရှိစေရ။ ထို့နည်းတူတာဝန်မဲ့စွာဆောင်ရွက်ခြင်း၊လိမ်လည်လိုသောဆန္ဒဖြင့်ဆောင်ရွက်ခြင်း မဟုတ်ပါက ယင်းကဲ့သို့သောအပျောက်အဆုံးနှင့်အပျက်အစီးတို့အတွက် သစ်တောအရာရှိ(သို့) ပြည်စောင့် ရဲမှူး (ဟ္ကကီ႑ - KNPT) များအပေါ် လုံးဝတာဝန်မရှိစေရ။

## “ပုဒ်မ – ၇၈”

ဤအက်ဥပဒေအရအလိုရှိသောမြေယာများသည် အများပြည်သူအကျိုးအတွက် လိုအပ်ခြင်းဖြစ်သည်။

## လယ်ယာမြေကို သိမ်းယူခြင်း။

နယ်မြေအစိုးရသည်မည်သည့်မြေယာကိုမဆို ဤအက်ဥပဒေအရအလိုရှိသည်ဟုထင်မြင်ယူဆပါက ယင်းမြေယာသည် မြေယာသိမ်းယူရေးအက်ဥပဒေ(၁၈၉၄) “ပုဒ်မ–၄”အရအကျုံးဝင်ပြီးပြည်သူ့အကျိုးအတွက်သာ ဖြစ်ကြောင်း မှတ်ယူရမည်။

# အပိုင်း (၂)

# အခန်း (၁)

# အဓိပ္ပါယ်ဖွင့်ဆိုချက်

## နည်းဥပဒေ "ပုဒ်မ – ၁"

ဤနည်းဥပဒေများသည် ဘာသာရပ်အတွင်းရှိ အကြောင်းအရာများနှင့် ဆန့်ကျင်ဘက်မဖြစ်ပါက–

**နည်းဥပဒေဝေါဟာရများ၏ ရှင်းလင်းချက်။**

(၁) **ကြက်ပေါင်းစေး**– ကြက်ပေါင်းစေးပင်အပြင်ကြက်ပေါင်းစေးများထုတ်လုပ်အသုံးပြုနိုင်သော အပင်များလည်း ပါဝင်သည်။

(၂) **စုဆောင်းခြင်းဆိုသည်မှာ–**

(က)မျှောနေသောသစ်များ
(ခ) ရေမျှောကမ်းတင်သစ်များ နှင့်
(ဂ) နစ်မြုပ်နေသောသစ်များ စသည်တို့ဖြစ်သည်။

အထက်ပါသစ်များကို တနည်းနည်းဖြင့် တစ်ဦးတယောက်ကရွှေ့ပြောင်းခြင်း မျှောဆိပ်သို့ရွှေ့ပြောင်းခြင်း၊ အခြားတနေရာသို့ရွှေ့ပြောင်းခြင်းတို့ဖြစ်သည်။ သစ်များကိုကမ်းသို့ဆယ်ယူရန် တာဝန်ရှိသူတစ်ယောက်၏လုပ်ငန်း ဆောင်ရွက်ခြင်းသည် စုဆောင်းခြင်းမမည်။

(၃) တိုင်းသစ်တာဝန်ခံ (conservator) – သစ်တောတိုင်းနယ်မြေ (Circle) တခုကိုတာဝန်ယူကြီးကြပ်ရန် ခန့်ထားခြင်းခံရသောတာဝန်ခံဖြစ်သည်။ ၄င်းကို တိုင်းသစ်တောနယ်မြေတာဝန်ခံ၏ အာဏာများကို အပ်နှင်းထားသည်။

(၄) လက်ထောက်တိုင်းသစ်တောတာဝန်ခံ (Deputy Commissioner) သည် တိုင်းတခုခုအတွင်း အပ်နှင်းထားသောနယ်မြေများအတွက် တာဝန်ယူရသော သစ်တောတာဝန်ခံဖြစ်သည်။

(၅) ခရိုင်သစ်တောတာဝန်ခံ (DFO) သည် ခရိုင်သစ်တောနယ်မြေတခုကိုကြီးကြပ်ရန်တာဝန်ပေးထားသောတာဝန်ခံဖြစ်ပြီး ၄င်းကို ခရိုင်သစ်တောတာဝန်ခံအာဏာဖြင့် အပ်နှင်းထားသည်။

(၆) သစ်မျှောဆိပ်တိုင်းသစ်တောတာဝန်ခံကအသိအမှတ်ပြုပြီးအက်ဥပဒေ"ပုဒ်မ–၃၈"အပိုဒ်(၄ )အရ ကြေငြာထားသော မျှောဆိပ်ဖြစ်သည်။

(၇) ထင်း – လောင်စာအဖြစ်အသုံးပြုရန် သင့်တော်သောသစ်တိုသစ်စများကိုသာ ဆိုလိုသည်။

(၈) ပြဌာန်းထားသောပုံစံ –အချိန်အခါအလျောက်သစ်တောတာဝန်ခံချုပ်(မင်းကြီးချုပ်)မှ၊ ပြဌာန်းထားသော ပုံစံဖြစ်သည်။

(၉) သစ်လုံး (Log) –ဝိုင်းသောသစ်ချောင်းများဖြစ်ပြီး၊ အလျားခါးလယ်၌ တိုင်းသောလုံးပတ်သည်(၁)ပေထက် မငယ်စေရ။

(၁၀) ပို (Ploe) – ဝိုင်းသောသစ်ချောင်းများဖြစ်ပြီး အလျားခါးလယ်၌တိုင်းသော လုံးပတ်သည်(၁)ပေထက် ငယ်စေရမည်။

(၁၁)တိုင် (Post) – ဝိုင်းသောသစ်ချောင်းများဖြစ်ပြီး အလျားခါးလယ်၌တိုင်းသောသစ်လုံးပတ်သည် (၁) ပေ ထက်ကြီး ပြီး (၃)ပေထက် ငယ်စေရမည်။

(၁၂) ဖောင် –ဝါး(သို့)ကြိမ်(သို့)သစ်စသည်တို့ကို (၂)ချောင်း(သို့)ယင်းထက်ပိုသောအရေအတွက်ဖြင့် အဆုံး (၂)ဖက်တွင် သေသပ်စွာပူးချည်ထားသော မျှောချရန်အသုံးပြုသည့် အရာဖြစ်သည်။

(၁၃) ဖောင်ဆိပ်– သစ်တောအက်ဥပဒေ ''ပုဒ်မ–၃၈'' အပိုဒ် (၁)တွင် ပြဌာန်းထားသောဆိပ်ကိုဆိုလိုသည်။

(၁၄) တားမြစ်ထားသော သစ်ပင်–

(က) မည်သည့်နေရာမဆို ပေါက်သည့်ကျွန်းပင်နှင့်

(ခ) အက်ဥပဒေ ''ပုဒ်မ–၂၉'' အပိုဒ် (၂) အရ၊ အစိုးရမှနှစ်သက်ရာ မည်သည့်နေရာတွင်မဆို ကြေငြာထားသော မည်သည့်သစ်မျိုးကိုမဆိုပါဝင်သည်။နှစ်သက်ရာမည်သည့်နေရာတွင်မဆိုကြေငြာထားသော မည်သည့် သစ်မျိုးကိုမဆို ပါဝင်သည်။

(၁၅) အခွန်အကောက်– အက်ဥပဒေ''ပုဒ်မ –၃၇''အပိုဒ် ၂၊ ၁ အရ တည်ဆောက်ထားသောအခွန်အကောက်ဌာန။

(၁၆) လွှစင်– မည်သည့်နေရာတွင်မဆို သစ်များကိုလွှတိုက်ရန်အတွက် တည်ဆောက်ထားသောလွှစင်။

(၁၇) သစ်စက်– စက်များဖြင့်ခုတ်မောင်းသော လွှစင်။

(၁၈) တန် – အတိုင်းအတာ( ၅၀)ကုဗပေ ရှိသောသစ်။

(၁၉) တားမြစ်ခြင်းမရှိသောသစ်ပင် – ကျွန်းပင်မဟုတ်သောသစ်ပင်နှင့် အက်ဥပဒေ''ပုဒ်မ –၂၉''အပိုင်း(၂)အရ ကြေငြာ ထားခြင်းမဟုတ်သောသစ်ပင်။

# အခန်း (၂)

# သစ်တောကြိုးဝိုင်းအတွက် နည်းဥပဒေများ

## (က) အမဲလိုက်ခြင်း၊ သေနတ်ပစ်ခြင်းနှင့် ငါးဖမ်းခြင်း။

## <u>''ပုဒ်မ – ၂''</u>

### သစ်တောကြိုးဝိုင်းအတွင်းအမဲလိုက်ခြင်းမည်သည့်လက်နက်ဖြင့်ဖြစ်စေပစ်ခတ်သတ်ဖြတ်ခြင်း ငါးဖမ်းခြင်းစသည်တို့ကို တားမြစ်ခြင်း။

(က)ဗဟိုသစ်တောတာဝန်ခံ၏ ခွင့်ပြုထားသောလိုင်စင်မရှိဘဲမည်သူမဆို သစ်တောကြိုးဝိုင်းအတွင်းအမဲလိုက်ခြင်း၊ သေနတ်ပစ်ခြင်း ငါးဖမ်းခြင်းနှင့် ထောင်ချောက်များထောင်ခြင်းစသည်တို့ကို လုံးဝမပြုလုပ်ရ။

ယင်းသစ်တောတာဝန်ခံသည် သက်ဆိုင်ရာအက်ဥပဒေအရ လက်နက်ကိုင်ဆောင်ခွင့်ရရှိသူကိုသာလျှင် အမဲ လိုက်ခွင့်ပြုလိုင်စင်ကို ထုတ်ပေးရမည်။

(ခ) အမဲလိုက်ခွင့်လိုင်စင်သည် ပြဌာန်းထားသည့် ပုံစံအတိုင်းဖြစ်ရမည်။ ယင်းလိုင်စင်ထဲတွင်ကိုင်ဆောင်ခွင့်ရှိသူ၏ လက်မှတ်ပါရှိရမည်။ယင်းလိုင်စင်ကိုတနှစ်ကာလအတွက်သာခွင့်ပြုရမည်။ယင်းလိုင်စင်ကို အသုံးပြုသောကာ လသည် ထုတ်ပေးသူတာဝန်ခံ၏ကြီးကြပ်တာဝန်ယူသော ဒေသအတွင်း၌သာဖြစ်ရမည်။ ယင်းလိုင်စင်ထုတ် ပေးရန်အတွက်လိုင်စင်ကြေးကျပ်(၅၀၀၀)ဖြစ်ပြီး ငါးဖမ်းခြင်းနှင့်ထောင်ချောက်ထောင်ခြင်းများအတွက် ယင်းထက်နည်း သောကြေးများဖြင့်သက်ဆိုင်ရာ တာဝန်ခံကဆုံးဖြတ်ပေးနိုင်သည်။

## "ပုဒ်မ – ၃"

## သားရဲတိရစ္ဆာန်များနှင့်ကျေးငှက်များအတွက်ပိတ်ပင်ထားသောအချိန်ကာလအပိုင်းအခြား။

ပိတ်ပင်ထားသော အချိန်ကာလအပိုင်းအခြားအတွင်း မည်သူတဦးတယောက်မျှ ကျေးငှက်တိရစ္ဆာန်များကို အမဲလိုက်ခြင်း ပစ်ခတ်သတ်ဖြတ်ခြင်းမပြုလုပ်ရ။ အချိန်အလိုက်ပိတ်ပင်ထားသော ကျေးငှက်တိရစ္ဆာန်များမှာ အောက်ပါအတိုင်းဖြစ်သည်။

### (က) တစ်နှစ်ပတ်လုံး ပိတ်ပင်ထားသည့် သားရဲတိရစ္ဆာန် အထီးအမများ ။

| | | | |
|---|---|---|---|
| ၁။ တောကျွဲ | ၂။ ကျွဲရိုင်း(ပြောင်) | ၃။ စိုင်(ဖိန်ဆံးခိန်) | ၄။ ကြံ့ |
| ၅။ ဆင်ရိုင်း | ၆။ ကျား | ၇။ ကြံ့သူတော် | ၈။ ဒေါင်း |
| ၉။ ဒေါင်းမင်း | ၁၀။ မျောက်လွဲကျော် | ၁၁။ အောင်လံငှက် | ၁၂။ လိပ်ကြက်တူရွေး |
| ၁၃။ သင်းခွေချပ် | | | |

### (ခ) တစ်နှစ်ပတ်လုံးပိတ်ပင်ထားသည့် သားရဲတိရစ္ဆာန်အမများ ။

၁။ ဆတ် ၂။ ဒရယ် ၃။ သမင် ၄။ တောဆိတ်

### (ဂ) ကာလအပိုင်းအခြားအရ ပိတ်ပင်ထားသည့် သားရဲတိရစ္ဆာန် အထီးများ ။

**၁။ ဆတ် – ဇွန်လ(၁၅)ရက်နေ့မှ အောက်တိုဘာလ(၁၅)ရက်နေ့အထိ ။**
**၂။ ဒရယ် – -------။------ ။**
**၃။ သမင် – မေလ (၁)ရက်နေ့မှ နိုဝင်ဘာလ (၃၀) ရက်နေ့အထိ။**

### (ဃ)ကာလအပိုင်းအခြားအရ ပိတ်ပင်ထားသည့် သားရဲတိရစ္ဆာန် အထီးအမများ ။

**၁။ ယုံများ – မတ်လ (၁)ရက်မှ ဩဂုတ်လ (၃၁)ရက်နေ့အထိ ။**
**၂။ တောကြက် – ------။----- ။**
**၃။ ငုံး – ------။----- ။**
**၄။ ခါ – ------။----- ။**
**၅။ ရစ် – ------။----- ။**

ဗဟိုသစ်တောတာဝန်ခံ၏ခွင့်ပြုချက်ဖြင့် ဒေသခရိုင်သစ်တောတာဝန်ခံမှနေပြီး အထက်ပါ တောကောင် များကို ပိတ်ပင်ခြင်းအား လိုအပ်သလိုရုပ်သိမ်းခြင်းများကို ကြေငြာခြင်းဖြင့်ပြုလုပ်နိုင်သည်။

## “ပုဒ်မ – ၄”

## ကြိုးဝိုင်းအတွင်းသားငှက်နှင့်သားရဲတိရစ္ဆာန်များကိုမည်သူတစ်ဦးတစ်ယောက်မျှမိမိတို့ အကျိုးစီးပွား အတွက်ဖမ်းယူခြင်း၊ပစ်ခတ်သတ်ဖြတ်ခြင်း၊ ဖျက်ဆီးခြင်း၊ မပြုလုပ်ရ။

| | |
|---|---|
| ၁။ ဇီးကွက် (ဒီးဒုတ်အပါအဝင်) | ၂။ ပုံလွှား |
| ၃။ ညသိန်းငှက်ငယ်၊ မြေဝပ်ငှက် | ၄။ ပျားထွေးငှက် |
| ၅။ ပိန်ညှင်းငှက် | ၆။ အောက်ချင်းငှက် |
| ၇။ သစ်တောက်ငှက် | ၈။ ဖိုးခေါင်ငှက် |
| ၉။ နှံပြည်စုတ်ကြီး | ၁၀။ တွားသွားကောင်များ |
| ၁၁။ ကောင်သူဘီးငှက် | ၁၂။ ငှက်ဘီလူး |
| ၁၃။ ပုဇင်းထိုးငှက် | ၁၄။ မြေလူးငှက် |
| ၁၅။ ဗွတ်ကလုံငှက် | ၁၆။ မြေလူးငှက်ဝါ |
| ၁၇။ ဇီဝစိုးငှက် | ၁၈။ နှံပြည်စုတ် |
| ၁၉။ ဆက်ရက် | ၂၀။ စါဝါငှက်ကလေး |
| ၂၁။ ဇာမရီငှက် | ၂၂။ တောဝမ်းဘဲ |
| ၂၃။ ဗျိုင်းမျိုး | ၂၄။ ဇင်ယော် |

## “ပုဒ်မ – ၅”

## ငါးဖမ်းခြင်းအတွက် ကန့်သတ်ချက်။

သစ်တောကြိုးဝိုင်းအတွင်းအောက်ပါတို့ကိုငါးဖမ်းရန်အတွက်မပြုလုပ်ရ။

ဆည်တားခြင်း၊ မြုံးထောင်ခြင်း၊ ရေကြောင်းခွဲခြင်း၊ တစ်လက်မစတုရမ်းဧရိယာထက်ကျဉ်းသောပိုက်ဖြင့် ငါး ထောင်ခြင်း၊ အဆိပ်ခတ်ခြင်း၊ မိုင်းခွဲခြင်း၊ ဓါတ်တို့ခြင်း များစသည်တို့ဖြစ်သည်။

## “ပုဒ်မ – ၆”

## (က)သစ်တောပြစ်မှုကျူးလွန်ခြင်းအတွက် လိုင်စင်ကိုရုပ်သိမ်းခြင်း။

အမဲလိုက်ခွင့်၊ သေနတ်ပစ်ခွင့်၊ ငါးဖမ်းခွင့်နှင့် ထောင်ချောက်ထောင်ခွင့်ရရှိထားသော လိုင်စင်ပိုင်ရှင်တို့သည် သစ်တောများပျက်စီးစေခြင်း၊ မီးလောင်ခြင်းများအတွက် ပြစ်မှုကျူးလွန်ပါက ၎င်းတို့၏ လိုင်စင်များကို ဖျက်သိမ်း ရမည်။

## “ပုဒ်မ – ၇”

## (ခ) မီးဘေးမှကာကွယ်ခြင်း။

သစ်တောကြိုးဝိုင်းမှ နှစ်မိုင်အတွင်း မီးရှို့ခြင်းများအတွက် ကန့်သတ်ချက်။

(၁) အောက်တွင်ဖော်ပြထားသည့် စည်းကမ်းချက်များကိုလိုက်နာဆောင်ရွက်ခြင်းမပြုဘဲ မည်သူမဆိုဇန်နဝါရီလ (၁၅)ရက်နေ့မှစပြီးဇွန်လ(၁၅)ရက်အထိ ဤအတောအတွင်း သစ်တောကြိုးဝိုင်းနယ်နိမိတ်မှ(၂)မိုင်အတွင်းရှိ တောတွင်း ပေါက်အပင်များ ၊မြက်များ ၊လှဲထားသောအပင်များကို မီးရှို့ခြင်း လုံးဝမပြုလုပ်ရ။

လိုက်နာရမည့်စည်းကမ်းချက်များမှာ –

(က)မီးမရှို့ခင်သက်ဆိုင်ရာအနီးဆုံးသစ်တောအရာရှိထံသို့ အနည်းဆုံး(၇) ရက်ကြိုတင်ပြီး မိမိ၏ပြုလုပ်သောအမှုကို အကြောင်းကြားခွင့်ပန်ရန်။

(ခ) မီးများကို ထိန်းချုပ်နိုင်ရန်နှင့်ပြန့်နှံ့ပြီး လောင်ကျွမ်းခြင်းမရှိရန်လိုအပ်သောကြိုတင်ပြင်ဆင် မှုများပြုလုပ်ခြင်း။

(၂) မည်သည့်ပုဂ္ဂိုလ်မဆိုသစ်များ၊မြက်များနှင့်အခြားသောလောင်စာများကို သစ်တောကြိုးဝိုင်းအပြင်မှကိုက်တစ်ရာ ပတ်လည်အတွင်း မီးရှို့လိုပါက ယင်းရှို့မည့်ပစ္စည်းများကို စုပုံပြီးမှမီးရှို့ရမည်။

## "ပုဒ်မ – ၈"

## သစ်တောကြိုးဝိုင်းအတွင်း မီးများတားမြစ်ခြင်း။

(၁) ခရိုင်သစ်တောတာဝန်ခံသည် သစ်တောကြိုးဝိုင်းအတွင်းမီးများသယ်ယူခြင်း၊ ရှို့ခြင်းစသည်တို့အတွက် အချိန်ကာလနှင့် လုပ်ဆောင်ပုံတို့ကိုလိုအပ်သလို ကြေငြာနိုင်သော အထူးအခွင့်အာဏာကိုအပ်နှံခြင်းခံရသည်။

(၂) ဇန်နဝါရီလ(၁၅)ရက်နေ့နှင့်ဇွန်လ(၁၅)ရက်အတွင်းမည်သည့်အကြောင်း ကိစ္စကြောင့်မျှဖြင့်သစ်တောကြိုးဝိုင်းအ တွင်း မီးဖိုခြင်းမပြုလုပ်ရ။

အထက်ဖော်ပြပါကာလအတွင်း သစ်တောကြိုးဝိုင်းအတွင်း မီးဖိုခြင်းပြုလုပ်လိုပါကခရိုင်သစ်တော တာဝန်ခံ၏ ရှေ့မှောက်(သို့) စာဖြင့်ရေးသောခွင့်ပြုလွှာ ရရှိမှသာလျှင်ပြုလုပ်နိုင်သည်။ အများပြည်သူများစခန်းချနိုင်သည်ဟု ကြေငြာထားသော နေရာတွင်မီးဖိုနိုင်သည်။

(၃) ယင်းကဲ့သို့မီးဖိုရာတွင်စခန်းအဆောက်အဦးများနှင့် သစ်တောကိုအန္တရာယ်မပြုစေနိုင်ရန်ခရိုင်သစ်တောတာ ဝန်ခံ ၏ချမှတ်ထားသောစည်းကမ်းနှင့်အညီပြုလုပ်ရမည်။ စခန်းချသောနေရာမှမထွက်ခွာမီ၊ မီးများအားလုံးငြိမ်း သတ်ပြီးမှ သာလျှင် ထွက်ခွာသွားကြရမည်။

## "ပုဒ်မ – ၉"

## (ဂ)အချို့သစ်တောလုပ်ငန်းများအတွက် ခွင့်ပြုရန် သစ်တောဌာနမှူးများ၏ အာဏာ။

ခရိုင်နှင့်သစ်တောဌာနမှူးများ၏ အာဏာများ။

(၁) သစ်တောကြိုးဝိုင်းနှင့်ပတ်သက်၍ခရိုင်သစ်တောတာဝန်ခံနှင့် ၎င်း၏အထက်တာဝန်ခံများသည် အောက်ပါတို့ကို ခွင့်ပြုရန်အထူးအာဏာ အပ်နှင်းထားသည်။

(က)ကျွဲနွားတိရစ္ဆာန်များ စားကျက် (သို့မဟုတ်) သွားလာခွင့်ပြုရန်လမ်း။

(ခ) သစ်ပင်များခုတ်လှဲခြင်း၊ ဖြတ်ခြင်း၊ မှတ်သားခြင်း၊ သင်းသတ်ခြင်းနှင့် မီးရှို့ခြင်း။

(ဂ) ကျောက်များတူးဖော်ခြင်း၊ မြေဖြူမှုန့်များနှင့်မီးသွေးများ ပြုလုပ်ခြင်း၊ စုဆောင်းခြင်း၊သတ္တုတွင်းဌာနမှ အထူးတားမြစ်ထားသည့်ဓါတ်သတ္တုနှင့် တွင်းထွက်ပစ္စည်းများမှလွဲ၍ ကျန်သစ်တောထွက်ပစ္စည်းများကို ထုတ်ယူခြင်း သယ်ယူရွှေ့ပြောင်းခြင်း၊

(ဃ)သစ်တောကြိုးဝိုင်းအတွင်းရှိသည့် ကျေးရွာများတွင်နေထိုင်ကြသောရွာသူရွာသားများအတွက် လိုအပ်သောအရာများသုံးခွင့်ပြုခြင်း။

**မှတ်ချက်။ ။ သတ္တုတွင်းဌာနမှ အထူးတားမြစ်ထားသည့်တွင်းထွက်ပစ္စည်းများမှာ ကျောက်မီးသွေး ရေနံ၊ ရွှေ၊ ငွေ၊ အဖိုးတန်ကျောက်များ၊သံမဏိနှင့် သတ္တုများ ဖြစ်သည်။**

(၁) ဇဟိုသစ်တောတာဝန်ခံသည် သစ်တောကြိုးဝိုင်းအတွင်းစိုက်ပျိုးရေးအတွက်မြေယာများကိုရှင်းခြင်း၊ တူးဆွခြင်းတို့အတွက်ခွင့်ပြုရန် အထူးအာဏာ အပ်နှင်းထားသည်။

## အခန်း(၃)

## သစ်တောကြိုးဝိုင်းအတွင်း၌ မပါဝင်သောကြိုးပြင်ရှိ မြေယာများအတွက်နည်းဥပဒေများ။

### “ပုဒ်မ – ၁၀”

### (က) ရွှေ့ပြောင်းစိုက်ပျိုးရေးအတွက် နည်းဥပဒေများနှင့် မီးဘေးကာကွယ်ခြင်း။

စိုက်ပျိုးပင်များမီးရှို့ခြင်းမှ တားမြစ်ခြင်း။

မီးဘေးကာကွယ်ရေးအတွက် မီးများပြန့်ပွားလောင်ကျွမ်းခြင်းမရှိစေရန် ဆောင်ရွက်ရေးအတွက်ခရိုင်သစ်တောတာဝန်ခံတွင် လုပ်ဆောင်ခွင့်အာဏာရှိသည်။သစ်တောကြိုးဝိုင်းအတွင်း စိုက်ပျိုးရေးအတွက်မှတပါးမည်သူတစ်ဦးတစ်ယောက်မျှ သစ်တောနယ်မြေကို မီးရှို့ခြင်းမပြုရ၊ မီးရှို့ရန်အတွက် ခွင့်ပြုကြောင်းကို ခရိုင်သစ်တောတာဝန်ခံက ကြေငြာသွားမည်။

### “ပုဒ်မ – ၁၁”

### ကြိုးပြင်တောရှိကျွန်းသစ်များပေါက်လျက်ရှိသောနေရာများတွင်းရွှေ့ပြောင်းစိုက်ပျိုးခြင်း ပြုလုပ်ရာ ၌ကန့်သတ်ချက်

ကျွန်းပင်များပေါက်လျက်ရှိသော ကြိုးပြင်ဒေသများတွင် မည်သူတစ်ဦးတစ်ယောက်မျှ ရွှေ့ပြောင်းစိုက်ပျိုးရေးအတွက်မီးရှို့ဖျက်ဆီးခြင်း မပြုလုပ်ရ။ ယင်းဒေသများတွင်း ရွှေ့ပြောင်းစိုက်ပျိုးခွင့်ရရန်အတွက် ခရိုင်သစ်တောတာဝန်ခံထံမှ ခွင့်ပြုရန် အထူးတောင်းဆိုလျှောက်ထားကြပြီး ၄င်းကခွင့်ပြုမှသာလျှင်ပြုလုပ်နိုင်သည်။

## “ပုဒ်မ – ၁၂”

## ရွှေ့ပြောင်းစိုက်ပျိုးရေးအတွက် သစ်ပင်များခုတ်လှဲခြင်းမှ တားမြစ်ခြင်း။

သစ်တောကြိုးဝိုင်းအတွင်း ခရိုင်သစ်တောတာဝန်ခံက ကြေငြာထားခြင်းမရှိသော မြေဒေသဖြစ်ပါကမည်သူမျှရွှေ့ပြောင်းစိုက်ပျိုးရေးအတွက် သစ်ပင်များခုတ်လှဲခြင်း၊ ထိခိုက်အောင်ပြုလုပ်ခြင်း ၊မီးရှို့ခြင်းများမပြုလုပ်ရ။

## “ပုဒ်မ – ၁၃”

## (ခ) ကျွန်းသစ်နှင့် တားမြစ်ရာပါအခြားအပင်များ။

### အချို့သောအပင်များကို ပိတ်ပင်တားမြစ်ထားခြင်း။

နောက်ဆက်တွဲ(၁)တွင်ဖော်ပြထားသော အပင်များသည်အစိုးရ၏စီစဉ်ထားချက်အရသတ်မှတ်ထားသော ဧရိယာအတွင်းတွင် တားမြစ်ရာပါအပင်များဖြစ်သည်။

## “ပုဒ်မ – ၁၄”

## ကျွန်းသစ်နှင့် တားမြစ်ရာပါသစ်ပင်များ ခုတ်လှဲခြင်းမှ တားမြစ်ခြင်း။

အထူးရရှိထားသောသဘောတူစာချုပ်(သို့) လိုင်စင်ရှိသူများမှအပမည်သူတစ်ဦးတစ်ယောက်မျှ မည်သည့်နေရာတွင်မဆို ပေါက်နေသောကျွန်းပင်များကို ခုတ်လှဲခြင်း၊ သင်းသတ်ခြင်း၊အနာတရပြုခြင်းများ မပြုလုပ်ရ။

## “ပုဒ်မ – ၁၅”

## ကျွန်းပင်နှင့်အခြားအပင်များသတ်မှတ်ထားသည့်ဧရိယာအတွင်းခုတ်လှဲခြင်းသင်းသတ်ခြင်းစသည်တို့မပြုလုပ်ရန် တားမြစ်ခြင်း။

မည်သူတဦးတစ်ယောက်မျှ ကျွန်းပင်နှင့် နောက်ဆက်တွဲ(၁)တွင် ဖော်ပြထားသည့် သစ်ပင်များကိုသတ်မှတ်ထားသည့် ဧရိယာအတွင်းခုတ်လှဲခြင်း၊သင်းသတ်ခြင်း၊ မှတ်သားခြင်း(သို့) မီးဖြင့်အနာတရဖြစ်စေခြင်း(သို့) လွှတိုက်ခြင်း (သို့)ပြောင်းရွှေ့သယ်ဆောင်ခြင်းများ မပြုလုပ်ရ။

အောက်ပါအထူးခြွင်းချက်များဖြင့်သာအစိုးရ၏သဘောတူချက်နှင့်အညီ ထုတ်ပေးထားသောလိုင်စင်ရှိမှသာလျှင် အထက်ပါအမှုတို့ကိုပြုလုပ်နိုင်သည်။

ခြွင်းချက်များ –

(၁) မြေကြီးမှ(၁၈)လက်မအမြင့်နေရာတွင်တိုင်းရာ၌ လုံးပတ်(၂)ပေထက်ငယ်သော ရှားစေးပင်များကိုထွန်တုံးထွန်တံနှင့် အခြားစိုက်ပျိုးရေး ကိရိယာအတွက်အသုံးပြုရန်ခွင့်ပြုသည်။ ရှားစေးပင်ကိုနည်းဥပဒေ“ပုဒ်မ ၂၇”(က) လိုင်စင်ရထားသူသည် ရှားစေးပင်ကို ခုတ်လှဲခြင်းနှင့် ရွှေ့ပြောင်းခြင်းများ ပြုလုပ်နိုင်သည်။

(၂) အမြဲတမ်းစိုက်ပျိုးရေးအတွက်သော်လည်းကောင်း၊ရွှေ့ပြောင်းစိုက်ပျိုးရေးအတွက်သော်လည်းကောင်း သစ်ပင်များကိုခုတ်လှဲခွင့်ပြုသည်။ ယင်းကဲ့သို့ပြုလုပ်ရာတွင်ကျွန်းပင်များမပါဝင်စေရ။အခြားသစ်ပင်များအတွက်

မြေကြီးမှ(၁၈)လက်မအမြင့် တိုင်းသောလုံးပတ် (၃)ပေထက်မကြီးသော သစ်ပင်များဖြစ်ရမည်။ ယင်းတို့အတွက် သစ်တောဌာနမှ ကြေငြာချက်ဖြင့် သတ်မှတ်ထားသော နေရာများတွင်သာဖြစ်ရမည်။

## “ပုဒ်မ – ၁၆”

## ခွင့်ပြုလိုင်စင်ကို ထုတ်ပေးနိုင်သည့် သစ်တောဌာနမှူးများ။

အခြားအကျိုးစီးပွားအတွက်အသုံးပြုရန် သစ်ထုတ်လုပ်ရောင်းချရေး လုပ်ငန်းမှတစ်ပါး အောက်ပါသစ်တောတာဝန်ခံများသည်လိုင်စင်များကိုထုတ်ပေးနိုင်သည်။ ခရိုင်သစ်တောတာဝန်ခံ(သို့) ၄င်းမှမိမိ၏ကိုယ်စားလွှဲအပ်ထားသော အာဏာရှိသည့် သစ်တောမှူးတစ်ဦးဦး။

## “ပုဒ်မ – ၁၇”

## (ဂ) တားမြစ်ရာပါမဟုတ်သောအပင်များ (ကြိုးပြင်)

တားမြစ်ရာပါမဟုတ်သောသစ်ပင်များ ကြိုးပြင်တောတွင်ခုတ်လှဲခြင်းမှ တားမြစ်ခြင်း။

အစိုးရထံမှအထူးရရှိထားသော စာချုပ်နှင့်အညီ(သို့)နည်းဥပဒေ “ပုဒ်မ–၃၀” အရ၊ ခရိုင်သစ်တောတာဝန်ခံ(သို့) ၄င်းမှအာဏာလွှဲအပ်ထားသော သစ်တောမှူးမှထုတ်ပေးထားသောလိုင်စင်ရရှိထားသူမှအပ၊ မည်သူတဦးတစ်ယောက်မျှသစ်တောကြိုးပြင်အတွင်း တားမြစ်ရာပါမဟုတ်သောအပင်များကိုခုတ်လှဲခြင်း၊သင်းသတ်ခြင်း၊ မှတ်သားခြင်းများ လုံးဝမပြုလုပ်ရ။

**ခြွင်းချက်များ–**

(၁) အထက်ပါ နည်းဥပဒေအရတားမြစ်ထားသောအရာများသည် အောက်ပါတားမြစ်ရာပါမဟုတ်သည့် အပင်များ(သို့)သစ်များ(ဝါးနှင့်ကြိမ်များမှလွဲ၍)နှင့် မသက်ဆိုင်ရ။

(က)နည်းဥပဒေ–၂၁ အရ၊ ထင်းအဖြစ်ပြုလုပ်ရန် ခုတ်လှဲထားခြင်း။

(ခ) နည်းဥပဒေ–၂၄ အရ၊ ထုတ်ပေးထားသော လိုင်စင်နှင့်အညီခုတ်လှဲခြင်း။

(ဂ) တံတား၊ အများပြည်သူတည်းခိုသောအဆောက်အဦးများနှင့် အများအတွက်အကျိုးပြုလုပ်ငန်းများပြုလုပ်ရန်အတွက် အခွန်အကောက်ပေးပြီး ခုတ်လှဲထားသောအပင်များ။

(ဃ)စိုက်ပျိုးရေး၊ အိမ်သုံး (သို့) ငါးဖမ်းခြင်းနှင့်ပတ်သက်၍ အခွန်အကောက်ပေးပြီး ခုတ်လှဲထားသော အပင်များ။

(င) (ဂ) နှင့် (ဃ) အတွက် ခုတ်လှဲပြီးတစ်နှစ်အတွင်း အသုံးပြုခြင်းမရှိလျှင် သက်ဆိုင်ရာမှ ဒဏ်ငွေတပ်ခြင်းခံရမည်။

(၂) အထက်ပါတားမြစ်ချက်သည် ဝါးနှင့်ကြိမ်များကို အောက်ပါတို့အတွက်ခုတ်ယူရွှေ့ပြောင်းခြင်းနှင့် မသက်ဆိုင်ပေ။ စိုက်ပျိုးရေး၊ အိမ်သုံး(သို့) ငါးဖမ်းခြင်းအမှုများအတွက်(သို့) အများပြည်သူအသုံးပြုရန်လုပ်ငန်း သို့သော် အခွန်အကောက်နှင့်ဒဏ်ငွေအတွက် အထက်ပါအတိုင်း အရေးယူဆောင်ရွက်မှုရှိသည်။

(၃) သစ်တောအတွင်း စိုက်ပျိုးရန်အတွက်တောရှင်းခုတ်လှဲခြင်း။

“ပုဒ်မ – ၁၈”

## (င)လမ်းများ၊ မြစ်များနှင့်အင်းအိုင်များအနီးပတ်ဝန်းကျင်ရှိသစ်ပင်များကိုကာကွယ်ခြင်း။

ကြိုးပြင်တောရှိလမ်းများ၊ မြစ်များနှင့် အင်းအိုင်များအနီးပတ်ဝန်းကျင်ရှိ သစ်ပင်များကိုခုတ်လှဲခြင်းမှ တားမြစ်ခြင်း။

နည်းဥပဒေ – ၁၅၊၁၇ တွင်ပါရှိသော ခြွင်းချက်များနှင့် ဆန့်ကျင်ခြင်းမပြုလျှင်မည်သူမဆို ကြိုးပြင်တော အတွင်းရှိလမ်းများ၊မြစ်များနှင့်အင်းအိုင်များအနီးကိုက်(၁၀၀)ပတ်ဝန်းကျင်အတွင်း သစ်ပင်များခုတ်လှဲဖြတ်တောက်ခြင်း မပြုလုပ်ရ။

အထက်ပါဒေသအတွင်း သစ်ပင်များခုတ်လှဲရန်အတွက်တားမြစ်ရန် သက်ဆိုင်ရာသစ်တောတာဝန်ခံမှ အများ ပြည်သူများသိရှိရန်ထုတ်ပြန်ကြေငြာထားရမည်။

“ပုဒ်မ – ၁၉”

## (စ) ကြိုးပြင်အတွင်းရှိ သတ်မှတ်ထားသောနေရာများတွင် သစ်ပင်များကိုကာကွယ်ခြင်း။

ကြိုးပြင်တောအတွင်း သစ်ပင်များကို ကာကွယ်ခြင်း။

ကြိုးပြင်တောအတွင်းသစ်တောဌာနမှသတ်မှတ်ပြီးထုတ်ပြန်ကြေငြာထားသော နေရာများ၌ မည်သူမဆိုသစ် ပင်များကိုခုတ်လှဲဖြတ်တောက်ခြင်းအလျဥ်းမပြုရ။ နည်းဥပဒေ – ၁၅၊၁၇ တွင်ပါရှိသည့် ခြွင်းချက်များနှင့် မသက်ဆိုင်ချေ။

“ပုဒ်မ –၂၀”

## (ဆ) ထင်းများနှင့် မီးသွေးများ။

သစ်ပင်များကို ထင်းများနှင့်ထင်းမီးသွေးများအဖြစ် ပြုလုပ်ခြင်းမှ တားမြစ်ခြင်း။

ကြိုးပြင်တောအတွင်းတွင်သစ်တောဌာနမှသတ်မှတ်ပြီး ထုတ်ပြန်ကြေငြာထားသောနေရာများ၌ မည်သူမဆို မိမိအကျိုးစီးပွားအတွက် သစ်ပင်များကိုထင်းများနှင့်ထင်းမီးသွေးများ ပြုလုပ်ရန်အတွက် တားမြစ်ထားခြင်းမရှိသော အပင်များကို ခုတ်လှဲခြင်း ဖြတ်တောက်ခြင်း အလျဥ်းမပြုလုပ်ရ။

“ပုဒ်မ –၂၁”

## ကြိုးပြင်တောရှိတားမြစ်ရာပါမဟုတ်သောသစ်များကိုထင်း(သို့)ထင်းမီးသွေးအဖြစ်ပြုလုပ်ရန်ခုတ်လှဲခြင်း။

နည်းဥပဒေ “ပုဒ်မ–၁၈၊၁၉၊၂၀” တို့နှင့်ငြိစွန်းခြင်းမရှိပါက မည်သူမဆိုကြိုးပြင်တောအတွင်း သစ်ပင်များကို မိမိအကျိုးစီးပွားအတွက် ထင်းနှင့်ထင်းမီးသွေးအဖြစ်ပြုလုပ်ရန်ခုတ်လှဲနိုင်သည်။ယင်းခုတ်လှဲပြီးနောက်ထင်းနှင့်ထင်း မီးသွေးအဖြစ်သို့ ချက်ချင်းပြောင်းလဲရမည်ဖြစ်ပြီး ယင်းခုတ်လှဲထားသောနေရာမှဖယ်ရှားပေးရမည်။

## အထက်ပါကိစ္စအတွက် အောက်ပါသစ်ပင်များကို ခုတ်လှဲခြင်းများရှောင်ရှားရမည်။

(က)အင်ကြင်းပင်၊ သစ်စီးနှင့်သစ်ယာပင်။

(ခ) ကြေငြာထားပြီးဖြစ်သည့် သတ်မှတ်ထားသော နေရာအတွင်းရှိအခြားအပင်များ။

## "ပုဒ်မ – ၂၂"

## ထင်းနှင့်ထင်းမီးသွေးအတွက် အခွန်အကောက်။

ထင်းနှင့်ထင်းမီးသွေးပြုလုပ်ရန် ခုတ်လှဲထားသောသစ်ပင်များအတွက်သစ်တောဌာနမှအက်ဉပဒေ "ပုဒ်မ–၃၁"အရ ချမှတ်ထားသည့်အခွန်အကောက်နှုန်းအတိုင်း အခွန်အကောက်များပေးဆောင်ရမည်။

## "ပုဒ်မ – ၂၃"

## (ဇ) အခြား သစ်တောထွက်ပစ္စည်းများ။

တွင်းထွက်ပစ္စည်းများနှင့် တွင်းထွက်ဆီများစုဆောင်းခြင်းမှ တားမြစ်ခြင်း။

မြေယာနှင့်အခွန်တော်စည်းမျဉ်းများအရခွင့်ပြုထားသောကိစ္စများမှလွဲ၍ ကြိုးပြင်သစ်တောနယ်မြေအတွင်း တွင်းထွက်ပစ္စည်းများ (ကျောက်တုံး၊ ကျောက်စရစ်နှင့်ဂဝံကျောက်များအပါအဝင်၊ သို့ရာတွင် ကျောက်စိမ်းအရိုင်းတုံးများ ပါဝင်ခြင်းမရှိ) သို့မဟုတ်ရေနံများကိုထုတ်ယူခြင်း၊ စုဆောင်းခြင်း၊ သယ်ယူခြင်း အလျဉ်းမပြုရ။

## "ပုဒ်မ – ၂၄"

## သစ်ပင်မှထွက်သော ပစ္စည်းများစုဆောင်းခြင်းမှ တားမြစ်ခြင်း။

ခွင့်ပြုချက်မရဘဲ ကြိုးပြင်တောအတွင်း အောက်ပါသစ်တောထွက်ပစ္စည်းများကိုထုတ်ယူခြင်း၊ စုဆောင်းခြင်းနှင့် သယ်ယူခြင်းမပြုရ။ ကရမက်၊ စမွဲ၊ ဆင်တုန်းမနွယ်၊ မဟာဂမြစ်၊ အင်တွဲ၊ အင်ဆီ၊ ကညင်ဆီ၊ သစ်စေး၊ ထင်းရှူး၊ ပွဲညက်၊ ဖာလာ၊ ဘုမ္မရာဇာ၊ ပျားရည်။

အထက်ပါသစ်တောထွက်ပစ္စည်းများသည် ခရိုင်သစ်တောတာဝန်ခံ (သို့) ၎င်းမှအာဏာလွှဲအပ်ထားသည့် သစ်တောမှူးများမှခွင့်ပြုပြဌာန်းသောလျှောက်လွှာပုံစံအရ၊ ခွင့်ပြုမှသာလျှင်ထုတ်လုပ်ရယူရမည်။

## "ပုဒ်မ – ၂၅"

## (က) တိရစ္ဆာန်များမှ ရသောပစ္စည်းများ စုဆောင်းခြင်းကို တားမြစ်ခြင်း။

ခွင့်ပြုချက်မှအပကြိုးပြင်သစ်တောအတွင်း အောက်ပါတိရစ္ဆာန်မှရရှိသောပစ္စည်းများကို အကျိုးစီးပွားအတွက်စုဆောင်းခြင်းကိုတားမြစ်သည်။ သားရဲတိရစ္ဆာန်များ၏အရေခွံများ၊ အစွယ်များ၊ ဦးချိုများ၊ အရိုးစုများ၊ ပိုးအိမ်များ၊ အဆီများ၊ အစာအိမ်များ၊ သည်းခြေများ၊ ဗဟိုသစ်တောတာဝန်ခံ(သို့) ခရိုင်သစ်တောတာဝန်ခံ၏ ခွင့်ပြုချက်ရမှသာလျှင် အထက်ပါတို့ကို စုဆောင်းနိုင်သည်။

## (ခ)ကြိုးပြင်တောအတွင်း တောဆင်များ၏အစွယ်များကိုထုတ်ယူခြင်းအားတားမြစ်ခြင်း။

(၁) မည်သည့်ပုဂ္ဂိုလ်မဆိုတောဆင်များ၏အစွယ်ကို ကြိုးပြင်သစ်တောအတွင်းတွေ့ရှိပါကသက်ဆိုင်ရာ ခရိုင်သစ်တော တာဝန်ခံထံ အကြောင်းကြားအပ်နှံရမည်။

(၂) ခရိုင်သစ်တောတာဝန်ခံက ယင်းနှင့်ပတ်သက်၍ ကျေနပ်လောက်သည့်အထိစစ်ဆေးသွားမည်ဖြစ်ပြီး ၄င်းကကျေနပ်ပါကယင်းဆင်စွယ်များကို လာရောက်အပ်နှံသူအားခန့်မှန်းခြေတန်ဖိုး၏တစ်ဝက်နှုန်းဖြင့် ပြန်လည်ရောင်းချပေးနိုင်သည်။

အထက်ပါနည်းဥပဒေသည်အောက်ပါတရားဝင်ပစ်သတ်၍ရရှိထားသောဆင်စွယ်များအတွက်မပတ်သက်ချေ။

## “ပုဒ်မ – ၂၆”

## ဆင်များကာကွယ်ခြင်း အက်ဥပဒေအရ ပေးထားသောလိုင်စင်။

လင်းနို့ချေးများနှင့် စားသုံးသောငှက်သိုက်များ စုဆောင်းခြင်းမှ တားမြစ်ခြင်း ။

(၁) လိုင်စင်မရှိဘဲကြိုးပြင်သစ်တောအတွင်းအကျိုးစီးပွားအတွက်လင်းနို့ချေးများနှင့် စားသုံးသောငှက်သိုက်များ စုဆောင်းခြင်း မပြုရ။

(၂) တင်ဒါဖြင့်လျှောက်ထားသူများအတွက် တင်ဒါအမြင့်ဆုံးဈေးပေးသူ(သို့) လေလံဆွဲ၍ရသောသူကသာလျှင် သတ်မှတ်ထားသောဧရိယာတွင် ခရိုင်သစ်တောတာဝန်ခံကအောက်ပါကန့်သတ်ချက်ဖြင့်အပိုဒ်(၁)တွင် ဖော်ပြထား သော အရာများကိုစုဆောင်းနိုင်သည်။

(က)ခရိုင်သစ်တောတာဝန်ခံ၏ သဘောတူညီချက်ဖြင့် တစ်နှစ်ထက်မပိုသောအချိန်အတွက်သာ နှင့်–

(ခ) ဗဟိုသစ်တောတာဝန်ခံ၏ ခွင့်ပြုချက်ဖြင့်(၁)နှစ်ထက်ပိုပြီး (၅)နှစ်ထက် မများသောအချိန်အတွက်သာ။

## “ပုဒ်မ – ၂၇”

## (က)ရှားစေးထုတ်ခြင်းမှ တားမြစ်ခြင်း။

(၁) ပြဌာန်းထားသောပုံစံဖြင့် ထုတ်ပေးထားသောအခမဲ့လိုင်စင်မရှိဘဲ မည်သူတစ်ဦးတယောက်မျှ ကြိုးပြင်သစ်တောအတွင်း ရှားစေးထုတ်လုပ်ခြင်းကို မပြုလုပ်ရ။

(၂) ခရိုင်သစ်တောတာဝန်ခံ သဘောတူညီချက်ဖြင့်ခရိုင်သစ်တောတာဝန်ခံမှထုတ်ပေးသောလိုင်စင်အတွက် အခကြေးငွေမပေးရ။ ယင်းလိုင်စင်ထဲတွင်ရှားစေးများကိုထုတ်လုပ်မည့်နေရာဒေသနှင့်ရှားစေးအပင်များကိုလှဲရမည့်ဒေသ တို့ကို သတ်မှတ်ထားရမည်။

## (ခ)ရှားစေးကို ရောစပ်ခြင်းမှ တားမြစ်ခြင်း။

အစေးထွက်သောရှားစေးပင်များသာလျှင် ရှားစေးထုတ်လုပ်ရန်ခုတ်လှဲရမည်။ရှားစေးများကို အခြားသောအရာများနှင့်ပေါင်းစပ်ခြင်းမပြုလုပ်ရ။

## “ပုဒ်မ – ၂၈”

## ချိတ်များ၊ ကြက်ပေါင်းစေးများ စုဆောင်းခြင်းကို တားမြစ်ခြင်း။

ပြဋ္ဌာန်းထားသောပုံစံဖြင့် ခွင့်ပြုထားသောလိုင်စင်မရှိဘဲ မည်သူတစ်ဦးတယောက်မျှ ကြိုးပြင်သစ်တောနယ်မြေအတွင်း မိမိတို့အကျိုးစီးပွားအတွက်ချိတ်များနှင့် ကြက်ပေါင်းစေးများကိုစုဆောင်းထုတ်လုပ်ခြင်းမပြုရ။

အထက်ပါလိုင်စင်ကို ခရိုင်သစ်တောတာဝန်ခံ (သို့) ၎င်းမှ ၎င်း၏ကိုယ်စား လွှဲအပ်ထားသောသစ်တောမှူးတစ်ဦးဦးက အခမဲ့လိုင်စင် ထုတ်ပေးနိုင်သည်။

## “ပုဒ်မ – ၂၉”

## (ဈ) သစ်တောထွက်ပစ္စည်း အခွန်တော်လွတ် ထုတ်ခွင့်ပြုခြင်း။

အိမ်သုံးနှင့်ငါးဖမ်းခြင်းအတွက် အခမဲ့လိုင်စင်။

(၁) ဗဟိုသစ်တောတာဝန်ခံဖြစ်စေ ခရိုင်သစ်တောတာဝန်ခံဖြစ်စေ ၎င်းတို့မှကိုယ်စားလှယ်အဖြစ် အပ်နှင်းထားသောသစ်တောမှူးဖြစ်စေ၊ နည်းဥပဒေ – ၃၁အရ၊ ပြဋ္ဌာန်းထားသောပုံစံဖြင့် တားမြစ်ရာပါသစ်ပင်များနှင့်သစ်များကိုခုတ်လှဲခြင်း၊ဖြတ်တောက်ခြင်း၊ပြောင်းလဲရွှေ့ပြောင်းခြင်းနှင့်အသုံးပြုခြင်းအတွက် အခမဲ့လိုင်စင်များကို ထုတ်ပေးနိုင်သည်။

(၂) အထက်ပါလိုင်စင်သည် အောက်ပါအချက်အလက်နှင့်ကိုက်ညီစွာအသုံးပြုရန် အတွက်သာထုတ်ပေးမည်ဖြစ်သည်။

(က)သစ်ပင်များကို ခုတ်လှဲသောနေရာမှ (၁၀)မိုင်အတွင်းရှိ ဒေသများတွင်အသုံးပြုရမည်။

(ခ) ယင်းသစ်များကို စိုက်ပျိုးရေးအတွက်သော်လည်းကောင်း၊အိမ်သုံးအတွက်သော်လည်းကောင်း၊ ငါးဖမ်းလုပ်ငန်းအတွက်သော်လည်းကောင်း (သို့)–

(ဂ) အများပြည်သူအကျိုးအတွက် ဘုရားရှိခိုးကျောင်းဆောက်လုပ်ခြင်း၊ကျောင်းများ၊ ဇရပ်များ၊ တံတားများဆောက်လုပ်ခြင်း စသည်တို့ဖြစ်သည်။

## “ပုဒ်မ – ၃၀”

## သစ်တောကြိုးဝိုင်း၏(၁၀)မိုင်ပတ်လည်အပြင်စည်းဝိုင်းတွင်သစ်များခုတ်လှဲခြင်းအတွက် အခမဲ့လိုင်စင်။

နည်းဥပဒေ–၃၁ ၏ကန့်သတ်ချက်နှင့်အညီ၊ ဗဟိုသစ်တာဝန်ခံဖြစ်စေ၊ ခရိုင်သစ်တောတာဝန်ခံဖြစ်စေ (သို့) ၎င်းတို့၏ကိုယ်စား၊ ၎င်းတို့မှအပ်နှင်းထားသော သစ်တောမှူးတစ်ဦးဦးဖြစ်စေ၊ အိမ်သုံးအတွက်သော်လည်းကောင်း၊ စိုက်ပျိုးရေးနှင့်ငါးဖမ်းလုပ်ငန်းအတွက်သော်လည်းကောင်း အသုံးပြုရန်အတွက်အသုံးပြုမည့်နေရာမှ (၁၀)မိုင်ထက်ကွာဝေးသော နေရာတွင်ရှိသည့်တားမြစ်ရာပါမဟုတ်သောသစ်များကိုခုတ်လှဲခြင်းဖြတ်တောက်ခြင်း၊လွှတိုက်ခြင်း၊ပြောင်းလဲရွှေ့ပြောင်းခြင်းတို့အတွက်ပြုလုပ်ရန် အခွန်တော်လွတ်များကိုထုတ်ပေးနိုင်သည်။

## “ပုဒ်မ – ၃၁”

## အခမဲ့လိုင်စင်ကို ထုတ်ပေးရန်အတွက် ချုပ်ချယ်ထားသော အရာများ။

(၁) နည်းဥပဒေ–၂၉၊၃၀ အရ၊ထုတ်ပေးသည့်အခွန်တော်လွတ်လိုင်စင်များအတွက်ခွင့်ပြုနိုင်သော သစ်၏တန်ဖိုးမှာ ထုတ်ပေးမည့်သစ်တောမှူးအဆင့်အလိုက် အောက်ပါအတိုင်းသတ်မှတ်ထားသည်။

ဗဟိုသစ်တော တာဝန်ခံ – ၅၀၀၀၀၀ ကျပ်
ခရိုင်သစ်တော တာဝန်ခံ – ၂၅၀၀၀၀ ကျပ်

(၂) သစ်တောထွက်ပစ္စည်းများထုတ်ယူရန်အတွက် အခွန်တော်လွတ်လိုင်စင်ကို ဗဟိုသစ်တောတာဝန်ခံဖြစ်စေ၊ ခရိုင်သစ်တောတာဝန်ခံဖြစ်စေ၊အပိုဒ်(၁)တွင်သတ်မှတ်ထားသည့်အတိုင်း ယင်းသစ်တောတာဝန်ခံက ထုတ်ပေးနိုင်ခွင့်ရှိသည်။

## “ပုဒ်မ – ၃၂”

## (ည) သစ်တောထွက်ပစ္စည်းအတွက်ပေးရမည့် အခွန်တော်များ။

(က) အခွန်နှုန်းထား။

ဤအခန်းအတွင်းရှိ နည်းဥပဒေအရ၊ထုတ်ပေးသောလိုင်စင်များအတွက်သစ်တောထွက်ပစ္စည်းများကို ထုတ်လုပ်ရာတွင်ပေးရမည့်အခွန်နှုန်းထားများသည် ဒုတိယနောက်ဆက်တွဲတွင်ဖော်ပြထားသည့် အခွန်နှုန်းထား ထက်မပိုစေရ၊ ၎င်းကိုလိုင်စင်တွင် ဖော်ပြထားသည့် စည်းကမ်းအတိုင်း ပေးဆောင်ကြရမည်။

(ခ) တင်ဒါဖြင့်လည်းကောင်း၊ လေလံတင်ခြင်းဖြင့်လည်းကောင်း၊ သစ်တောအသုံးပြုရန် ခွင့်ပြုခြင်း။

ဒုတိယနောက်ဆက်တွဲတွင်ပါရှိသော အခွန်နှုန်းထားများထက်မပိုပါက သစ်တောနယ်မြေဒေသအတွင်း ပေးရမည့်အခွန်တော်အတွက် ဗဟိုသစ်တောတာဝန်ခံမှ သတ်မှတ်ရမည်။

ဤနည်းဥပဒေအတွင်းပါရှိသောကန့်သတ်ချက်သည်အက်ဥပဒေ “ပုဒ်မ–၃၀”အရ၊ ပြဋ္ဌာန်းပြီးထုတ်ပြန် ကြေငြာသော အခွန်တော်ကိစ္စများနှင့် ပတ်သက်ခြင်းမရှိ။

(ဂ) လိုင်စင်(သို့)သစ်တောဌာနနှင့်အထူးသဘောတူညီချက်ကို ရယူပြီးသစ်တောထွက်ပစ္စည်းများ(ကျွန်းသစ်အပါအဝင်)ကို သတ်မှတ်ထားသောနေရာ၌ထုတ်ယူရေးတွင် လုပ်ငန်းတစ်ခုထဲအတွက် နှစ်ယောက်(သို့) နှစ်ယောက် ထက်ပိုသောလျှောက်ထားသူများရှိပါက၊ထုတ်လုပ်ပိုင်ခွင့်အတွက်တင်ဒါဖြင့်သော်လည်းကောင်း၊ လေလံ တင်ခြင်းဖြင့် သော်လည်းကောင်းပြုလုပ်ရမည်။ တင်ဒါဖြင့်လည်းကောင်း၊လေလံဖြင့်လည်းကောင်း၊ ထုတ်လုပ်ခွင့် ရရှိမည့် ပုဂ္ဂိုလ်သည် ပြဋ္ဌာန်းထားသည့် အခွန်တော်များနှင့်တကွတင်ဒါခ(သို့) လေလံဆွဲခအတွက်တစ်ပါတည်း ပူးတွဲပေးဆောင်ရမည်။

# အခန်း (၄)

# သစ်တောထွက် ပစ္စည်းများကို သယ်ယူရေးအတွက်လိုက်နာရမည့် နည်းဥပဒေများ

## "ပုဒ်မ – ၃၃"

## ကြက်ပေါင်းစေးနှင့်အခြားသောသစ်တောထွက်ပစ္စည်းများကိုထုတ်ယူသယ်ဆောင်ခြင်းအတွက် တားမြစ်ခြင်း။

ကြက်ပေါင်းစေး၊ရှားစေး၊ချိတ်၊စွန်လက်သည်း (သို့)ကလောစေ့ကို ပြည်ပသို့ပင်လယ်ရေကြောင်းမှ နိုင်ငံခြားသို့ ထုတ်ယူသယ်ဆောင်ခွင့်မပြု။

အထက်ပါနည်းဥပဒေအတွက်ခြွင်းချက်အဖြစ် လိုအပ်သမျှသော အခွန်အကောက်ကိုပေးဆောင်ပြီးဖြစ်လျှင် သစ်တောဌာနအကောက်အရာရှိက အောက်ပါဆိပ်ကမ်းများမှသာလျှင် ပင်လယ်ရေကြောင်းဖြင့် နိုင်ငံခြားသို့ထုတ်ယူသယ်ဆောင်ခွင့်ပြုသည်။ (မော်လမြိုင်၊ ပုသိမ်၊ မြိတ်၊ ထားဝယ်(သို့) ကော့သောင်း)

## "ပုဒ်မ – ၃၄"

## တောရိုင်းတိရစ္ဆာန်များကို ထုတ်ယူသယ်ဆောင်ခြင်းအတွက် တားမြစ်ခြင်း။

(က) ဗဟို(သို့)ခရိုင်သစ်တောတာဝန်ခံ(သို့)၄င်း၏ကိုယ်စား၄င်းမှ လွှဲအပ်ထားသောသစ်တောမှူးတစ်ဦးဦး၏ပြဌာန်းထားသောပုံစံအရ၊ခွင့်ပြုမိန့်မရဘဲမည်သူတစ်ဦးတစ်ယောက်မျှသစ်တောကြိုးဝိုင်းအတွင်းဖြစ်စေ၊ ကြိုးပြင်တောအတွင်းဖြစ်စေ၊သားရဲတိရစ္ဆာန်များနှင့် ကျေးငှက်များကိုဖမ်းယူပြီးနိုင်ငံခြားသို့ ထုတ်ယူသယ်ဆောင်ခြင်း အလျဉ်းမပြုရ။ နိုင်ငံခြားသို့ထုတ်ယူရန်ခွင့်ပြုမိန့်ရသော ပုဂ္ဂိုလ်များသာသားရဲတိရစ္ဆာန်များနှင့်ကျေးငှက်များကို အောက်ပါဆိပ်ကမ်းမှသာ ထုတ်ယူသယ်ဆောင်ခွင့်ပြုသည်။ (မော်လမြိုင်၊ ပုသိမ်၊ မြိတ်၊ ထားဝယ်၊ ကော့သောင်း အတွက် အခမဲ့ခွင့်ပြုလက်မှတ်။)

(ခ) နည်းဥပဒေ–၂၄(က) နှင့်အညီ ခွင့်ပြုလက်မှတ်အတွက် ပေးဆောင်ရမည့်ကြေးသည် ထုတ်ရောင်းမည့် သားရဲတိရစ္ဆာန်(သို့)ကျေးငှက်တကောင်စီအတွက် သက်ဆိုင်ရာတာဝန်ခံမှ ခန့်မှန်းသည့် ဆိပ်ကမ်းတွင်ရောင်း၍ရမည့် တန်ဘိုး၏ (၁၀)ရာခိုင်နှုန်း ဖြစ်ရမည်။

## "ပုဒ်မ – ၃၅"

## သစ်များသယ်ဆောင်ရာတွင် လိုက်နာရမည့်စည်းမျဉ်း။

မိမိတို့ ပိုင်ဆိုင်သောသစ်များကို ပို့ဆောင်ရာတွင်တံတားများ၊ ရေကာတာများနှင့်တူးမြောင်းများပျက်စီးခြင်းမှကာကွယ်ရန်အတွက် ပစ္စည်းပိုင်ရှင်များကသော်လည်းကောင်း၊ ၄င်း၏ကိုယ်စားလှယ်များကသော်လည်းကောင်း ၊ ၄င်းတို့သည်အများပြည်သူများ လိုက်နာဆောင်ရွက်ရန်သက်ဆိုင်ရာသစ်တောတာဝန်ခံများက ထုတ်ပြန် ကြေငြာထားသည့် စည်းကမ်းများကို တသွေမတိမ်း လိုက်နာဆောင်ရွက်ရမည်။

## “ပုဒ်မ – ၃၆”

## တွံတေးတူးမြောင်းနှင့် သံလွင်မြစ်အတွင်း သစ်များမျှောချရန်အတွက် တားမြစ်ချက်များ။

(၁) ခရိုင်သစ်တောတာဝန်ခံ၏ခွင့်ပြုချက်မရဘဲ၊သစ်ဖောင်များကိုသာယာဝတီခရိုင်ရှိတောင်ညိုချောင်းတွင်း မျှော ချခြင်းမပြုရ။

(၂) ဟံသာဝတီခရိုင်အတွင်း တွံတေးတူးမြောင်းထဲ၌စနစ်တကျထိန်းချုပ်ထားသော သစ်လုံးတစ်လုံးစီကိုသာ မျှော ချရမည်။

(၃) သံလွင်မြစ်အတွင်း မျှောချသောသစ်များကိုအရှေ့ဘက်ခြမ်းရေစီးကြောင်းရှိ ကူးတို့အခွန်အကောက်ဆိပ်သို့ ယူ ဆောင်သွားကြရမည်။

## “ပုဒ်မ – ၃၇”

## သယ်ယူပို့ဆောင်ခြင်း၏ အဓိပ္ပါယ်။

ဤအခန်းအတွက် သယ်ယူပို့ဆောင်ခြင်းဟု ဖော်ပြရာတွင် အောက်ပါအဓိပ္ပါယ်ကို နားလည်သဘောပေါက် ရမည်။

(၁) မော်တော်ကား(ထရပ်ကား)ယာဉ်များ သွားနိုင်သောလမ်း (သို့)–

(၂) မီးရထားလမ်း (သို့)–

(၃) သစ်များကို ရာသီမရွေးမျှောချနိုင်သောရေလမ်း။

## “ပုဒ်မ – ၃၈”

## သယ်ယူခြင်းကို ရပ်ဆိုင်းထားနိုင်ခြင်း။

သယ်ယူပို့ဆောင်လျက်ရှိနေသော သစ်(သို့)သစ်တောထွက်ပစ္စည်းများကို မှတ်သားရန်နှင့်စစ်ဆေးရန် လိုအပ်မည်ဟုယူဆပါကသက်ဆိုင်ရာသစ်တောမှူးသည်မည်သည့်နေရာတွင်မဆို သယ်ယူပို့ဆောင်ခြင်းကို ရပ်ဆိုင်းထား နိုင်သည်။

## “ပုဒ်မ – ၃၉”

## အခွန်အကောက်ဌာနများ။

သစ်တောထွက်ပစ္စည်းများကို စစ်ဆေးရန်အတွက်နောက်ဆက်တွဲ(၃) တွင်ပါရှိသော အခွန်အကောက်ဌာန များသို့ ယူဆောင်သွားကြရမည်။

## “ပုဒ်မ – ၄၀”

## အကောက်ဌာနတွင် ရွှေ့ပြောင်းခြင်းကိုတားမြစ်ခြင်း။

ညအချိန်တွင်သက်ဆိုင်ရာသစ်တောတာဝန်ခံ၏ခွင့်ပြုချက်မရဘဲ၊သစ်များ(ဝါ) သစ်တောထွက်ပစ္စည်းများ

ကို အခွန်အကောက်ဌာနသို့ ရွှေ့ပြောင်းသယ်ဆောင်ခြင်း မပြုရ။

ခွင့်ပြုချက်သည်ခရိုင်သစ်တောတာဝန်ခံ(သို့) ၎င်း၏ကိုယ်စားတာဝန်ယူသော သစ်တောမှူးသာလျှင်ပေး နိုင်သည်။ ယင်းခွင့်ပြုချက်သည် မည်သည့်ပုဂ္ဂလိကလုပ်ငန်းဌာနနှင့်မဆိုသက်ဆိုင်သည်။

## "ပုဒ်မ – ၄၁"

## သတ်မှတ်နှုန်းထား။

အကောက်ဌာနတွင်တစ်လထက်ပို၍ထားသောသစ်များကို အောက်ပါအတိုင်းထားရှိကြေးကိုပေးဆောင် ရမည်။

| | | |
|---|---|---|
| သစ်လုံးတစ်လုံးအတွက် | – | ၁၀၀ ကျပ် |
| တိုင်တစ်တိုင်အတွက် | – | ၅၀ ကျပ် |
| ပိုတစ်လုံးအတွက် | – | ၁၀ ကျပ် |

ယင်းသည် လစဉ်အတွက် ချမှတ်ပေးဆောင်စေရမည်။

## "ပုဒ်မ – ၄၂"

## အကောက်ဌာနများကို ကြီးကြပ်ခြင်း။

(၁) အကောက်ဌာနများကို ခရိုင်သစ်တောတာဝန်ခံက ကြီးကြပ်ထိန်းသိမ်းရမည်။

(၂) အကောက်ဌာနတွင်ထားရှိစဉ်သစ်တောထွက်ပစ္စည်းများပျက်စီးမှု၊ယိုဖိတ်မှုအတွက်သစ်တောဌာနမှတာဝန်မ ယူပေ။

## "ပုဒ်မ – ၄၃"

## သစ်တောထွက်ပစ္စည်းများ ရွှေ့ပြောင်းခြင်းမှ တားမြစ်ခြင်း။

(က)ခရိုင်သစ်တောတာဝန်ခံ၏ခွင့်ပြုချက်မရဘဲ၊သစ်တောဌာနသိုလှောင်ရုံ(သို့)အရောင်းဌာန(သို့) အကောက်ဌာ နများတွင်ထားရှိသောသစ်များကို ဖြတ်တောက်ခြင်း၊မီးရှို့ခြင်း၊ရွှေ့ပြောင်းခြင်း၊ဖုက်ထားခြင်း(သို့)မှတ်သား ခြင်းများကို မည်သူတစ်ဦးတစ်ယောက်မျှ မပြုလုပ်ရ။

(ခ) မည်သူ တစ်ဦးတစ်ယောက်မျှပြဌာန်းထားသောပုံစံအရ၊ ခွင့်ပြုလက်မှတ်မရှိဘဲ အောက်ပါဧရိယာတွင်ထားရှိ သောမည်သည့်သစ်တောထွက် ပစ္စည်းကိုမဆို ပြောင်းရွှေ့ခြင်းမပြုရ။

(၁) ဖောင်ဖွဲ့ထားသော သစ်များမျှောချရန် ရေအမြင့်ဆုံးတက်သည့် မြစ်အတွင်း ဒေသဧရိယာ။
(၂) ဒီရေတက်သောချောင်း၊ တူးမြောင်း (သို့) ပင်လယ်ဒေသ။
(၃) မီးရထားလမ်းရှိသည့်ဒေသ။

အထက်ပါနည်းဥပဒေသည် အောက်ပါခြွင်းချက်များနှင့် ပတ်သက်ခြင်းမရှိချေ။

(၁) ခွင့်ပြုချက်ရှိပြီးဖြစ်သော သစ်တောထွက်ပစ္စည်းများ (သို့)–

(၂) နည်းဥပဒေ – ၆၀၊၆၁နှင့်၆၂ အရ၊ ဆယ်ယူထားသည့် (သို့) စုဆောင်းထားသည့် မျှောသစ်များ (သို့)–

(၃) နည်းဥပဒေ – ၁၅အပိုဒ် (၁)နှင့် နည်းဥပဒေ – ၁၇ အပိုဒ်(၁) (က)တွင် ဖော်ပြထားသည့် ခြွင်းချက်များအရ၊ လိုင်စင် မရှိသော အိမ်သုံးအတွက် ၊ငါးဖမ်းလုပ်ငန်းအတွက် (သို့) စိုက်ပျိုးရေးအတွက် ရွှေ့ ပြောင်းသောသစ်များ

(၄) မပြောင်းလဲရသေးသည့် မော်လမြိုင်တွင်ရှိသော အစိုးရသစ်ဌာနမှ ဝယ်ယူသောသစ်များ (သို့)–

(၅) ထင်းနှင့်မီးသွေးများ (သို့)–

(၆) ပုသိမ်၊မော်လမြိုင်၊မြိတ်၊ထားဝယ်ဆိပ်ကမ်းများ၏ ဒေသမှလုံးဝရွှေ့ပြောင်းပြီးသော သစ်များ(သို့)–

(၇) ကော်သူးလေမီးရထားဌာနအတွက် စလီဖါးတုံးများ (သို့)–

(၈) စိုက်ပျိုးပင်မှရရှိသောကြက်ပေါင်းစေးများ (သို့)

(၉) အစိုးရ၏ အထူးသဘောတူညီချက်ဖြင့် ထုတ်လုပ်ထားသောကျွန်းသစ်များ။

## "ပုဒ်မ – ၄၄"

## မှတ်သားခြင်းမရှိသောသစ်များ(သို့)မှတ်ပုံတင်ခြင်းမရှိသောသစ်များအတွက်လက်မှတ်ထုတ်ယူပေး ခြင်းမပြုလုပ်ရန်။

ပိုများ၊ ဝါးများ(သို့) ကြိမ်များမှလွဲ၍ အောက်ပါများအတွက်လက်မှတ်များမထုတ်ပေးရ။

(က) အကျိုးစီးပွားအတွက်ထုတ်လုပ်သည့် မှတ်သားခြင်းမပြုလုပ်ရသေးသောသစ်များ (သို့)–

(ခ) နည်းဥပဒေ – ၇၄ အရမှတ်ပုံတင်ခြင်းမပြုရသေးသော အမှတ်အသားရှိသည့်သစ်များ။

## "ပုဒ်မ – ၄၅"

## လက်မှတ်များအတွက် သတ်မှတ်နှုန်းထား။

နည်းဥပဒေ – ၄၄ အရထုတ်ပေးထားသော လက်မှတ်များအတွက် အောက်ပါနှုန်းထားအတိုင်းချမှတ်သွားရမည်။

(က)လုံးပတ် ၄ပေ–၆လက်မထက်မငယ်သော သစ်လုံး(၁)လုံး(သို့)သစ်စတစ်ခုအတွက်နှင့် လွှတိုက်ပြီး သစ်တစ်တန်အတွက်(၁၀၀) ကျပ်။

(ခ) ပျှမ်းမျှ ၃ပေနှင့်၄ပေ– ၆လက်မအကြားရှိ သစ်လုံးတစ်လုံး(သို့)သစ်စတစ်ခုအတွက်(ဝါးနှင့်ကြိမ်များမပါ) (၅၀)ကျပ်။

(ဂ) ပျှမ်းမျှလုံးပတ်၁ပေထက်ကြီးပြီး ၃ပေထက်ငယ်သောတိုင်များ တိုင်(၁၀၀)အတွက် (ဝါးနှင့် ကြိမ်မပါ) (၅၀၀) ကျပ်။

(ဃ)ပျှမ်းမျှလုံးပတ် ၁ပေထက်ငယ်သောပိုများ (၁၀၀)တွက် (ဝါးနှင့်ကြိမ်မပါ ) (၂၅၀) ကျပ်။

(င) ဖောင်ဖွဲ့ထားသော ဝါးနှင့်ကြိမ်များ ဖောင်တစ်ဖောင်အတွက် (၂၅၀) ကျပ်။

## "ပုဒ်မ – ၄၆"

## လက်မှတ်များ ထုတ်ပေးရာတွင် ပါရှိရမည့်အချက်များ။

(၁) ဗဟိုသစ်တောတာဝန်ခံ၏ ညွှန်ကြားချက်အတိုင်းလက်မှတ်များကိုထုတ်ပေးရမည်ဖြစ်ပြီး ယင်းလက်မှတ်ကြေးအတွက် ကောက်ခံရမည်။

(၂) လက်မှတ်တိုင်းတွင်အောက်ပါအချက်အလက်များပါရှိရမည်။ သစ်လုံးရေ (သို့)သစ်စအရေအတွက်သစ်အမျိုးအစား၊ ပိုင်ရှင်အမှတ်အသားသယ်ဆောင်သွားမည့်နေရာနှင့် အချိန်တနေရာမှတနေရာသို့ သယ်ဆောင်ရာမှ ရပ်နားမည့်နေရာ။

## "ပုဒ်မ – ၄၇"

## လက်မှတ်များ ပြန်လည်ပေးအပ်ခြင်း ။

ထုတ်ပေးထားသော လက်မှတ်တိုင်းလက်မှတ်တွင်ပါရှိသည့် ထုတ်ပေးသောသက်ဆိုင်ရာသစ်တောမှူးထံသို့အချိန်မီ ပြန်လည်ပေးအပ်ရမည်။

## "ပုဒ်မ – ၄၈"

## လက်မှတ်တောင်းခံ စစ်ဆေးနိုင်ခြင်းနှင့် သစ်များကို ထိန်းသိမ်းထားနိုင်ခြင်း။

သစ်တောတာဝန်ခံ (သို့) အခွန်အကောက်တာဝန်ခံ (သို့) ပြည်စောင့်ရဲမှူး (ပၗကီၢ်-KNPT)တစ်ဦးဦးက သစ်များကို သယ်ဆောင်သောပုဂ္ဂိုလ်ထံမှ လိုအပ်သလို လက်မှတ်ထုတ်ပြရန် အချိန်မရွေးတောင်းဆိုနိုင်သည်။

ယင်းကဲ့သို့ တောင်းဆိုသောအချိန်တွင် လက်မှတ်ကိုထုတ်မပြနိုင်ပါကယင်းသစ်တောထွက်ပစ္စည်းများကို ထိန်းသိမ်းထားနိုင်သည်။

## "ပုဒ်မ – ၄၉"

## အစိုးရသစ်များ သယ်ဆောင်ခြင်း။

အစိုးရသစ်များကို မည်သည့်လယ်ယာမြေကိုမဆိုဖြတ်ကျော်သယ်ဆောင်သွားနိုင်သည်။ ယင်းကိစ္စအတွက် ပြေလည်စွာဆောင်ရွက်နိုင်ရန် ဗဟိုသစ်တောတာဝန်ခံနှင့် ခရိုင်သစ်တောတာဝန်ခံတို့က ပြုလုပ်ခွင့်အမိန့်ပေးရမည်။

အထက်ပါအမှုများကိုဆောင်ရွက်ရာ၌ ပုဂ္ဂလိကပိုင်ပစ္စည်းများကိုပျက်စီးစေပါက ဗဟိုသစ်တောတာဝန်ခံမှသင့်တော်သောလျော်ကြေးများ ချမှတ်ပြီးပေးစေရမည်။

## "ပုဒ်မ – ၅၀"

## ထင်းနှင့်ထင်းမီးသွေးများ သယ်ဆောင်ခြင်း။

အခွန်အကောက်များ ကောက်ခံသောမြို့သို့ ထင်းနှင့်မီးသွေးများကိုသယ်ဆောင်သွားရာတွင် သစ်တောမှူး၏ ခွင့်ပြုချက်မပါရှိပါက နေ့အချိန်တွင်သာသယ်ဆောင်သွားရမည်။

## “ပုဒ်မ – ၅၁”

## ထင်းနှင့်ထင်းမီးသွေးများ အခွန်အကောက်ခံခြင်း။

(၁) အခွန်အကောက်များပေးဆောင်ရန် အက်ဥပဒေ “ပုဒ်မ–၃၁”အရ၊ ကြေငြာထားသည့်ထင်းနှင့်မီးသွေးများကို နည်းဥပဒေ–၂၂အရ၊ထုတ်ပေးထားသောလိုင်စင်ဖြင့်အခွန်အကောက်ကို ကောက်ခံစုဆောင်းခြင်းမရှိသေးလျှင် ယင်း ထင်းနှင့်ထင်းမီးသွေးများကို ခရိုင်သစ်တောတာဝန်ခံမှ အများသိရှိရန်ကြေငြာထားသော အခွန်အကောက်ဌာနသို့ စစ်ဆေးရန်နှင့် အခွန်အကောက်ကို ကောက်ယူရန်အတွက် ယူဆောင်သွားရမည်။

သစ်တောမှူး၏ အထူးခွင့်ပြုချက်မရဘဲ အစိုးရသို့ပေးဆောင်ရန်ငွေကျန်ရှိနေပါကမည်သည့်ထင်းနှင့်ထင်း မီးသွေးများကိုမျှ ရွှေ့ပြောင်းခြင်းမပြုရ။

(၂) ကြိုတင်ထုတ်ထားသော လိုင်စင်နှင့်ပတ်သက်သည့် ထင်းများအားလုံးကိုစုပုံရန်နှင့်တိုင်းထွာရန်အတွက် လိုင်စင် ထဲတွင်သတ်မှတ်ထားသော နေရာသို့ယူဆောင်သွားရမည်။ ယင်းလိုင်စင်အရယူဆောင်သွားသောထင်း မီး သွေးများကိုသစ်တောမှူး(သို့) ခရိုင်သစ်တောတာဝန်ခံမှခန့်ထားသော ပုဂ္ဂိုလ်တစ်ဦးဦးကစုပုံခြင်းနှင့်တိုင်းထွာ ခြင်းအတွက် ပြုလုပ်ခြင်းမပြီးစီးမီ အစိုးရသို့ပေးရန်ရှိသော ငွေများအားလုံးကိုမပေးဆောင်သေးလျှင် ယင်းလိုင် စင်ပိုင်ရှင်သည်၊ထိုနေရာမှထင်းများကို ရွှေ့ပြောင်းခြင်းမပြုရ။

## “ပုဒ်မ – ၅၂”

## ပိုင်ရှင်ခွင့်ပြုချက်မပါဘဲ သစ်များကိုမျှောခြင်းမှ တားမြစ်ခြင်း။

မည်သူတဦးတယောက်မျှ ပိုင်ရှင်မဟုတ်ဘဲလျက် (သို့) ကိုယ်စားလှယ်မဟုတ်ဘဲလျက် ဖောင်ဖွဲ့၍ ဆိုက်ကပ် ထားသောသစ်များကို ကြိုးဖြေခြင်း (သို့) မျှောစေရန်ပြုလုပ်ခြင်း စသည်တို့ကိုမပြုလုပ်ရ။

## “ပုဒ်မ – ၅၃”

## မြစ်များပိတ်ဆို့စေသည့် လုပ်ဆောင်ချက်များကို တားမြစ်ခြင်း။

ဗဟိုသစ်တောတာဝန်ခံ(သို့)ခရိုင်သစ်တောတာဝန်ခံ၏ခွင့်ပြုချက်ဖြင့်ထုတ်ပေးထားသော အထူး လိုင်စင်မရှိဘဲ အောက်ပါအလုပ်များကို အလျဉ်းမပြုလုပ်ရ။

ကမ်းနပူးများ ပိတ်ဆို့အောင်လုပ်ခြင်း(သို့)သစ်များနှင့်သစ်တောထွက်ပစ္စည်းများ သယ်ဆောင်ရန်အသုံး ပြုသောမြစ်များတွင် ရေစီးနှုန်းလျော့နည်းအောင်ပြုလုပ်ခြင်း(သို့)ရေစီးကြောင်းပြောင်းလဲအောင် ပြုလုပ်ခြင်း။

## “ပုဒ်မ – ၅၄”

## ရေကြောင်းပိတ်ဆို့ခြင်းကို ကာကွယ်ခြင်းနှင့် ကုန်ကျစရိတ်ကို ပြန်လည်ရယူခြင်း။

(၁) မည်သည့်သစ်တောမှူးမဆို ကမ်းနပူးများပိတ်ဆို့ခြင်း(သို့)သစ်နှင့်သစ်တောထွက်ပစ္စည်းများ သယ်ဆောင်ရန် အသုံးပြုသော ရေကြောင်းပိတ်ဆို့ခြင်းစသည့် လုပ်ငန်းတို့ကိုကာကွယ်ရမည်။ သစ်တောမှူးတစ်ဦးဦး အထူးလိုင် စင်အရလုပ်ပိုင်ခွင့်ရှိသူတစ်ဦးဦး၏ ခွင့်ပြုချက်ဖြင့်ဆောင်ရွက်ခြင်းမရှိသောပိတ်ဆို့ခြင်းမျိုးကို ခရိုင်သစ်တော တာဝန်ခံက ဖယ်ရှားပစ်နိုင်သည်။

(၂) ယင်းကဲ့သို့ဖယ်ရှားရန်အတွက်ကုန်ကျစရိတ်ကိုခရိုင်သစ်တောတာဝန်ခံက ပိတ်ဆို့ထားသောသစ်များ(သို့)သစ်တောထွက်ပစ္စည်းများကိုထုတ်ရောင်းခြင်းအားဖြင့် ရရှိသောငွေများမှသော်လည်းကောင်း အက်ဥပဒေ "ပုဒ်မ–၆၉"အရပိတ်ဆို့မှုကိုကျူးလွန်သောပုဂ္ဂိုလ်တစ်ဦးဦးထံမှ ရယူသောငွေဖြင့်သော်လည်းကောင်းအကုန်ကျခံရမည်။

## "ပုဒ်မ – ၅၅"

## လွှစင်နှင့်သစ်စက်များ တည်ဆောက်ခြင်းကို တားမြစ်ခြင်း။

(၁) မော်လမြိုင်မြို့ကြီး (သို့) ပြဌာန်းထားသည့်ပုံစံအရ ခွင့်ပြုထားသော လိုင်စင်မရှိပါကမည်သူတစ်ဦးတစ်ယောက်မျှ အောက်ဖော်ပြပါနေရာများတွင်သစ်များ ရွှေ့ပြောင်းခွဲစိတ်ရန်အတွက်လွှစင်နှင့်သစ်စက် များကိုတည်ဆောက်ခြင်း မပြုလုပ်ရ။

(က)ဖောင်ဖွဲ့ထားသောသစ်များကို မျှောချရန်အသုံးပြုသည့်မြစ် (သို့) ဒီရေအတက်အကျရှိသော ချောင်း(သို့) ပင်လယ်အနီး ပတ်ဝန်းကျင် (၅)မိုင် ဒေသအတွင်း (သို့)–

(ခ) မီးရထားလမ်း(သို့) အကောက်ခွန်ဌာနမှ (၁၀)မိုင်အတွင်းရှိသောဒေသအားလုံး။

(၂) ခရိုင်သစ်တောတာဝန်ခံ(သို့)၄င်း၏ကိုယ်စားလွှဲအပ်ထားသော သစ်တောမှူးတို့ကသစ်စက်နှင့်လွှစင်များကို တည် ဆောက်ရန်ထုတ်ပေးနိုင်သည်။

ခရိုင်သစ်တောတာဝန်ခံ၏ သဘောတူညီမှုရရှိထားသော လျှောက်လွှာများကိုလိုင်စင်ပေးရန်အတွက် ငြင်းပယ်ခြင်းမပြုရ။

## "ပုဒ်မ – ၅၆"

## အစိုးရသို့ ပေးရန်ရှိသောငွေ။

သယ်ဆောင်သော သစ်တောထွက်ပစ္စည်းနှင့်ပတ်သက်၍ အစိုးရထံသို့ငွေများပေးချေရန်ရှိလျှင် ယင်းပစ္စည်းများကို မည်သူတစ်ဦးတယောက်မျှ ရွှေ့ပြောင်းခြင်း၊ ဖြတ်တောက်ခြင်း၊ မီးရှို့ခြင်း(ဝါ) သို့ဝှက်ခြင်း အလျဉ်းမပြုလုပ်ရ။

# အခန်း(၅)

# မျှောသစ်များအတွက် နည်းဥပဒေများ

## "ပုဒ်မ – ၅၇"

## သယ်ဆောင်ခြင်းအတွက် တားမြစ်ခြင်း။

(၁) မည်သူတစ်ဦးတစ်ယောက်မျှ မည်သည့်အချိန်တွင်မဆို ဘားအံခရိုင်(သို့) ဖာပွန်ခရိုင်သစ်တောတာဝန်ခံ၏ စာဖြင့်ရေးသားခွင့်ပြုချက်မရရှိဘဲသံလွင်မြစ်ရှိသောင်ရင်းမြစ်ဝနှင့်မဲဆိပ်အကြား၊ မျှောသစ်များကို သယ်ယူခြင်း(သို့) ရွှေ့ပြောင်းခြင်း အလျဉ်းမပြုရ။

(၂) ပြဋ္ဌာန်းထားသောပုံစံနှင့်အညီဘားအံခရိုင်(သို့) ဖာပွန်ခရိုင်သစ်တောတာဝန်ခံမှ ထုတ်ပေးထားသော လိုင်စင်လက်မှတ်အရ ရေကြောင်းမှတ်တိုင်ဆောက်လုပ်ရန်မှတစ်ပါး မည်သူတစ်ဦးတယောက်မျှသံလွင်မြစ်ပေါ်ရှိ မဲဆိပ်နှင့်ကမမောင်းအကြားတွင် သယ်ယူခြင်းကိုတားမြစ်သည့်ကြေငြာထားသော ရက်အကန့်အသတ်အတွင်း သယ်ယူခြင်း မပြုရ။

## "ပုဒ်မ – ၅၈"

## သစ်များကို ဆယ်နိုင်သောနေရာများ။

သံလွင်မြစ်တွင် နည်းဥပဒေ–၅၇ အရ၊ ပေးထားသောခြွင်းချက်မှအပ အခြားနေရာများ အခြားမြစ်များနှင့် ပင်လယ်ထဲတွင် မည်သူမဆိုမျှောနေသောသစ်များ၊ ရေမျှောကမ်းတင်သစ်များ(သို့) နစ်မြုပ်နေသောသစ်များကို တွေ့ရှိပါက ဆယ်ယူနိုင်သည်။

## "ပုဒ်မ – ၅၉"

## ဆယ်သစ်များကို အပ်နှံခြင်း။

ယင်းသစ်များကို ဆယ်ယူသောသူသည် သစ်တောမှူးတစ်ဦးဦး(ဝါ) ဆယ်သစ်များကို စုဆောင်းရန်လိုင်စင် ရှိသူတဦးဦးထံသို့ အပ်နှံရမည်။ သို့ရာတွင် သက်ဆိုင်သောသူမဟုတ်ပါကအပ်နှံခြင်းမပြုရ။ နည်းဥပဒေ –၆၂၊၆၃၊ ၆၄ နှင့် ၆၅ အရ၊ သစ်ဆယ်သောသူရရန်ရှိသောအကျိုးခံစားခွင့်များ အပြည့်အဝမရမချင်း ယင်း သစ်များကိုအပ်နှံရန်အတွက် ငြင်းဆန်နိုင်သည်။

ယင်းသစ်ဆယ်သူသည် ဆယ်ပြီးသစ်များကို မအပ်နှံမီ ယင်းသစ်များကို မြစ်ကမ်းဘေးတွင်လည်းကောင်း (သို့) အနီးဆုံးမျှောဆိပ်တွင်လည်းကောင်း လုံခြုံစွာပို့ဆောင်ထားရှိရမည်။

## "ပုဒ်မ – ၆၀"

## လိုင်စင်ခွင့်ပြုချက်မဟုတ်သော သစ်ဆယ်ခြင်းကို တားမြစ်ခြင်း ။

(၁) သစ်တောမှူးမှလွဲ၍ မည်သူတစ်ဦးတစ်ယောက်မျှ ဆယ်သစ်များကို စုဆောင်းခြင်းမပြုရ။ သို့ရာတွင် ပြဋ္ဌာန်း ထားသောပုံစံဖြင့် ခွင့်ပြုထားသောလိုင်စင်ရှိသူ (သို့) ယင်းလိုင်စင်အရ၊ လိုင်စင်ပိုင်ရှင်မှ ခွင့်ပြုထားသူများသည် ပေးထားသောကန့်သတ်ချက်နှင့်အညီ သစ်များကို စုဆောင်းနိုင်သည်။

(၂) သစ်များစုဆောင်းခွင့်ပေးသည့် ယင်းလိုင်စင်များကို ခရိုင်သစ်တောတာဝန်ခံကထုတ်ပေးရမည်။ သို့ရာတွင် သံလွင်မြစ်ရှိ သောင်ရင်းမြစ်ဝအောက်ဒေသများအတွက် ဗဟိုသစ်တောတာဝန်ခံ၏ ထောက်ခံချက်မပါဘဲ ယင်း လိုင်စင်များကိုထုတ်ပေးခြင်း မပြုရ။

## "ပုဒ်မ – ၆၁"

## ဆယ်သစ်များကို မျှောဆိပ်သို့သယ်ယူခြင်း။

နည်းဥပဒေ – ၅၇အပိုဒ်(၂)နှင့် နည်းဥပဒေ – ၆၀အရ၊ စုဆောင်းထားသည့်သစ်များကို မျှောဆိပ်များသို့ယူ ဆောင်သွားရမည်။ ယင်းကဲ့သို့ဆောင်ရွက်ရာတွင် အောက်ပါအချက်အလက်များနှင့်ကိုက်ညီစေရမည်။

(၁) ရေပေါ်တွင်မပေါ်နိုင်သည့်မျှောသစ်များနှင့် ပင်လယ်ထဲတွင်တွေ့ရှိသည့်မျှောသစ်များကို ခရိုင်သစ်တော တာဝန်ခံ၏ ကြိုတင်ခွင့်ပြုချက်နှင့် အက်ဥပဒေ "ပုဒ်မ – ၃၉၊ ၄၀"အရပါရှိသည့် စည်းကမ်းနှင့်အညီ အက်ဥပဒေ "ပုဒ်မ – ၄၁" အရ၊ ပေးထားသောအချိန် ကုန်လွန်သွားသောအခါ ရောင်းပစ်နိုင် သည်။

(၂) သံလွင်မြစ်ရှိ မီးပုံးချောင်းဝ၌လည်းကောင်း မီးပုံးချောင်းဝအထက်တွင်လည်းကောင်း ကန့်လန့်ပိတ်ဆို့နေသော သစ်များကို သယ်ယူစုဆောင်းထားသောသူသည် နည်းဥပဒေ "ပုဒ်မ – ၅၇"အပိုဒ် (၂)နှင့် (၂၀)အသီးသီးတို့အရ ယင်းသစ်များကိုသတ်မှတ်မျှောဆိပ်သို့ ယူဆောင်သွားသည့်အခါ မီးပုံးချောင်းဝနှင့် ၎င်းအထက်ရှိနေရာများတွင်နည်းဥပဒေ "ပုဒ်မ–၉၂"တွင် ဖော်ပြထားသည့်သစ်များ ပေါ်တွင်ပါရှိသည့် အမှတ်အသား၏ပိုင်ရှင် သစ်သွင်းသူထံသို့ အပ်နှံရမည်။

## "ပုဒ်မ – ၆၂"

## ပင်လယ်ရေ နှင့် ဒီရေအတက်အကျရှိ နေရာများ၌ သစ်ဆယ်ကြေး။

(က)အောက်ပါဒေသများတွင်ဆယ်ယူသောသစ်များကိုသစ်တောဌာန၏ကွပ်ကဲမှုအောက်ရှိ ဗဟိုသစ်တောတာဝန်ခံမှသတ်မှတ်ထားသည့် ကျသင့်သောနှုန်းထားအတိုင်း အချိန်အခါအလျောက်သတ်မှတ်ထားသည့် အခကြေးငွေများကို ပေးဆောင်ရမည်။

ယင်းပေးဆောင်သော အခကြေးငွေများသည် ခရိုင်သစ်တောတာဝန်ခံများ၏ ဆုံးဖြတ်ထားသောမူလသစ်တန်ဘိုး၏ တစ်ဝက်ထက် မကျော်စေရ။

(က)ရေဝတီမြစ်နှင့် ငပုတောပဲချောင်း၊ ကျွန်းပြသဒ်၊ ဘိုကလေး၊ ဖျာပုံ၊ ဒေးဒရဲအောက်ရှိ ၎င်း၏ မြစ်ခွဲများ (သို့)–

(ခ) ကျောက်တန်းအောက်ရှိ ရန်ကုန်မြစ် (သို့)–

(ဂ) အလုံအောက်ရှိ စစ်တောင်းမြစ် (သို့)–

(ဃ)ဒုံဝန်းအောက်ရှိ ဘီးလင်းမြစ် (သို့)၊

## "ပုဒ်မ – ၆၃"

## မြစ်များအတွင်း သစ်များဆယ်ကြေး။

"နည်းဥပဒေ – ၆၂ နှင့် ၆၄"အရ၊ ဆယ်ယူထားသောသစ်များအတွက် ဆယ်ပေးသူများအားပေးရမည့် ဆယ်ခကို ဗဟိုသစ်တောတာဝန်ခံမှ အချိန်အခါအလျောက်သတ်မှတ်ပြီး ကြေငြာထားသည့် နှုန်းထားအတိုင်း ပေးဆောင်ပြီးမှ ပေးအပ်သောသစ်များကို ရယူရမည်။

သို့ရာတွင်သစ်တောဌာနမှ ကြိုတင်ခွင့်ပြုချက်မရဘဲ၊ သတ်မှတ်ထားသောနှုန်းထားကို တိုးမြှင့်ခြင်းမပြုရ၊ ယင်း နှုန်းထားများသည် မည်သည့်နည်းနှင့်မျှအောက်ပါအမြင့်ဆုံးနှုန်းထားထက် မများစေရ။

(က)သစ်ချောင်းအလယ်လုံးပတ် ၄ပေ–၆လက်မ ၊ယင်းထက်ကျော်သော သစ်လုံးတစ်လုံး အတွက်–

| အမှတ်စဉ် | ဒေသအမည် | ကျွန်း | အခြားသစ် |
|---|---|---|---|
| ၁။ | တနင်္သာရီကြီးဝိုင်းဒေသ | ၁၀၀၀၀ ကျပ် | ၅၀၀၀ ကျပ် |
| ၂။ | ပဲခူးကြီးဝိုင်းဒေသ | ၁၀၀၀၀ ကျပ် | ၅၀၀၀ ကျပ် |

(ခ) သစ်လုံးအလယ်လုံးပတ် ၄ပေ ဖလက်မအောက်(သို့)သစ်များအတွက် အပိုဒ်(က)တွင်၊သတ် မှတ်ထားသည့်နှုန်းထား၏တဝက် ဖြစ်စေရမည်။ယင်းသစ်များသည် အပိုဒ် (ဂ) တွင်ပါရှိသော သစ်များနှင့် အပိုဒ်(ဃ)တွင်ပါရှိသော ဖောင်ဖွဲ့ရန်အသုံးပြုသည့် သစ်များပါဝင်ခြင်း မရှိချေ။

(ဂ) သံလွင်မြစ်ပေါ်ရှိ ကမမောင်းအထက်ရေကြောင်းမှတ်တိုင်တွင် ဆယ်ယူပြီးထားရှိသောသစ်လုံးများအတွက် ကျွန်းသစ်တစ်လုံး –(၅၀၀၀) ကျပ် (သို့) အခြားသစ်တစ်လုံး (၂၅၀၀) ကျပ်။

(ဃ)ဖောင်အဖြစ်အသုံးပြုသော သစ်များအတွက်သစ်လုံး(၅)လုံးထက်ပိုလျှင် အပိုဒ်(က)နှင့်(ခ)အရ၊ ဖော်ပြပါပမာဏရှိသည့် သစ်များအတွက် သယ်ဆောင်ခသည် သတ်မှတ်ထားသောနှုန်း၏တစ်ဝက် ဖြစ်ရမည်။

## “ပုဒ်မ – ၆၄”

## ဖောင်များ စောင့်ရှောက်ခြင်း။

ဆယ်ယူသောဖောင်များကို လုံခြုံစွာထားရှိနိုင်ရန် ဖောင်သမားများကို အကူအညီပေးသည့်လူများအား ခရိုင်သစ်တောတာဝန်ခံမှ သင့်တော်သလိုသတ်မှတ်ထားသည့်အဖိုးအခအတိုင်း ကူညီပေးရမည်။

## “ပုဒ်မ – ၆၅”

## ဆယ်သစ်များ စုဆောင်းကြေး။

နည်းဥပဒေ –၆၂၊ ၆၃နှင့် ၆၄ အရ၊ပေးထားသောဆယ်ခများအပြင်အချိန်အခါအလျောက် ခရိုင်သစ်တောတာဝန်ခံက သတ်မှတ်ထားသောအခနှုန်းဖြင့် သစ်များကိုမျှောဆိပ်တွင် စုဆောင်းရန်အတွက်ကိုလည်း အခကြေးပေးရမည်။

## “ပုဒ်မ – ၆၆”

## ဆယ်သစ်များတောင်းခံရန် နို့တစ်စာ။

ခရိုင်သစ်တောတာဝန်ခံသည် အက်ဥပဒေ “ပုဒ်မ– ၃၉” အရ၊(နည်းဥပဒေပုဒ်မ–၉၉(၃)မှအပ)အများသိရှိရန်အတွက် ထုတ်ပြန်ကြေငြာရန် အထူးအာဏာရှိသည်။ ယင်းထုတ်ပြန်ကြေငြာချက်ကို အောက်ပါအတိုင်းဆောင်ရွက်ရမည်။

(၁) သစ်တောတာဝန်ခံ၏ရုံးနှင့်သက်ဆိုင်ရာမျှောဆိပ်ဌာနများနှင့် ယင်းဌာနရေကြောင်းအထက်ဒေသရှိ အခြားမျှောဆိပ်ဌာနအားလုံးနှင့် အခွန်အကောက်ဌာနအပြင်ခရိုင် သစ်တောတာဝန်ခံမှလိုအပ်သည်ဟု ယူဆသောနေရာအားလုံးတွင် ထုတ်ပြန်ကြေငြာချက်ကို ကပ်ထားရမည်။

(၂) ယင်းထုတ်ပြန်ကြေငြာချက်ကို ခရိုင်သစ်တောတာဝန်ခံရုံးတွင် မှတ်ပုံတင်ထားပြီးဖြစ်သောပစ္စည်း အမှတ်အသား ရှိသည့် ကျွန်းသစ်ပိုင်ရှင်များထံသို့ ပေးရမည်။

(၃) ယင်းထုတ်ပြန်ကြေငြာချက်ကို လုံလောက်သောအရေအတွက်ဖြင့် ရေကြောင်းအထက်ဒေသရှိ အခြားခရိုင် သစ်တောတာဝန်ခံသို့ လိုအပ်သလို ပေးပို့ရမည်။

## "ပုဒ်မ – ၆၇"

## သစ်များစုဆောင်ခြင်း ၊ ဆယ်ခြင်းတို့ကို တောင်းခံရန်အတွက် ကျသင့်ငွေ ။

သစ်များကိုစုဆောင်းခြင်း သယ်ယူခြင်းနှင့်ပတ်သက်၍ တောင်းခံရန်အတွက်ကျသင့်ငွေသည် အက်ဥပဒေ– ၃၉ အရ၊ ရှိသည့်နည်းဥပဒေ ပုဒ်မ –၆၂၊ ၆၃၊ ၆၄ အရ၊သတ်မှတ်ထားသည့်ဆယ်ယူခနှုန်းများအပြင် နည်းဥပဒေ ပုဒ်မ–၆၅ အရ၊ စုဆောင်းခြင်းနှင့်ပေးဆောင်ခြင်းအတွက်အခကြေးငွေကိုတောင်းခံရမည်။ သိုလှောင်ခအတွက်လည်း အချိန်အားလျော်စွာ ထုတ်ပြန်ထားသည့် နှုန်းထားအတိုင်း တောင်းခံယူရမည်။

သို့ရာတွင် ယင်းတောင်းခံရန်အတွက်ဥပဒေ "ပုဒ်မ–၆၂၊၆၃၊၆၄၊နှင့်၆၅"အရ၊သတ်မှတ်ထားသော အခနှုန်း ထက်နှစ်ဆပို၍တောင်းခံခြင်းမပြုရ။ ယင်းသတ်မှတ်ထားသည့်တောင်းခံနှုန်းသည် သစ်တောဌာန၏ကြိုတင်ခွင့်ပြုခြင်း မပြုဘဲ သတ်မှတ်နှုန်းကို ထပ်တိုးခြင်းမပြုရ။

## "ပုဒ်မ – ၆၈"

## တောင်းခံပြီးသောသစ်များကို မျှောဆိပ်တွင် သိုလှောင်ကြေး။

(၁) မျှောဆိပ်တွင် သိုလှောင်ထားသောသစ်များအတွက်(၁)လထက်ပိုပြီးသိုလှောင်ပါက အက်ဥပဒေ "ပုဒ်မ– ၃၉"အရ၊ သစ်လုံးတလုံးအတွက်(၁၅၀)ကျပ်၊တိုင်တစ်တိုင်အတွက်(၁၀၀) ကျပ်၊ ပိုတစ်ချောင်းအတွက်(၅၀) ကျပ်နှုန်းဖြင့် တောင်းခံရမည်။

(၂) ဤနည်းဥပဒေ အခန်း(၉)တွင်ဖော်ပြထားသည့် ကတိုးမျှောဆိပ်သို့ယူဆောင်လာသော သစ်များအတွက် မသက်ဆိုင်ပေ။

## "ပုဒ်မ – ၆၉"

## မျှောဆိပ်ရှိသစ်များ ပျောက်ဆုံးမှု ၊ပျက်စီးမှု ။

အစိုးရသည်မျှောဆိပ်တွင်ထားရှိသည့်သစ်တောထွက်ပစ္စည်းများ ပျောက်ဆုံးခြင်းနှင့် ပျက်စီးခြင်းများအ တွက် တာဝန်မယူပေ ။

# အခန်း (၆)

# ကိုယ်ပိုင်တံဆိပ်တုံးများနှင့် သစ်များမှတ်သားရန်တံဆိပ်တုံးများကို မှတ်ပုံတင်ရန် နည်းဥပဒေများ

## "ပုဒ်မ – ၇၀"

## တံဆိပ်တုံးများ ယူဆောင်ခြင်းအတွက် တားမြစ်ချက် ။

အောက်ပါပုဂ္ဂိုလ်များမှအပ မည်သူတစ်ဦးတစ်ယောက်မျှအမှတ်အသားပါသော တူတံဆိပ်များ (သို့) သစ်များ ကိုမှတ်သားရန် ကိရိယာများကိုသိမ်းဆည်းခြင်း (သို့) ယူဆောင်ခြင်းမပြုရ ။

(က)ခရိုင်သစ်တောဌာနမှ ပြဋ္ဌာန်းထားသောပုံစံအရ မှတ်ပုံတင်ထားပြီးဖြစ်သောတူတံဆိပ်အမှတ်အသား(သို့) ပစ္စည်းကိရိယာကို ကိုင်ဆောင်အသုံးပြုခွင့် ရရှိသောပိုင်ရှင် (သို့)–

(ခ) မှတ်ပုံတင်ထားသောပိုင်ရှင်မှ ယင်းမှတ်ပုံတင်တူတံဆိပ်အမှတ်အသား(သို့) သစ်များကိုမှတ်သားရန် ကိရိယာကို ဤတရားဝင်ခွင့်ပြုချက်ဖြင့် ကိုင်ဆောင်ရန်နှင့် အသုံးပြုရန်ခွင့်ပြုထားသောသူ။

## "ပုဒ်မ – ၇၁"

## သစ်များကိုမထုတ်မီ မှတ်သားမှုများ ပြုလုပ်ခြင်း ။

အကျိုးစီးပွားအတွက်ခုတ်လှဲထားသော သစ်များနှင့်အငုတ်များကို ဗဟိုသစ်တောတာဝန်ခံ၏အထွေထွေ (သို့)အထူးညွှန်ကြားချက်အတိုင်းမှတ်ပုံတင်ထားပြီးဖြစ်သော အမှတ်အသားတံဆိပ်ဖြင့်သော်လည်းကောင်း (သို့)ပစ္စည်းပိုင်ဆိုင်မှု မှတ်ပုံတင်တံဆိပ်ဖြင့်သော်လည်းကောင်း၊ ခုတ်လှဲထားသောနေရာမှ မဖယ်ရှားမီ ထုရိုက် မှတ်သားခြင်းပြုရမည်။

ဤနည်းဥပဒေအရ မှတ်သားခြင်းမပြုလုပ်ရသော သစ်များကိုမည်သူတစ်ဦးတစ်ယောက်မျှ ခုတ်လှဲထားသော နေရာမှဖယ်ရှားခြင်း မပြုလုပ်ရ။

ဤနည်းဥပဒေသည် ပိုများ၊ ဝါးများ၊ ကြိမ်များနှင့်ထင်းများအတွက် ပတ်သက်ခြင်းမရှိချေ။

## "ပုဒ်မ – ၇၂"

## သစ်များကို သယ်ဆောင်ပြောင်းရွှေ့ခြင်းအတွက် တားမြစ်ခြင်း ။

မည်သူတစ်ဦးတစ်ယောက်မျှ အကျိုးစီးပွားအတွက်မှတ်ပုံတင် ကိုယ်ပိုင်တံဆိပ်တုံး အမှတ်အသားမပါသော သစ်များကိုသော်လည်းကောင်း ထင်းရှားစွာအမှတ်အသားမပါသော သစ်များကိုသော်လည်းကောင်း(သို့) ခရိုင်သစ်တောတာဝန်ခံ၏ စာဖြင့်ရေး၍ ခွင့်ပြုခြင်းမရှိသော သစ်များကိုသော်လည်းကောင်း၊ ပြောင်းရွှေ့သယ်ဆောင်ခြင်း မပြုလုပ်ရ။

ဤနည်းဥပဒေများသည် ပိုများ၊ ဝါးများ၊ ကြိမ်များနှင့်ထင်းများအတွက် ပတ်သက်ခြင်းမရှိချေ။

## “ပုဒ်မ – ၇၃”

## သစ်အမှတ်အသား ။

(၁) သစ်အမှတ်အသားသည်နှစ်မျိုးနှစ်စားသာလျှင်ရှိသည်။ ပစ္စည်းအမှတ်အသားနှင့်အတန်းအစား အမှတ်အသားတို့ဖြစ်သည်။ (အက်ဥပဒေပုဒ်မ–၂တွင်ဖော်ပြထားသည့်) ယင်းအမှတ်အသားများကို မပြောင်းလဲသေးသော (သို့)ခုတ်လှဲထားသောသစ်များမှလွဲ၍သက်ဆိုင်ရာပိုင်ရှင်များက မိမိတို့၏သစ်များအပေါ်ထုရိုက်မှတ်သားရမည်။ ပိုင်ရှင်မရှိသည့် မပြောင်းလဲသေးသောသစ်များ(သို့) ခုတ်လှဲထားသောသစ်သားများသည် သစ်တောမှူးကသာလျှင် မှတ် သားထုရိုက်နိုင်ခွင့်ရှိသည်။

(၂) ခရိုင်သစ်တောတာဝန်ခံစာဖြင့် ရေးသားခွင့်ပြုချက်မှအပ မည်သူတစ်ဦးတစ်ယောက်မျှ –

(က)မခုတ်လှဲသေးသော သစ်ပင်များအပေါ်မှတ်သားခြင်း (သို့)–

(ခ) မှတ်သားထားသောသစ်များ၏ အမှတ်အသားကိုပြောင်းလဲခြင်း–

(ဂ) ပျက်ပြယ်ခြင်းနှင့် ပုံပျက်အောင်ပြုလုပ်ခြင်း (သို့)–

(ဃ)ပိုင်ရှင်ခွင့်ပြုချက်မရှိဘဲ မည်သည့်သစ်များအပေါ်တွင် မှတ်သားခြင်း (သို့)–

(င) ကျွန်းသစ်စိမ်းများ(သို့)မတရားခုတ်လှဲထားသော သစ်များအပေါ်မှတ်သားခြင်း စသည်တို့ကို အလျှင်းမပြုရ။

**ရှင်းလင်းချက် ။ ။ ကျွန်းသစ်စိမ်းဆိုသည်မှာ အရွက်စိမ်းများ(သို့)အခက်ငယ်များ(သို့) အခေါက်များရှိပြီး ယင်းအခေါက်ကိုလက်ဖြင့်မခွာနိုင်သော ကျွန်းသစ်များဖြစ်သည်။**

## “ပုဒ်မ – ၇၄”

## သစ်အမှတ်အသားကို မှတ်ပုံတင်ခြင်း ။

အောက်ပါပေးထားသော စည်းကမ်းချက်များနှင့်အညီပိုင်ရှင်သည် ၎င်း၏သစ်များကိုမှတ်သားရန်ပစ္စည်းအမှတ်အသားနှင့် အတန်းအစားအမှတ်အသားတိုင်းကို အသုံးပြုနေသော အချိန်ကာလတွင် စနစ်တကျမှတ်ပုံတင်ထားရမည်။

(က)ခရိုင်သစ်တောတာဝန်ခံရုံးတွင် ပစ္စည်းအမှတ်အသားနှင့်အတန်းအစား အမှတ်အသားတံဆိပ်များကို မှတ်ပုံတင်ခြင်း (သို့) ပြန်လည်မှတ်ပုံတင်ခြင်းတို့ကို ပြုလုပ်ရမည်။ သို့ရာတွင် ဗဟိုသစ်တောတာဝန်ခံသည် ယင်းမှတ်ပုံတင်ခြင်းနှင့် ပြန်လည်မှတ်ပုံတင်ခြင်းကိစ္စတွင် ခရိုင်သစ်တောတာဝန်ခံ၏ တစ်လအတွင်းထုတ်ပြန်ထားသောအမိန့်နှင့်ဆန့်ကျင်ဘက်ဖြစ်ပါက ယင်းမှတ်ပုံတင်ခြင်းနှင့် ပြန်လည်မှတ်ပုံတင်ခြင်းအတွက် ငြင်းပယ်နိုင်သည်။

(ခ) မှတ်ပုံတင်ခြင်း(သို့) ပြန်လည်မှတ်ပုံတင်ခြင်းအတွက် လျှောက်ထားရာတွင် တင်ပြသောအမှတ်အသားပုံစံသည် ဗဟိုသစ်တောတာဝန်ခံက သဘောတူရမည်။ ယင်းပုံစံထဲတွင် မှတ်ပုံတင်ထားသောသတ်မှတ်ထားသည့် နယ်မြေဒေသအတွင်းသာလျှင် အသုံးပြုနိုင်ခွင့်ရှိကြောင်းဖော်ပြသည့် အမှတ်အသားပါရှိရမည်။ ဗဟိုသစ်တောတာဝန်ခံ၏ ခွင့်ပြုချက်မှအပ မည်သည့်ပုဂ္ဂိုလ်တစ်ဦးဦး (သို့) လုပ်ငန်းဌာနတခုခုမှ တစ်ခုထက်ပိုသော

ပစ္စည်းအမှတ်အသားဖြင့် မှတ်ပုံတင်ခြင်း(သို့)ပြန်လည်မှတ်ပုံတင်ခြင်းကိုခွင့်ပြုမည်မဟုတ် သို့ရာတွင်တူညီသည့် အမှတ်အသားရှိသည့်ပစ္စည်းအမှတ်အသားကိုအခြား ခရိုင်သစ်တောဌာနများတွင် ယင်းနယ်မြေဧရိယာအတွင်း အသုံးပြုရန်အမှတ်အသားကို အနည်းငယ်ပြင်ဆင်မှုဖြင့် မှတ်ပုံတင်ခြင်းကိုပြုလုပ်နိုင်သည်။

ပုဂ္ဂိုလ်တစ်ဦး(သို့)လုပ်ငန်းဌာနတစ်ခုအတွက် မှတ်ပုံတင်ရန်အတန်းအစားအမှတ်အသားများ၏ အရေအတွက်ကိုကန့်သတ်ခြင်းမရှိ၊သို့ရာတွင်ပိုင်ရှင်၏အမည်ဖြင့်မှတ်ပုံတင်ခြင်းမပြုလုပ်သော လျှောက်လွှာများကို ခွင့်ပြုမည် မဟုတ်။

(ဂ) မှတ်ပုံတင်ထားသောပစ္စည်းအမှတ်အသားတစ်ခု၏ တရားဝင်သက်တမ်းသည်(၂)နှစ်သာဖြစ်ရမည်။ (၂)နှစ် မပြည့်မြောက်မီပြန်လည်မှတ်ပုံတင်ရမည်။ ပြန်လည်မှတ်ပုံတင်သောအမှတ်အသားတံဆိပ်သည် သစ်တောဌာန ၏ ခွင့်ပြုချက်မရဘဲ လွှဲပြောင်းခြင်းမပြုရ။

(က)မှတ်ပုံတင်ကြေးမှာ အောက်ပါနှုန်းအတိုင်းဖြစ်သည် ။

| အကြောင်းအရာ၊ | ကျွန်းသစ်အပါအဝင်ကျန်၊ တားမြစ်ရာသစ်အားလုံး | တားမြစ်ရာမဟုတ် သောသစ်များ |
|---|---|---|
| မှတ်ပုံတင်ပစ္စည်းအမှတ်အသား | ၅၀၀၀၀ ကျပ် | ၁၀၀၀၀ ကျပ် |
| မှတ်ပုံတင်ခြင်းအမှတ်အသား ကိုပြန်လည်မှတ်ပုံတင်ခြင်း | ၁၀၀၀၀ ကျပ် | ၁၀၀၀၀ ကျပ် |
| လွှဲပြောင်းသောမှတ်ပုံတင်ပစ္စည်း အမှတ်အသားတစ်ခုအတွက် | ၂၀၀၀၀ ကျပ် | ၁၀၀၀၀ ကျပ် |
| အတန်းစားအမှတ်အသားမှတ်ပုံတင်ကြေး | ၁၀၀၀၀ ကျပ် | ၁၀၀၀၀ ကျပ် |
| လွှဲပြောင်းသောမှတ်ပုံတင်အတန်းအစား အမှတ်အသားတစ်ခုအတွက် | ၁၀၀၀၀ ကျပ် | ၁၀၀၀၀ ကျပ် |

**မှတ်ချက်။ ။ မှတ်ပုံတင်ထားသော အမှတ်အသားများ သက်တမ်းကုန်ဆုံးပြီးနောက် (၃)လအတွင်းသာလျှင် ပြန်လည်မှတ်ပုံတင်ခြင်းအတွက်ခွင့်ပြုသည်။ (၃)လထက်ပိုလျှင် အသစ်မှတ်ပုံတင်ခြင်းအတွက်သာ ပြုလုပ်ရမည်။**

## "ပုဒ်မ – ၇၅"

## ကိုယ်ပိုင်တံဆိပ်အမှတ်အသား၏ မှတ်ပုံတင်ခြင်းကို ဖျက်သိမ်းရန်အာဏာ ။

ဗဟိုသစ်တောတာဝန်ခံ၏ ကြိုတင်သဘောတူချက်ဖြင့် ခရိုင်သစ်တောတာဝန်ခံသည် နည်းဥပဒေနှင့်အက် ဥပဒေတို့ကိုချိုးဖောက်သော မှတ်ပုံတင်အမှတ်အသားတံဆိပ်များကိုပယ်ဖျက်နိုင်သည်။

# အခန်း (၇)

## အထွေထွေအာဏာများ ချီးမြှင့်ခြင်း၊ အာမခံချုပ်ဆိုခြင်း၊ ပုံစံများပြောင်းလဲခြင်း၊ လိုင်စင်များပြန်လည်အပ်နှံခြင်း နှင့် စပ်လျဉ်းသည့် နည်းဥပဒေများ။

### "ပုဒ်မ – ၇၆"

### ဌာနမှူးများ၏ အာဏာ ။

(၁) မည်သည့်သစ်တောမှူးတစ်ဦးဦးမဆိုသစ်တောပြစ်မှုကျူးလွန်ရာမှ အမှုစစ်ဆေးပြီးနောက်ယင်းပြစ်မှုနှင့် ပတ်သက်သည့်သစ်တောထွက်ပစ္စည်းများကို အက်ဥပဒေ "ပုဒ်မ–၆၃"အရ၊ ယင်းသစ်တောထွက်ပစ္စည်းသည် အစိုးရပိုင်ပစ္စည်းအဖြစ် သိမ်းယူနိုင်သည်။

(၂) ခရိုင်သစ်တောတာဝန်ခံသည်နိုင်ငံတော်အစိုးရသို့ ပေးရန်တစ်စုံတစ်ရာရှိသော သစ်တောထွက်ပစ္စည်းများအတွက်ယင်းသစ်တောထွက် ပစ္စည်းများကိုထိန်းသိမ်းရယူနိုင်သည်။ ယင်းထိန်းသိမ်းရယူသော ပစ္စည်းများကို အက်ဥပဒေ"ပုဒ်မ–၇၀"အရ၊ ပြဌာန်းထားသည့်မူအတိုင်း ခရိုင်သစ်တောတာဝန်ခံက ဆက်လက်လုပ်ဆောင်သွားရမည်။

### "ပုဒ်မ – ၇၇"

### ဌာနမှူးများကို ပစ္စည်းများထိန်းသိမ်းရန်အပ်နှံခြင်း ။

(၁) အက်ဥပဒေ"ပုဒ်မ–၆၄နှင့်၇၀"အရ၊ အစိုးရပိုင်ပစ္စည်းအဖြစ်သိမ်းယူရန် အမိန့်ထုတ်ပြန်ထားပြီးဖြစ်သော ပစ္စည်းများကို ထိန်းသိမ်းရယူနိုင်သည်။

(၂) ခရိုင်သစ်တောတာဝန်ခံသည် အက်ဥပဒေ "ပုဒ်မ –၄၆" အရ ဖမ်းဆီးအရေးယူထားသော နိုင်ငံအစိုးရပိုင် မဟုတ်သည့် ပစ္စည်းများကိုပြန်ပေးရန် ညွှန်ကြားနိုင်ခွင့်ရှိသည်။

### "ပုဒ်မ – ၇၈"

### ချီးမြှင့်ခြင်း ။

ပြန်တမ်းဝင်မဟုတ်သော မြို့နယ်အဆင့်မှအောက်သို့တာဝန်ထမ်းဆောင်သော သစ်တောအမှုထမ်းများနှင့် သစ်တောနှင့်ပတ်သက်ပြီးအကျိုးပြုသော သတင်းပေးသူပုဂ္ဂိုလ်များကို အောက်ပါအတိုင်းချီးမြှင့်သည်။

(၁) အက်ဥပဒေ "ပုဒ်မ–၆၀" အရ၊လျှော်ကြေးအဖြစ်ရရှိသောငွေများအတွက် ဗဟိုသစ်တောတာဝန်ခံက ယင်းငွေများမှ ကျပ်(၅၀၀၀၀) အထက်မပိုသောငွေကို ပြန်တမ်းဝင်မဟုတ်သောသစ်တောအမှုထမ်း (သို့) သစ်တောနှင့်ပတ်သက်ပြီး အကျိုးပြုသော သတင်းပေးသူပုဂ္ဂိုလ်တစ်ဦးဦးဆုငွေအဖြစ် ချီးမြှင့်နိုင်သည်။

ခရိုင်သစ်တောတာဝန်ခံသည် ဗဟိုသစ်တောတာဝန်ခံ၏ ကိုယ်စားလုပ်ပိုင်ခွင့်အာဏာအပ်နှင်းထားခြင်းခံရပါကအထက်ပါကိစ္စမျိုးအတွက်ကျပ်(၁၀၀၀၀) ထက်မပိုသောငွေဖြင့် ဆုငွေအဖြစ်ချီးမြှင့်နိုင်သည်။

(၂) သစ်တောပြစ်မှု ကျူးလွန်သောကိစ္စတွင် ယင်းအမှုကိုတရားရုံးတော်က စီရင်ဆုံးဖြတ်ရာမှရရှိသောသိမ်းဆည်းရမည့်ငွေ(သို့)ဒဏ်ငွေများထဲမှခရိုင်သစ်တောတာဝန်ခံသည် ပြန်တမ်းဝင်မဟုတ်သောအမှုထမ်း(သို့) သတင်းပို့သူ ပုဂ္ဂိုလ်ကို ဆုငွေအဖြစ်ချီးမြှင့်နိုင်သည်။

အကယ်၍ သိမ်းဆည်းရမိငွေ(သို့) ဒဏ်ငွေများမရှိပါက အထက်ပါကိစ္စတွင်ခရိုင်သစ်တောတာဝန်ခံ၏ ဆန္ဒပြုထားသော ရံပုံငွေတစ်ခုခုထဲမှ ထုတ်ယူချီးမြှင့်နိုင်သည်။

(၃) အပိုဒ်ငယ်(၁)နှင့်(၂)တွင်ဖော်ပြသည့် ကိစ္စအပြင်အခြားကိစ္စများ အတွက်ခရိုင်သစ်တောတာဝန်ခံသည် ကျပ်(၁၀၀၀၀)ထက်မပိုသော ငွေဖြင့်ဆုချီးမြှင့်နိုင်သည်။ ဗဟိုသစ်တောတာဝန်ခံဖြစ်ပါက(၁၀၀၀၀) ထက်ပိုသော ဆုငွေအဖြစ် ချီးမြှင့် နိုင်သည်။

**မှတ်ချက်။ ။ကြံ့နှင့်ပတ်သက်သော ပြစ်မှုကာကွယ်သူကိုဆုကျပ် (၁၀၀၀၀၀)(သို့)အခြားပြစ်မှုကို ကာကွယ်ရန်အတွက်ကျပ်(၃၀၀၀၀)ထက်မပိုသော ဆုငွေအဖြစ် ချီးမြှင့်နိုင်သည်။**

## “ပုဒ်မ – ၇၉”

## ပုံစံများအတွင်းရှိ စာပိုဒ်များ ပြောင်းလဲနိုင်သည့် အာဏာ ။

ဗဟိုသစ်တောတာဝန်ခံသည် ခရိုင်သစ်တောတာဝန်ခံကို ဤနည်းဥပဒေအရထုတ်ပေးသောလိုင်စင်များ၊ ပါမစ်များနှင့် လက်မှတ်များထဲမှပါရှိသည့် အကြောင်းအရာများကို ဖြစ်ပေါ်နေသောအခြေအနေနှင့် ကိုက်ညီစေရန်အတွက်ပြောင်းလဲခြင်း၊ ပယ်ဖျက်ခြင်းနှင့် ဖြည့်စွက်ခြင်းများပြုလုပ်နိုင်သည်။ ယင်းကဲ့သို့ပြုလုပ်ပါကပြုလုပ်သော သစ်တောတာဝန်ခံနှင့် လိုင်စင်(သို့) ပါမစ်(သို့) လက်မှတ်ပိုင်ရှင်များသည် ၄င်းတို့၏လက်မှတ်များကို ရေးထိုးကြရမည်။

## “ပုဒ်မ – ၈၀”

## (က)သဘောတူခံဝန်ချုပ် ပြုလုပ်ရန်အာဏာ ။

သစ်ခုတ်လှဲခြင်း(သို့) ရွှေ့ပြောင်းခြင်း(သို့)သစ်တောထွက်ပစ္စည်းများသယ်ဆောင်ရန်အတွက် လိုင်စင်(သို့) ပါမစ်(သို့)လက်မှတ်များကိုထုတ်ပေးရန်လျှောက်ထားသူသည် လက်မှတ်ရရှိရေးအတွက်ပြဌာန်းထားသောပုံစံဖြင့် သဘောတူဝန်ခံချက်ကိုရှေးဦးစွာရေးထိုးစေရမည်။ ယင်းသဘောတူခံယူချက်တွင် ယင်းလိုင်စင်တွင်ပါရှိသော လိုက်နာရမည့်စည်းကမ်းနှင့်တကွ သစ်တောအက်ဥပဒေနှင့်နည်းဥပဒေများကို ၄င်းကသော်လည်းကောင်း၊၄င်း၏ကိုယ်စားလှယ်ကသော်လည်းကောင်း၊ လိုက်နာစောင့်ထိန်းရန် ကတိပြုကြောင်းပါရှိရမည်။

## (ခ)လိုင်စင်ကို ပြန်လည်အပ်နှံခြင်း။

ထုတ်ပေးထားသောလိုင်စင် (သို့)ပါမစ် (သို့)လက်မှတ်များတွင်ပါရှိသော အချိန်ကန့်သတ်ချက်နှင့်အညီ ကုန်ဆုံးသောအခါ ကန့်သတ်ချိန်အတွင်း ယင်းတို့ကိုပြန်လည်အပ်နှံရမည်။

## "ပုဒ်မ – ၈၁"

## (က) ထုတ်လုပ်သည့် သစ်တောထွက်ပစ္စည်း ။

သတ်မှတ်ထားသည့် အကြောင်းအရာအတွက် ထုတ်လုပ်သည့်သစ်တောထွက်ပစ္စည်းများကို ယင်း သတ်မှတ်ချက်အတွက်သာ အသုံးပြုရမည်။ သတ်မှတ်ချက်နှင့် မကိုက်ညီသည့် အသုံးပြုခြင်းမျိုး လုံးဝမပြုလုပ်ရ။

## (ခ) သစ်တောထွက်ပစ္စည်းများအတွက် ပေးဆောင်ရမည့် တာဝန်ဝတ္တရား။

သစ်တောအက်ဥပဒေအရသော်လည်းကောင်း၊ နည်းဥပဒေအရသော်လည်းကောင်း၊အခွန်အကောက် ပေးရန် ရှိသော သစ်များကိုခုတ်လှဲခြင်း(သို့)၊ ဖြတ်တောက်ခြင်း(သို့)၊ စုဆောင်းခြင်းပြုလုပ်သောသူသည် ယင်းခုတ်လှဲခြင်း၊ ဖြတ်တောက်ခြင်းနှင့် စုဆောင်းခြင်းပြုလုပ်ထားသော ပစ္စည်းများအတွက်သစ်တောအတွင်း မှရွှေ့ပြောင်းခြင်း(သို့) အကောက်ဌာနသို့ ယူဆောင်သွားခြင်းကိုပြုလုပ်သည်ဖြစ်စေမပြုလုပ်သည်ဖြစ်စေ ကျသင့်သော အခွန်အကောက်များကို ပေးဆောင်စေရမည်။

# အခန်း (ဂ)

# ပြစ်ဒဏ်များ

## "ပုဒ်မ –၈၂"

## သစ်တောဥပဒေအရ၊နည်းဥပဒေစည်းမျဉ်းများ ချိုးဖောက်ခြင်းအတွက် ပြစ်ဒဏ်များ။

မည်သူမဆို သစ်တောအက်ဥပဒေ "ပုဒ်မ –၃၂–၊ –၃၇–၊ –၄၃–၊ သို့ –၇၅–" လက်အောက် ရှိနည်းဥပဒေများကို ချိုးဖောက်ပါက အပြစ်ပေးအရေးယူခြင်းကိုခံရမည်။

အရေးယူအပြစ်ပေးရန်အတွက် နည်းဥပဒေများနှင့်အညီ ပြစ်ဒဏ်များကို အောက်ပါအတိုင်း သတ်မှတ်သည်။

(၁) အောက်ပါနည်းဥပဒေများကို ကျူးလွန်သူများအတွက်အများဆုံးပြစ်ဒဏ်သည် ထောင်ဒဏ်(၆)လ (သို့) ဒဏ်ငွေ (၁၀၀၀၀၀)ကျပ် (သို့)နှစ်ရပ်ပေါင်း ကျခံစေရမည်။ "ပုဒ်မ–၂–၊ –၃–၊ –၄–၊ –၁၀–၊ –၁၁–၊ –၁၂–၊ –၁၅–၊ –၁၇–၊ –၁၈–၊ –၁၉–၊ –၂၀–၊ –၂၁–၊ –၂၃–၊ –၂၄–၊ –၂၅–၊ –၂၆–၊ –၂၇–၊ –၂၈–၊ –၃၃–၊ –၃၄–၊ –၃၅–၊ –၃၆–၊ –၄၀–၊ –၄၂–၊ –၄၃–၊ –၅၀–၊ –၅၁–၊ –၅၂–၊ –၅၃–၊ –၅၅–၊ –၅၆–၊ –၅၇–၊ –၅၉–၊ –၆၀–၊ –၆၁–၊ –၇၀–၊ –၇၁–၊ –၇၂–၊ –၇၃–။

(၂) "ပုဒ်မ–၈၀" (ခ)အတွက်ကျပ်(၅၀၀၀၀)ထက်မများသော ဒဏ်ငွေကိုပေးဆောင်စေရမည်။

**မှတ်ချက် ။ ။ ဗဟိုသစ်တောတာဝန်ခံမှ ထုတ်ပြန်ပေးထားသော သားရဲတိရစ္ဆာန်နှင့်ပတ်သက်သည့် အထူး အမိန့်နှင့် စပ်လျဉ်းခြင်းမရှိစေရ။**

# အခန်း (၉)

# ကတိုးသစ်ဆိပ်အတွက် လိုအပ်သောနည်းဥပဒေများ။

## “ပုဒ်မ – ၈၃”

## ဤအခန်း၏ အကျုံးဝင်မှု ။

ဤအခန်းတွင်ပါဝင်သော နည်းဥပဒေများသည် သံလွင်မြစ်တွင်ရှိသောကတိုးသစ်ဆိပ်များနှင့်သာ သက်ဆိုင်သည်။

## “ပုဒ်မ – ၈၄”

## နည်းဥပဒေ၏ အဓိပ္ပါယ်ဖော်ပြချက် ။

ဤအခန်းတွင် ခရိုင်သစ်တောတာဝန်ခံဆိုသည်မှာ ကတိုးသစ်တောဒေသတစ်ခုလုံးလက်ရှိအချိန်၌တာဝန်ကြီးကြပ်ကွပ်ကဲသော သစ်တောတာဝန်ခံဖြစ်သည်။

လက်ထောက်ခရိုင်သစ်တောတာဝန်ခံ (သစ်တောဝန်ထောက်) ဆိုသည်မှာကတိုးသစ်တောဒေသတစ်ခုအတွင်း ဒေသငယ်တချို့ကိုလက်ရှိအချိန်၌ တာဝန်ခံကြီးကြပ်ကွပ်ကဲသော သစ်တောတာဝန်ခံဖြစ်သည်။ သစ်သွင်းသူ (Importer)ဆိုသည်မှာကော်သူးလေပြည်နယ်ပြင်ပမှသစ်ကိုရယူပြီးကတိုးသစ်ဆိပ်သို့ သစ်များယူဆောင်လာသောသူဖြစ်သည်။

သစ်ထုတ်သူ (Exporter) ဆိုသည်မှာမိမိ၏အကျိုးစီးပွားအတွက်ကတိုးသစ်ဆိပ်သို့သစ်သွင်းသူမှယူဆောင်လာသော သစ်များကိုယူပြီး ထုတ်ယူသွားသောသူဖြစ်သည်။

## “ပုဒ်မ – ၈၅”

## ဂုံးတံတားများကို နံပါတ်စဉ်တပ်ပြီး ခွဲခြားထားခြင်း ။

ခရိုင်သစ်တောတာဝန်ခံသည် မိမိမှသင့်တော်သလိုထင်မြင်ယူဆချက်အပေါ် ကတိုးသစ်ဆိပ်ကိုပုံစံတကျဂုံးတံတားများကို နံပါတ်စဉ်တင်ပြီးစနစ်တကျခွဲခြားထားရမည်။ ယင်းကဲ့သို့ပြုလုပ်ထားသောပုံစံကို ကတိုးလက်ထောက်သစ်တောတာဝန်ခံ (သစ်တောဝန်ထောက်)ရုံးတွင် အများပြည်သူမြင်နိုင်သော နေရာ၌ကပ်ထားရမည်။

## “ပုဒ်မ – ၈၆”

## သစ်ဆိပ်ရှိ မြေကွက်များပိုင်ဆိုင်ခြင်းကို တားမြစ်ခြင်း ။

သစ်ဆိပ်အတွင်းရှိမြေကွက်များကိုပိုင်ဆိုင်ကြောင်းလိုင်စင်ရရှိထားသောသူမှလွဲ၍သစ်ဆိပ်အတွင်းရှိမြေကွက်များကို ပိုင်ဆိုင်ခွင့်မရှိရ။

# ပုဂ္ဂလိကဂုံးတံတား

## “ပုဒ်မ – ၈၇”

## ပုဂ္ဂလိကဂုံးတံတားအတွက် လိုင်စင်ထုတ်ပေးခြင်း။

ပုဂ္ဂလိကပိုင်ရှင်များ၊ လုပ်ငန်းပိုင်ရှင်များကို သီးသန့်ဂုံးတံတားထားရှိရန်အတွက် ခရိုင်သစ်တောတာဝန်ခံက ပြဋ္ဌာန်းထားသောပုံစံဖြင့် လိုင်စင်များကို ထုတ်ပေးနိုင်သည်။

ယင်းပုဂ္ဂလိကပိုင် သီးသန့်ဂုံးတံတားထားရှိရန်သစ်သွင်းသူနှင့်သစ်ထုတ်သူကိုသာ လိုင်စင်ပိုင်ဆိုင်ခွင့်ပေးရမည်။ ယင်းကဲ့သို့ထုတ်ပေးရာတွင် ပုဂ္ဂလိကပိုင်သီးသန့်ဂုံးတံတားထားရှိရန် လျှောက်ထားသူသည် ၄င်းထားရှိမည့်ဂုံးတံတားတွင် အလုံအလောက်သိုလှောင်ထားရှိနိုင်သော သစ်အရေအတွက်ရှိရမည်။

သစ်ထုတ်ယူရန်အတွက်လိုင်စင်ပိုင်ဆိုင်ခွင့်ရရှိရန် ထပ်မံလိုအပ်သည့်အချက်သည် ၄င်းမှဝယ်ယူသောသစ်များ (သို့)ဝယ်ယူရန်ရှိသည့်သစ်များကို ဝယ်ယူပြီးသည်နှင့်တပြိုင်နက် ၄င်း၏သစ်များကို ၄င်းနှင့်သက်ဆိုင်သော ဂုံးတံတားသို့ ချက်ချင်းပြောင်းရွှေ့ရမည်။

## “ပုဒ်မ – ၈၈”

## ဂုံးတံတားတွင် လိုင်စင်မရှိဘဲ သစ်များထားခြင်းမှ တားမြစ်ခြင်း ။

(၁) ပုဂ္ဂလိကပိုင်ဂုံးတံတားတွင်လိုင်စင်ပိုင်ရှင်နှင့် မဆိုင်သောသစ်များကိုသိုလှောင်ခြင်းမပြုရ။ သို့ရာတွင် လိုင်စင်ပိုင်ရှင်မှရောင်းလိုက်သောသစ်များကို “နည်းဥပဒေ ပုဒ်မ–၉၀”အရအများသုံးဂုံးတံတားတွင်ထားရှိသော သစ်များအတွက် ပေးရမည့်နှုန်းထားနှင့်အညီ ဂုံးတံတားကြေးကိုပေးမှသာလျှင် ယင်းဂုံးတံတားတွင်သစ်များကို ဆက်လက်ထားခွင့်ရှိသည်။

(၂) လိုင်စင်ပိုင်ရှင်သည်မိမိ၏ဂုံးတံတားမဟုတ်သောအခြားပုဂ္ဂလိက (သို့) အများသုံးဂုံးတံတားတွင် ၄င်း၏သစ်များကိုထားရှိပါက ယင်းအတွက်ဂုံးတံတားကြေးကို ပေးဆောင်ရမည်။

## “ပုဒ်မ – ၈၉”

## ပုဂ္ဂလိက ဂုံးတံတား ။

(၁) ခရိုင်သစ်တောတာဝန်ခံမှသဘောတူညီချက်ဖြင့် ဂုံးတံတားလိုင်စင်ပိုင်ရှင်မှ ခန့်ထားသည့် မှတ်ပုံတင်အစောင့်တစ်ဦးကို ပုဂ္ဂလိကဂုံးတံတားတစ်ခုစီအား စောင့်ရှောက်ရန်ထားရှိရမည်။

(၂) ဂုံးတံတားလိုင်စင်ပိုင်ရှင်သည် ယင်းဂုံးတံတားတွင်မိမိနှင့်ဆိုင်သော သစ်များကိုသစ်ဆိပ်အတွင်းရှိ အခြားဂုံးတံတားများအတွက် အနှောင့်အယှက်မဖြစ်ရန် စနစ်တကျထားရှိရမည်။

(၃) ပုဂ္ဂလိကဂုံးတံတားတခုစီတွင်ခရိုင် သစ်တောတာဝန်ခံမှပြဋ္ဌာန်းထားသည့် ပုံစံနှင့်အညီမှတ်ပုံတင်စာရင်းစာအုပ်တစ်ခုစီကိုထားရှိရမည်။ ယင်းမှတ်ပုံတင်စာရင်းစာအုပ်တွင်နေ့စဉ်ဂုံးတံတား၏ သစ်အဝင်အထွက်စာရင်းကို မှတ်သားရမည်။ ယင်းမှတ်ပုံတင်စာရင်းစာအုပ်ကိုစစ်ဆေးရန်အတွက် ခရိုင်သစ်တောတာဝန်ခံသို့လက်ထောက်ခရိုင်သစ်တောတာဝန် (သစ်တောဝန်ထောက်) မှတောင်းဆိုပါကထုတ်ပေးရမည်။

# အများသုံးဂိုးတံတား

## "ပုဒ်မ – ၉၀"

## အများသုံးဂိုးတံတားအတွက် အခွန် ။

ပုဂ္ဂလိကဂိုးတံတားအဖြစ် လိုင်စင်ပေးခြင်းမပြုသော ဂိုးတံတားများကို အများသုံးဂိုးတံတားများအဖြစ်ထား ရှိမည်။ ယင်းဂိုးတံတားများတွင် သစ်သွင်းသူနှင့်သစ်ထုတ်သူများက ခရိုင်သစ်တောတာဝန်ခံ၏ သတ်မှတ်ထားသော နည်းလမ်းအတိုင်း ၎င်း၏သစ်များကို လွတ်လပ်စွာထားရှိနိုင်သည်။ ကျသင့်သောအခွန်ပေးဆောင်ရမည်။

## "ပုဒ်မ – ၉၁"

## အများသုံးဂိုးတံတားတွင် သစ်များထားရှိခြင်းနှင့် စောင့်ကြပ်သူ ။

(၁) အများသုံး ဂိုးတံတားတစ်ခုစီတွင် ခရိုင်သစ်တောတာဝန်ခံကခန့်ထားပြီးကြီးကြပ်သော မှတ်ပုံတင်အစောင့်တစ်ဦးစီက တာဝန်ယူစောင့်ရှောက်ရမည်။

(၂) ယင်းမှတ်ပုံတင်ထားသောအစောင့်သည် အများသုံးဂိုးတံတားတခုစီတွင်ပြဋ္ဌာန်းထားသော ပုံစံရှိသည့်မှတ်ပုံတင်စာရင်းစာအုပ်တအုပ်ကိုထားရှိပြီးယင်းဂိုးတံတားတခုစီအတွက်ထားရှိသော သစ်များ၏အဝင်အထွက်စာရင်းနှင့် အကြောင်းအရာများကို ရေးမှတ်ရမည်။

(၃) အများသုံးဂိုးတံတားများတွင် သစ်ပိုင်ရှင်များသည် ၎င်းတို့၏သစ်များကို လက်ထောက်ခရိုင်သစ်တော တာဝန်ခံ (သစ်တောဝန်ထောက်)၏ညွှန်ကြားချက်အတိုင်း စနစ်တကျယူဆောင်ထားရှိရမည်။

# သွင်းလာသော သစ်များအတွက်လုပ်နည်းလုပ်ဟန်။

## "ပုဒ်မ – ၉၂"

## သစ်အဝင်အထွက် မှတ်ပုံတင်ခြင်း ။

(၁) သစ်ဆိပ်၏အထက်ပိုင်းနေရာတွင်ကင်းစောင့်ကိုထားရှိမည်။ ယင်းကင်းစောင့်တွင် မှတ်ပုံတင်စာအုပ်(၁) အုပ်ကိုထားရှိမည်ဖြစ်ပြီး သစ်ဆိပ်သို့ဝင်ရောက်လာသောဖောင်တစ်ခုစီတွင်ပါရှိသည့် သစ်လုံးအရေအတွက်ကိုရေးသွင်းမှတ်သားရမည်။

(၂) ကင်းစောင့်များ၏တာဝန်သည် သစ်ဆိပ်သို့ဝင်ရောက်လာသောသစ်လုံး(သို့)သစ်ပိုင်းအားလုံးတစ်ခုစီကို ရေတွက်ခြင်းနှင့် နည်းဥပဒေ – ၆၀ အရ၊ စုဆောင်းလိုင်စင်များကို ထုတ်ပြရန်တောင်းခံခြင်းများပြုလုပ်ရမည်။

## "ပုဒ်မ – ၉၃"

## ဂိုးတံတားသို့ရောက်ရှိလာမည့် သစ်များ ။

(၁) သံလွင်မြစ်အတိုင်းယူဆောင်လာသော သစ်များသည်သစ်ဆိပ်များကိုရောက်ရှိသောအခါလက်ထောက်ခရိုင်

သစ်တောတာဝန်ခံ(သစ်တောဝန်ထောက်)၏ ကြီးကြပ်မှုအောက်တွင်ရှိနေရမည်ဖြစ်ပြီး ယင်းသစ်များကို တစ်ခါတည်းဂိုးတံတားကိုယူဆောင်သွားကာ ယင်းဂိုးတံတားတွင် တာဝန်ကျသောမှတ်ပုံတင်အစောင့်ထံသို့ ပေးအပ်ရမည်။

(၂) ယင်းဂိုးတံတားတွင်တာဝန်ကျသော အစောင့်သည်သစ်များကိုလက်ခံရရှိလျှင် ယင်းသစ်များနှင့်ပတ်သက်သည့်အကြောင်းအရာများကို သစ်အဝင်အထွက်မှတ်ပုံတင်စာရင်းစာအုပ်တွင် နည်းဥပဒေ–၈၉(သို့)၉၁အရ၊ စာရင်းရေးသွင်းပြီး ယင်းအတွက်ပြဋ္ဌာန်းထားသောပုံစံဖြင့်ဖြတ်ပိုင်း (၃)စောင်ရေးကာ(၁)စောင်ကိုယူထား၍ ဒုတိယအစောင်ကို လက်ထောက်ခရိုင်သစ်တောတာဝန်ခံ (သစ်တောဝန်ထောက်ထံ) ပေးပို့ပြီးတတိယအစောင်ကို သစ်များလာရောက် အပ်နှံသူအားပေးရမည်။

## "ပုဒ်မ – ၉၄"

## သစ်ခိုးစသည်တို့ စစ်ဆေးရန်အတွက် လုပ်ဆောင်နည်း။

(၁) ကတိုးသစ်ဆိပ်သို့ရောက်ရှိသောသစ်များကို ဆိုင်ရာတာဝန်ရှိသူတစ်ဦးဦးက စစ်ဆေးကြည့်ရှုပြုရာမှ ယင်းသစ်များအနက်ခိုးသစ်(သို့)လွန်ကဲစွာမှတ်သားထားသောသစ်(သို့)တစ်နည်းနည်းဖြင့် တရားနည်းလမ်းအတိုင်းရယူခြင်းမရှိသော သစ်များပါရှိသည်ဟုမယုံသင်္ကာဖွယ်ရာအထောက်အထားများတွေ့ရှိပါက ယင်းကိစ္စနှင့်ပတ်သက်၍ သက်ဆိုင်ရာ လက်ထောက်ခရိုင်သစ်တောတာဝန်ခံ (သစ်တောဝန်ထောက်)(သို့) ၎င်း၏ရုံးအုပ်ထံသို့ ချက်ချင်း အကြောင်းကြားအစီရင်ခံရမည်။

လက်ထောက်ခရိုင်သစ်တောတာဝန်ခံ(သစ်တောဝန်ထောက်)သည်အထက်ပါကိစ္စနှင့် ပတ်သက်ပြီး သတင်းရရှိသည်နှင့်တပြိုင်နက် ၎င်း၏ယူဆချက်ဖြင့်လိုအပ်သောအရေးယူစုံစမ်းခြင်းပြုလုပ်ရမည်။ ယင်းကဲ့သို့ အရေးယူဆောင်ရွက်ရာမှမယုံသင်္ကာဖွယ်ရာရှိကြောင်း ခိုင်လုံစွာတွေ့ရှိပါက ယင်းသစ်များကိုဆက်လက် စုံစမ်းစစ်ဆေးရန်အတွက်ဖွဲ့ထားသောဖောင်မှ ဖြုတ်ယူပြီးကုန်းပေါ်သို့ဆွဲတင်စေရမည်။

(၂) အထက်ပါကိစ္စအတွက် စုံစမ်းစစ်ဆေးရာတွင် ကုန်ကျသည့်စရိတ်များကို သစ်သွင်းသူကခံရမည်။

## "ပုဒ်မ – ၉၅"

## ဂိုးတံတားသို့သစ်ရောက်ရှိကြောင်း (၇)ရက်အတွင်း သတင်းပို့ရန် ။

သစ်သွင်းသူ(သို့) ၎င်း၏ကိုယ်စားလှယ်သည် ဂိုးတံတားအစောင့်ထံသို့သစ်များအပ်နှံပြီး(၇)ရက်အတွင်း ပြဋ္ဌာန်းထားသောပုံစံဖြင့် ယင်းသစ်များရောက်ရှိကြောင်းအကြောင်းအရာအစုံအလင်ကိုရေးသားပြီးသက်ဆိုင်ရာ လက်ထောက်ခရိုင်သစ်တောတာဝန်ခံ(သစ်တောဝန်ထောက်)သို့သတင်းပို့ရမည်။ ယင်းအကြောင်းကြားစာနှင့်အတူ ဂိုးတံတားစောင့်မှ နည်းဥပဒေ – ၉၃ အရ၊ ပေးထားသောသစ်အပ်နှံဖြတ်ပိုင်းကို ပူးတွဲပေးပို့ရမည်။

## "ပုဒ်မ – ၉၆"

## သစ်များရောက်ရှိကြောင်း သတင်းပို့သည့်အကြောင်းအရာကို မှတ်ပုံတင်ခြင်း ။

(၁) သစ်ရောက်ရှိကြောင်းသတင်းပို့သည့် ကိစ္စကိုရေးမှတ်သည့်ပြဋ္ဌာန်းထားသောပုံစံရှိသည့် မှတ်ပုံတင်စာအုပ်ကို

ကတိုး သစ်တောရုံးတွင်ထားရှိမည်ဖြစ်ပြီး ယင်းမှတ်ပုံတင်စာအုပ်ထဲတွင်သစ်ပိုင်း(သို့)သစ်လုံးတစ်လုံးစီအတွက် နံပါတ် အစဉ်အလိုက်တစ်နှစ်အတွက် ရေးမှတ်ရမည်။ယင်းရေးသွင်းမှတ်သားခြင်းများကို သစ်ရောက်ရှိကြောင်း သတင်းပို့စာရောက်ရှိတိုင်းချက်ချင်းပြုလုပ်ရမည်။

(၂) သတင်းပို့လာသည့်သစ်လုံး(သို့)သစ်ပိုင်းတစ်ခုစီအတွက် လက်ထောက်ခရိုင်သစ်တောဌာနတာဝန်ခံ(သစ်တောဝန်ထောက်)၏ ညွှန်ကြားချက်နှင့်အညီ သစ်များရောက်ရှိကြောင်း သတင်းပို့စာတွင်ပါရှိသည့်သစ်များကို ရက်စွဲနှင့်အရေအတွက်တို့ကို ထင်ရှားစွာခွဲခြားသိရှိနိုင်ရန်ရေးမှတ်ရမည်။

(၃) ယင်းသစ်များနှင့်ပတ်သက်ပြီးလိုအပ်သလို လက်ထောက်ခရိုင်သစ်တောဌာနတာဝန်ခံ(သစ်တောဝန်ထောက်)မှ အများသိရှိရန်အတွက်နို့တစ်စာကို ထုတ်ပြန်ကြေငြာမည်။

ယင်းသစ်များနှင့်ပတ်သက်ပြီးတောင်းဆိုမှုများရှိပါက နို့တစ်စာကပ်ထားပြီး(၃၀)ရက်အတွင်း ခရိုင်သစ်တောရုံးတွင်လျှောက်ထားရမည်။ ဤကဲ့သို့ဆောင်ရွက်ရန်အတွက်လည်းသစ်များရောက်ရှိကြောင်း သတင်းကိုစာဖြင့် ခရိုင်သစ်တောတာဝန်ခံရုံးသို့ပေးပို့ရမည်။

ခရိုင်သစ်တောတာဝန်ခံသည် တစ်ဦးဦး၏လျှောက်ထားချက်အရ စုံစမ်းပြီးသည့်နောက်လိုအပ်ကြောင်း ထင်မြင်ယူဆပါက ဆက်လက်စစ်ဆေးနိုင်ရန်အတွက် သတင်းပို့ခြင်းနှင့် နို့တစ်စာတွင်ပါရှိသည့် ရက်အကန့်အသတ်ကို တိုးချဲ့နိုင်သည်။

## “ပုဒ်မ – ၉၇”

## သစ်တင်သွင်းသူအတွက် တိုင်စာထုတ်ပေးခြင်း ။

(၁) သစ်ရောက်ရှိကြောင်းသတင်းပို့စာရောက်ရှိပြီး(၇)ရက် အချိန်ကုန်ဆုံးသွားပြီးနောက် ခရိုင်သစ်တောတာဝန်ခံ (သို့) လက်ထောက်ခရိုင်သစ်တောတာဝန်ခံ (သစ်တောဝန်ထောက်)သည် ပြဋ္ဌာန်းထားသောပုံစံဖြင့် လျှောက်ထားချက်အရ၊ သစ်သွင်းသူထံသို့ ဝရမ်း (သို့) တိုင်စာကိုထုတ်ပေးရမည်။

အကယ်၍ ဤအမှုကိုစီရင်ပိုင်ခွင့်ရှိသော တရားရုံးတော်မှသစ်သွင်းသူထံသို့ ယင်းဝရမ်း(သို့)တိုင်စာထုတ်ပေးခြင်းကိုတားမြစ်သောအမိန့်ရောက်ရှိ၍သော်လည်းကောင်း၊(သို့)ခရိုင်သစ်တောတာဝန်ခံမှအထူးကိစ္စရှိသည့်အတွက်ယင်းတိုင်စာ (သို့)ဝရမ်းထုတ်ပေးရေးကို ရွှေ့ဆိုင်းရန်ညွှန်ကြား၍သော်လည်းကောင်း၊ ယင်းတိုင်စာ(သို့) ဝရမ်းကို ကတိုးသစ်တောရုံးမှ သစ်သွင်းသူထံသို့ပေးသွင်းခြင်းမပြုရ ။

(၂) ဝရမ်း(သို့)တိုင်စာကိုထုတ်ပေးပါက၊ ဤကိစ္စနှင့်ပတ်သက်ပြီး သစ်ရောက်ရှိကြောင်းရေးမှတ်ပြီး မှတ်ပုံတင်စာအုပ်တွင် ရေးသွင်းမှတ်သားရမည်။

ဝရမ်း(သို့)တိုင်စာကိုထုတ်ပေးပြီးနောက် ခရိုင်သစ်တောတာဝန်ခံ(သို့) လက်ထောက်ခရိုင်သစ်တောတာဝန်ခံ (သစ်တောဝန်ထောက်) သည်သစ်ရောက်ရှိကြောင်းရေးမှတ်သည့်မှတ်ပုံတင်စာအုပ်တွင် သတ်မှတ်ထားသော အကွက်၌ ရေးမှတ်ရမည်။

## “ပုဒ်မ – ၉၈”

## အခွန်ပေးဆောင်ပြီး တိုင်စာကိုပြန်လည်ရုပ်သိမ်းခြင်း ။

(၁) တိုင်စာထုတ်ပေးပြီးနောက်ပိုင်း၌ ဂုံးတံတားကြေးများမတော်တဆကြေးများနှင့် အစိုးရထံပေးရန်ရှိသော အခြား

ကြေးအားလုံးကိုပေးဆောင်ပြီးပါက၊ ယင်းတိုင်စာနှင့်တကွသစ်များရွှေ့ပြောင်းရန်အတွက် လက်မှတ်ရရှိရန် လျှောက်လွှာကို ကတိုးလက်ထောက်ခရိုင်သစ်တောတာန်ခံ (သစ်တောဝန် ထောက်) (သို့) ၄င်းမရှိပါက ၄င်း၏ ရုံးအုပ်ထံသို့ ပေးရမည်။

(၂) ယင်းဖယ်ရှားရန်လက်မှတ်သည် နည်းဥပဒေ – ၄၄ အရ ပြဌာန်းထားသောပုံစံဖြင့် မူသုံးချပြုလုပ်ပြီး ယင်းထဲ ၌ရွှေ့ပြောင်းသည့် သစ်လုံးအရေအတွက်အတိအကျဖော်ပြရမည်။ ယင်းလက်မှတ်မူရင်းနှင့်ဒုတိယမူရင်းကို လျှောက် ထားသူထံသို့ ပေးအပ်ရမည်။

(၃) ဝရမ်း(သို့) တိုင်စာနှင့်ရုပ်သိမ်းရန်လက်မှတ်အား သစ်များကိုလွှတ်ရန်တာဝန်ရှိသော သစ်တောမှူးထံသို့ ပေးအပ်ရမည်။ လွှတ်ရန်ခွင့်ပြုပြီးသည့်သစ်လုံး(သို့)သစ်ပိုင်းတိုင်းတွင် လက်ထောက်ခရိုင်သစ်တောတာဝန်ခံ (သစ်တောဝန် ထောက်)၏ အမိန့်ဖြင့်ပေးဆောင်ပြီးဟုတံဆိပ်မှတ်သား ရိုက်နိုင်ရမည်။ ဝရမ်း(သို့)တိုင်စာအရ ခွင့်ပြုထားသောသစ်အားလုံးကိုမှတ်ထားပြီးနောက် ယင်းဝရမ်း(သို့)တိုင်စာကို ဖျက်သိမ်းပြီးဟုရေးမှတ် ကာသစ်တောရုံးတွင် သိမ်း ဆည်းထားရမည်။

## "ပုဒ်မ – ၉၉"

## ရိုးရိုးသစ်များအတွက် ကျင့်ထုံး ။

ကတိုးသစ်ဆိပ်သို့ အစိုးရသစ်ကိုစုဆောင်းသူနှင့်သစ်သွင်းသူမှအပ၊ ကျန်ပုဂ္ဂိုလ်များ မျှောချသောရိုးရိုးမျှော သစ်များအတွက်အများသိရှိရန်နို့တစ်စာကိုထုတ်ပေးမည်ဖြစ်ပြီး ယင်းထိုနည်းဥပဒေ – ၆၆ အရထုတ်ပြန် ကြေငြာမည်။

ယင်းသစ်များအား တောင်းဆိုသူကိုမှန်ကန်ကြောင်းတွေ့ရှိပါက ယင်းတောင်းဆိုသူသည်သစ်များရောက်ရှိ ကြောင်းသတင်းပို့စာကို ပေးအပ်ရမည်ဖြစ်ပြီး နည်းဥပဒေ –၈၉၊ ၉၀နှင့် ၉၁ တွင်ပါရှိသည့်အတိုင်း ဤကိစ္စကို ဆက်လက်ဆောင်ရွက်သွားရမည်။

သို့ရာတွင်ဤကိစ္စနှင့်ပတ်သက်ပြီး ထပ်မံ၍ နည်းဥပဒေ–၈၉ အပိုဒ်(၃)အရ နို့တစ်စာကိုထပ်မံ ထုတ်ပေးရန် မလိုပေ။

## "ပုဒ်မ – ၁၀၀"

## အတားအဆီးပြုလုပ်ခြင်းအတွက် တားမြစ်ခြင်း ။

မည်သူတစ်ဦးတစ်ယောက်မျှ သစ်များသယ်ဆောင်ရေးတွင်အတားအဆီးဖြစ်စေသည့်ရေကြောင်းပိတ်ဆို့ ခြင်း မျိုး(သို့)အတားအဆီးပြုလုပ်ခြင်းမျိုး စသည်တို့ကိုမပြုလုပ်ရ။

## "ပုဒ်မ – ၁၀၁"

## ကတိုးသစ်ဆိပ်မှ ညအချိန်သစ်များရွှေ့ပြောင်းခြင်းမှ တားမြစ်ခြင်း ။

လက်ထောက်ခရိုင်သစ်တောတာဝန်ခံ (သစ်တောဝန်ထောက်)၏ စာဖြင့်ရေးသားခွင့်ပြုချက်မှအပ

ညအချိန်တွင်သစ်များကိုရွှေ့ပြောင်းခြင်းမပြုရ။ မည်သူတစ်ဦးတစ်ယောက်မျှ သစ်များရွှေ့ပြောင်းခြင်းမပြုရ။ မည်သူတစ်ဦးတစ် ယောက်မျှသစ်များရွှေ့ပြောင်းခွင့်လက်မှတ်မပါဘဲ သစ်ဆိပ်တွင်ရှိသောမည်သည့်သစ်မျိုးကိုမဆို ရွှေ့ပြောင်းခြင်း(သို့) ရွှေ့ပြောင်းရန်ကြိုးစားခြင်း အလျဉ်းမပြုလုပ်ရ။

## "ပုဒ်မ – ၁၀၂"

## ကိုယ်စားလှယ်အတွက် မှတ်ပုံတင်ခြင်း ။

ကတိုးသစ်ဆိပ်၌ လုပ်ငန်းကိစ္စများကို ဆောင်ရွက်ရန်ကိုယ်စားလှယ်ထားရှိလိုသောပုဂ္ဂိုလ်များသည် ၄င်း၏ တရားဝင်ကိုယ်စားလှယ်ထားရှိရေးအတွက် ခရိုင်သစ်တောတာဝန်ခံထံ မှတ်ပုံတင်ကြရမည်။

## နောက်ဆက်တွဲ(၁)

## (Reverved Trees) တားမြစ်ရာပါသစ်ပင်များ။

ကော်သူးလေပြည်အတွင်းရှိ အောက်ပါသစ်ပင်များသည်နည်းဥပဒေ "ပုဒ်မ–၁၃"အရတားမြစ်ထားသော သစ်ပင်များဖြစ်သည်။

| | | |
|---|---|---|
| သစ်ခါး | ပျဉ်းကတိုး | မှန်ဘင်း |
| ရှစ်ခါး | ရှား | ပျဉ်းမ |
| ကရှစ် | ပိတောက် | ကမောင်း |
| သစ်ရို | ကညင် | ကောင်းမှု |
| သဃ်န်း | ကရဝေး | အင် |
| အင်ကြင်း | သစ်ယာ | |

## နောက်ဆက်တွဲ (၂)

## နည်းဥပဒေပုဒ်မ–၃၂–အရ၊ကြိုးပြင်တွင်ထုတ်လုပ်သည့်သစ်တောထွက်ပစ္စည်းများ၏ နှုန်းထားများ

### က။ သစ်အတွက်အမြင့်ဆုံး နှုန်းထား ။

| အမှတ်စဉ် | | အမျိုးအမည် | အတန်းအစား | အမြင့်ဆုံးနှုန်းထား |
|---|---|---|---|---|
| ၁။ | (က) | ကျွန်း | ခါးလည်လုံးပတ် –၃ပေအောက် မပြောင်းလဲရသေးသောသစ် | တတန်လျှင် –၂၀ |
| | (ခ) | ကျွန်း | ခါးလည်လုံးပတ်–၃ပေ မှ ၃ပေ ၁၁ လက်မထိမပြောင်းလဲရသေးသောသစ် | တတန်လျှင် – ၃၀ |
| | (ဂ) | ကျွန်း | ခါးလည်လုံးပတ်–၄ပေ မှ ၄ပေ ၁၁ လက်မထိမပြောင်းလဲရသေးသောသစ် | တတန်လျှင် – ၄၀ |
| | (ဃ) | ကျွန်း | ခါးလည်လုံးပတ်–၅ပေ မှ ၅ပေ ၁၁ လက်မထိမပြောင်းလဲရသေးသောသစ် | တတန်လျှင် – ၅၀ |
| | (င) | ကျွန်း | ခါးလည်လုံးပတ်–၆ပေ မှ ၇ပေ ၁၁ လက်မထိမပြောင်းလဲရသေးသောသစ် | တတန်လျှင် – ၆၀ |
| | (စ) | ကျွန်း | ခါးလည်လုံးပတ်– ၈ပေ အထက် မ ပြောင်းလဲရသေးသောသစ် | တတန်လျှင် – ၇၀ |
| ၂။ | (က) | ပိတောက်၊ပျဉ်းကတိုး၊ကုက္ကို၊ ရှား၊ သင်ဃန်း၊သစ်ကတိုး | မပြောင်းလဲရသေးသည့် သစ်တိုင်များ | တတန်လျှင် – ၂၀ |
| | (ခ) | ပိတောက်၊ပျဉ်းကတိုး၊ကုက္ကို၊ သစ်ကတိုး၊ရှား၊ သင်ဃန်း | သစ်လုံးများ | တတန်လျှင် – ၃၅ |
| ၃။ | (က) | အင်၊သစ်ရာ၊အင်ကြင်း၊ကညင်၊ သဒိနော၊ရေမနေ၊ ပျဉ်းမ | မပြောင်းလဲရသေးသည့် သစ်လုံးများ | တတန်လျှင် –၂၀ |
| | (ခ) | အင်၊သစ်ယာ၊အင်ကြင်း၊က ညင်၊သဒိနော၊ရေမနေ၊ ပျဉ်းမ | တိုင်များ | တတန်လျှင် – ၃ |
| | (ဂ) | အင်၊သစ်ရာ၊အင်ကြင်း၊ကညင်၊ သဒိနော၊ရေမနေ၊ ပျဉ်းမ | ပို့များ | အလုံး၁၀၀လျှင်–၂၀ |
| | (ဃ) | အင်၊သစ်ရာ၊အင်ကြင်း၊ကညင်၊ သဒိနော၊ရေမနေ၊ ပျဉ်းမ | လှော်တက်၊လှော်တန်များ | တချောင်းလျှင် – ၁ |
| ၄။ | (က) | ကျွန်းသစ်မှ အပ အခြားသစ် များ | သစ်လုံးများ | တတန်လျှင် – ၁၀ |
| | (ခ) | ကျွန်းသစ်မှ အပ အခြားသစ် များ | တိုင်များ | တတိုင်လျှင် – ၁ |
| | (ဂ) | ကျွန်းသစ်မှ အပ အခြားသစ် များ | ပို့များ | အလုံး၁၀၀လျှင် –၁၀ |
| | (ဃ) | ကျွန်းသစ်မှ အပ အခြားသစ် များ | လှော်တက်၊ လှော်တန် | တချောင်းလျှင် – ၅ |

### (ခ) ဝါးများအတွက် အမြင့်ဆုံးနှုန်းထား ။

အမျိုးမျိုးသော ဝါးများအတွက်အချောင်း (၁၀၀ ) လျှင် – ၂

### ဂ။ ကြိမ်များအတွက် အမြင့်ဆုံးနှုန်းထား

| အမှတ်စဉ် | အမျိုးအမည် | အတန်းအစား | အမြင့်ဆုံးနှုန်းထား |
|---|---|---|---|
| (က) ၁။ | ကြိမ်ကြီးများ | အလျား ၇၅ ပေ အထက်ရှိ ကြိမ်များ | တချောင်းလျှင် – ၁ |
| ၂။ | ကြိမ်ကြီးများ | အလျား ၇၅ ပေနှင့် ၂၅ ပေ အကြားရှိကြိမ် | အချောင်း ၁၀၀ – ၁၅ |
| ၃။ | ကြိမ်ကြီးများ | အလျား ၂၅ ပေအောက်ရှိ ကြိမ်များ | အချောင်း ၁၀၀ – ၅ |
| (ခ) | ကြိမ်သေးများ | အချင်းလက်မဝက်ထက်ငယ်သော ကြိမ်ကလေးများ | အချောင်း ၁၀၀ – ၃ |

## နောက်ဆက်တွဲ (၃)
## သစ်တောနည်းဥပဒေပုဒ်မ –၃၉–အရ၊ သစ်တောအခွန်တော်အကောက်ဌာနများ

| သစ်တောခရိုင် အမည် | အခွန်အကောက်ဌာန | ခရိုင် |
|---|---|---|
| ဟသ်ာတ၊ ပုသိမ် | ကျောက်ချောင်းကြီး၊ ကြိမ်တလည်ကွမ်းခြံ (ပုသိမ်မြောက်) မဒ(ပုသိမ် တောင်) တောကလေး၊ ကမ်းနီ၊ မကျည်းပင်၊ | ပုသိမ် |
| ဟသ်ာတ၊ ပုသိမ် | ဟသ်ာတ၊ လေးမျက်နှာ၊ မြနေခင် | ဟသ်ာတ |
| မြစ်ဝကျွန်းပေါ် | မအူပင် | မအူပင် |
| ॥ | လှိုင်းဘုံး၊ကန်ရွာ၊ကန်ဘဲ့၊ကျုံမငေး၊ကျုံမဒိုက်၊ကျုံးကြီး၊လပွတ္တာ၊ မော်လမြိုင်ကျွန်း၊မြောင်းမြ၊အုန်းပင်၊ရေကျော်၊အောက်ရေကျော်၊ ဝက်ကြီး၊ | မြောင်းမြ |
| ॥ | ဘိုကလေး၊ ဖျာပုံ | ဖျာပုံ |
| ပြည် | တရုပ်မော်၊ မီးရထားဘူတာရှိသော မြို့အားလုံး | ပြည် |
| အင်းစိန် | မီးရထားဘူတာရှိသောမြို့အားလုံး၊တွံတေး၊ကော့မှူး၊ကွမ်းခြံကုန်း၊ လှည်းကူး | ဟံသာဝတီနှင့် အင်းစိန် |
| အတ္တရံ | မြိတ်၊ ရေး၊ ကလောကလေး၊ ခင်ပရာ၊ ချောင်းနှစ်ခွ | မြိတ်၊ ကျိုက္ခမီ |
| သောင်ရင်း | ကော့ကရိတ်၊ မြဝတီ၊ ရွှေဂွန်း၊ လှိုင်းဘွဲ | ဒူးပလာယာနှင့်ဘားအံ |
| ထားဝယ် | ဆင်ဆိပ်၊ ကျက်ဇပြင်၊ ပေါက်တိုင်တံတား | ထားဝယ် |
| ကဒိုး | ကဒိုး၊ တတ်ခေါ၊ မော်လမြိုင်၊ တောင်မီးရထားဘူတာရုံ | ဘားအံ |
| ပျဉ်းမနား | မီးရထားဘူတာရုံရှိသော မြို့အားလုံး | ရမည်းသင်း |
| တောင်ငူမြောက် | မီးရထားဘူတာရုံရှိသော မြို့အားလုံးနှင့် တောင်ငူ သစ်မျှောဆိပ် | တောင်ငူ |
| တောင်ငူတောင် | မီးရထားဘူတာရုံရှိသော မြို့အားလုံး ကျောက်ကြီးမြို့ | ညောင်လေးပင် |
| ပဲခူးမြောက် | မဒေါက်ကလေး၊ ရွှေကျင်၊ မုပ္ပလင်၊ မြစ်ဆိပ် | တောင်ငူ |
| ပဲခူးတောင် | မီးရထားဘူတာရုံရှိသော မြို့အားလုံးဗန်းပေ၊ ဒတံတား၊ ထန်းတော်ကြီး၊ မြစ်ကျိုး၊ သာဖြူ | ပဲခူး |
| သထုံ | ကရွဲ၊ ဘီးလင်းမီးရထားဘူတာရုံရှိ မြို့အားလုံး | သထုံ |
| ဇီးကုန်း | မီးရထားဘူတာရုံရှိသော မြို့အားလုံး | သာယာဝတီ |
| သာယာဝတီ | ဆန်ရွယ်၊ မီးရထားဘူတာရုံရှိသော မြို့အားလုံး | သာယာဝတီ |
| အထူးဌာနများ | အလုံ၊ ပုဇွန်တောင်–<br>ညောင်ပိုင်း–<br>ညောင်တုံး– | ရန်ကုန်<br>အင်းစိန်<br>မအူပင် |